


မန်းမုဖန်း
ကရင်လူမျိုးနှင့်ဘာသာရေး
(ကန့်သတ်)

၆၀၈/

မန်းမုဖန်း




# ကရင်လူမျိုးနှင့် ဘာသာရေး

## မာတိကာ


| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်းစကား | |
| ၁။ | ကရင်လူမျိုးနှင့် ဘာသာရေး | ၁ |
| ၂။ | ဘာသာတရားကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိသည် | ၂၅ |
| ၃။ | ဘာသာတရားနှင့် လက်ခံကျင့်သုံးသူ | ၄၀ |
| ၄။ | လူမျိုးကိုဖျောက်၍ ဘာသာဖြင့် အရောင်မဆိုးသင့် | ၇၆ |
| ၅။ | ဘာသာဖြင့် လူမျိုးကို မဖျက်ရ | ၈၁ |
| ၆။ | ဘာသာဖြင့် လူမျိုးကို မွှမ်းမံခြယ်သပါ | ၈၅ |
| ၇။ | အမျိုးသားရေးအမြင် | ၈၇ |
| ၈။ | ကရင်လူမျိုး ရိုးသလား | ၉၇ |
| ၉။ | မွတ်ထိတ် ဖထိတ် | ၁၃၀ |
| ၁၀။ | တစ်မျိုးသားလုံး တိုးတက်ရေး | ၁၃၇ |
| ၁၁။ | ဘာသာတရားအင်အားအစစ် | ၁၄၆ |
| ၁၂။ | ဘာသာတရားနှင့် ယဥ်ကျေးမှု | ၁၅၄ |
| ၁၃။ | ပညာအရေး အားပေးကြ | ၁၅၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၄။ | ဝိဇ္ဇာ နှင့် သိပ္ပံ | ၁၆ |
| ၁၅။ | ညီညွတ်ရေးကို ရှေးရှုသော ဘာသာရေး သုံးသပ်ရပ်တည်ချက်များ | ၁၇ |
| ၁၆။ | ကရင်တစ်မျိုးသားလုံး လိုက်နာကျင့်သုံးရန် စည်းကမ်း | ၁၇ |



# နိဒါန်းစကား

မြန်မာနိုင်ငံသမိုင်းတစ်လျှောက်တွင် ထင်ရှားသော လူမျိုးများကို ဖော်ပြပါဆိုလျှင် ကရင်လူမျိုးကို ချန်ထား၍ မရပါ။ ယနေ့အထိလည်း ထင်ရှားသော လူမျိုးတစ်မျိုးအဖြစ် တည်ရှိနေဆဲ ဖြစ်ပါသည်။ လူမျိုးတစ်မျိုးအဖြစ် နှစ်ပေါင်း ထောင်သောင်းချီ ရပ်တည်နိုင်ခဲ့သည်မှာ ကရင်အမျိုးသားများ အနေဖြင့် အားရဂုဏ်ယူထိုက်သော အချက်တစ်ချက် ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်၌ ပျောက်ကွယ်သွားကြသော လူမျိုးများစွာ ရှိသကဲ့သို့ အမည်သစ်ဖြင့် နေရာယူထပ်တိုးလာသော လူမျိုးများစွာလည်း ရှိလာကြပါသည်။

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့ ငုတ်လျှိုးသွားခြင်း ပြန်လည်ထင်ရှားလာခြင်း၊ လုံးဝကွယ်ပျောက်သွားခြင်း၊ အမျိုးအမည်အသစ်ဖြင့် ထပ်တိုးဖြစ်ပေါ်လာခြင်းတို့သည် လူမျိုးကိုမှီ၍ ဖြစ်ပေါ်နေသော အခြေအနေများပင်ဖြစ်သည်။ ထိုအခြေအနေများတွင် ကရင်လူမျိုးသည် ဘယ်အခြေအနေမှာ ရောက်ရှိနေသည် မည်သည့်အခြေအနေသို့ ဦးတည်သွားနေသည်တို့ကို ခန့်မှန်းတွက်ဆဖို့ လိုအပ်လာပါသည်။

ထိုသို့ ခန့်မှန်းတွက်ဆရာ၌ ကရင်လူမျိုးတို့၏ ပစ္စက္ခ
အခြေအနေများကို အဓိကထား လေ့လာကြရမည် ဖြစ်ပါ
သည်။ ကရင်လူမျိုးအတွင်း ဖြစ်ပေါ်တိုးတက်မှု, ဆုတ်ယုတ်
ကျဆင်းမှုများကို မိမိနိုင်နင်းသော ရှုထောင့်မှ ကြည့်ရှုသုံးသပ်
ကြရပါမည်။ လေ့လာအကဲခတ်ရပါမည်။ ရရှိသောအဖြေ
သည် လူမျိုးအတွက် အားတက်ကျေနပ်စရာရှိလျှင် အထူး
ပြောဆိုတင်ပြရန်မလိုပါ။ အားတက်ကျေနပ်စရာမရှိပါက
လိုအပ်သော ပြောဆိုတင်ပြမှုများကို မဖြစ်မနေပြုလုပ်ကြ
ရမည် ဖြစ်ပါသည်။

ငှက်မုဆိုး၏ ထောင်ချောက်အတွင်းမှ ချိုး, ခါ တို့၏
တွန်ကျူးသံကို ကြားရသော ချိုး, ခါ ငှက်များသည် အမျိုး
အသံကိုကြားရ၍ ဝိုင်းအုံလာသည်ကို ငှက်မုဆိုးက မိုက်မဲသော
ငှက်များဟု ထင်မှတ်ထားသော်လည်း ငှက်များဖက်က ကြည့်
လျှင် အမျိုးအတွက် အသက်ပေးသူများအဖြစ် အခိုင်အမာ
ခံယူခွင့် ရှိပါသည်။ ဤနေရာ၌ ဘာသာစကား၏ အင်အား
သတ္တိကို သိရှိနိုင်ပါသည်။

လူမျိုးတစ်မျိုးအဖြစ် အသိအမှတ်ပြုနိုင်သော အင်္ဂါရပ်
များတွင် ဘာသာစကားသည် ထင်ရှားသော အမှတ်အသား
ဖြစ်ပါသည်။ ကိုယ်ပိုင်ဘာသာစကားသည် လူမျိုးကို ထင်ရှား
ဖော်ပြရာ၌ အရေးပါသောအချက် ဖြစ်ပါသည်။ လူမျိုးတစ်မျိုး
အဖြစ် ဆက်လက်ရပ်တည်နိုင်ရေး၌ ဘာသာစကား၏ အခန်း

ကဏ္ဍာသည့် ရှေ့တန်း၌ ပါဝင်နေသည်ကို သတိပြုကြဖို့ လိုအပ်ပါလိမ့်မည်။

““ကရင်လူမျိုးနှင့် ဘာသာရေး”” စာတမ်းငယ်သည် ကရင်လူမျိုးအတွင်း ဖြစ်ပျက်နေသော အခြေအနေမှန်များကို အရှိအတိုင်း ဖော်ပြထားသည်။ အဂတိဘက်လိုက်ခြင်းမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျရေးကို ဦးတည်သည်။ အထူးသဖြင့် ဘာသာရေး ပဋိပက္ခကင်းရှင်း၍ ငြိမ်းချမ်းတိုးတက်ရေးဆီ ဦးတည်ထားသည်။ သို့ဖြစ်၍ ကရင်လူမျိုးများအနေဖြင့် ဤစာတမ်းပါ အကြောင်းအရာများအပေါ် လေ့လာသုံးသပ်၍ ပြုပြင်သင့်သည်ကို ပြုပြင်နိုင်ကြမည်ဆိုလျှင် အမျိုးသားအကျိုးကို သယ်ပိုးခွင့်ရသည်ဟု ခံယူပါသည်။

# ကရင်လူမျိုးနှင့် ဘာသာရေး

ကရင်လူမျိုးသည် မြန်မာ ထိုင်း တရုပ် ကမ္ဘောဒီးယား တိဘက်စသော နိုင်ငံများ၌ နေထိုင်ခဲ့ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ ထင်ရှားသော လူမျိုးစုတစ်စုအဖြစ် ရပ်တည်လျက် ရှိသည်။ ကရင်လူမျိုးသည် လွန်ခဲ့သော နှစ်ပေါင်း(၂၃၃၀) မတိုင်မီအချိန်က နတ်များကို ကိုးကွယ်ခဲ့ကြသည်။ ပူဇော်ပသခဲ့ကြသည်။ ထိုအချိန်က နတ်များကို ကိုးကွယ်ခြင်း၊ ပူဇော်ပသခြင်းသည်ပင် ကရင်လူမျိုးတို့၏ ဘာသာရေး ကိုးကွယ်မှု ဟာစ်ရပ်ဖြစ်ခဲ့သည်။ ထိုနတ် ကိုးကွယ်မှုအစဉ်လာကို ဗုဒ္ဓဘာသာဝင်ကရင်များက မိရိုးဖလာ အစဉ်အလာ တစ်ရပ်အနေဖြင့် ယခုထိပြုလုပ်နေကြဆဲ ဖြစ်သည်ကို တွေ့မြင်နိုင်ပါသည်။

မိရိုးဖလာနတ်များကို ကိုးကွယ်လာခဲ့သော ကရင်လူမျိုးများသည် ခရစ်ယန်ဘာသာ မပေါ်မီနှစ်ပေါင်း(၅၈၈) နှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ယခုအခေါ် အိန္ဒိယနိုင်ငံ ဂယာမြို့(ဗုဒ္ဓဂါယာ) နေရဉ္စရာ မြစ်ကမ်းအနီးရှိ အတောင်

တစ်ရာမြင့်သော ဗောဓိညောင်ပင်အောက်၌ လူသားစစ်စစ်မှ ဘုရားအဖြစ်သို့ရောက်အောင် ကြံဆောင်အားထုတ်တော်မူခဲ့သော ဗုဒ္ဓဂေါတမ ဘုရားမြတ်၏ အဆုံးအမ သာသနာတော်ကို ခံယူကျင့်သုံးလာခဲ့ကြသည်။ ဗုဒ္ဓဂေါတမသည် သက္ကတိုင်း ကပိလဝတ်ပြည့်ရှင်ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ မိဘုရားခေါင် မယ်တော်မာယာမင်းသမီး၏သားတော် ဖြစ်ပါသည်။ သိဒ္ဓတ္ထမင်းသားဟု ထင်ရှားခဲ့သည်။

ဗုဒ္ဓဂေါတမသည် ဘုရားအဖြစ်ဖြင့် (၄၅)နှစ်ကြာမျှ တရားတော်များကို လှည့်လည်ဟောကြားတော်မူခဲ့သည်။ ထိုကာလအတွင်း သိန်းပေါင်းများစွာသော တပည့်သံဃာတို့ကို မွေးထုတ်ပေးတော်မူခဲ့သည်။ ယခုအခါ တွေ့မြင်နေရသော ဗမာ အခေါ် ဘုန်းကြီး၊ ကရင်အခေါ် သံခါ၊ ပါဠိအခေါ် သံဃာ၊ သမဏ၊ ဘိက္ခု၊ အင်္ဂလိပ်အခေါ် Monk(မန့်ခ်) များသည် ဗုဒ္ဓဂေါတမ၏ သိန်းပေါင်းများစွာ ဖြစ်ပေါ်ခဲ့သော တပည့် သံဃာတော်တို့၏ အဆက်အနွယ် အစဉ်အတန်းကြီးပင် ဖြစ်ပါသည်။

ဗုဒ္ဓဂေါတမသည် (၄၅)နှစ်ကြာ တရားတော်များ လှည့်လည်ဟောကြားတော်မူပြီးနောက် ခရစ်တော်မပေါ်မီ နှစ်ပေါင်း(၅၄၃)ခုနှစ်၊ သက်တော်(၈၀)အရွယ်တွင် ယခုအခေါ် နီပေါနိုင်ငံ၊ ယခင်အခေါ် မလ္လာတိုင်း ကုသိနာရုံ အင်ကြင်း ဥယျာဉ်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့ပါသည်။ ကွယ်လွန်ချုပ်ငြိမ်း

တော်မူခဲ့ပါသည်။

ဗုဒ္ဓဂေါတမ၏ ရုပ်ကလာပ်တော်ကို ခရစ်မပေါ်မီ နှစ်ပေါင်း(၅၄၃)ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁၂)ရက်၊တနင်္ဂနွေနေ့တွင် အတောင်(၁၂၀)မြင့်သော နံ့သာထင်းပုံပေါ်၌ မီးသင်္ဂြိုဟ်ခဲ့ပါသည်။ နံ့သာထင်းပုံကြီးနှင့် ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ပြီး၍ ကြည့်ရှုသောအခါ ဗုဒ္ဓဂေါတမ ဘုရားမြတ်၏ ရုပ်ကလာပ်တော်မှ ရွှေရောင်, ငွေရောင်, ပုလဲရောင်, မြရောင်ရှိသော ဓာတ်တော်အမျိုးအစား(၈)မျိုး မီးလောင်ပြာကျခြင်းမရှိဘဲ (၁၆)ပြည့်ခန့် ကွင်းကျန်နေသည်ကို တွေ့မြင်ကြရသည်။ အဆိုပါ ဓာတ်တော်များ၏ အရွယ်ပမာဏမှာ အကြီးဆုံး ပဲနောက်ခန့်၊ အလတ်စား ဆန်ကွဲခန့်နှင့် အသေးစား မုန်ညင်းစေ့ခန့် ရှိကြသည်။ ထိုဓာတ်တော်များကို မဂဓပြည့်ရှင်ဘုရင် အဇာတသတ်အပါအဝင်(၁၆)ပြည်ထောင်မင်းတို့အား ဒေါဏပုဏ္ဏားကြီးက ပူဇော်ရန် ဝေငှပေးခဲ့သည်။

အဇာတသတ်မင်းသည် မိမိအတွက် ရရှိသော ဓာတ်တော်များကို ရဟန္တာအရှင်မြတ် မဟာကဿပထေရ်နှင့် တိုင်ပင်၍ အတောင်(၈၀)နက်သော မြေတိုက်တွင်း၌ အခိုင်အမာ တည်ဆောက်ထည့်သွင်းထားခဲ့သည်။ ထိုဓာတ်တော်များကို နှစ်ပေါင်း(၂၁၈)နှစ်အကြာ ခရစ်တော်မပေါ်မီ နှစ်ပေါင်း(၃၂၅)နှစ်တွင် အိန္ဒိယနိုင်ငံ၌ ဓမ္မာသောက အမည်ရှိသော ဘုရင်တစ်ပါး ထင်ရှားလာခဲ့သည်။ထိုဘုရင်သည် ဗုဒ္ဓဂေါတမ

ဘုရားမြတ်၏ တရားတော်များကို နာယူခွင့်ရရှိပြီးနောက် မြတ်စွာဘုရားနှင့် တရားသံဃာအပေါ် အလွန်အမင်း လေးစား ကြည်ညိုခဲ့သည်။

ကြည်ညိုလေးစားသည့်အလျောက် မြတ်စွာဘုရားနှင့် ပတ်သက်သော အထောက်အထားများကို နိုင်ငံအနှံ့ စုံစမ်း ရှာဖွေခဲ့ရာ ရှေ့မီနောက်မီ သက်တော်ရှည် ရဟန္တာမထေရ်မြတ် တစ်ပါး၏ ညွှန်ကြားမှုဖြင့် အဇာတသတ်မင်း လက်ထက်က မြုပ်နှံထားခဲ့သော ဓာတ်တော်တိုက်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ဗုဒ္ဓဂေါတမ ဘုရားမြတ်၏ ဓာတ်တော်များကို ကိုယ်တိုင်ဒိဋ္ဌ ဖူးမျှော်ပူဇော်လိုက်ရသော ဓမ္မာသောကမင်းကြီးသည် သက်တော်ထင်ရှားမြတ်ဘုရားကို ဖူးမျှော်ပူဇော်ရသည့်အလား အလွန့်အလွန်ပင် ကြည်ညိုလေးစား သဒ္ဓါပွားခဲ့ပါသည်။

ဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားအပေါ်၌ ကြည်ညိုလေးစားသော သဒ္ဓါတရားဖြင့် မြတ်စွာဘုရား ဆုံးမ ဟောကြားတော်မူခဲ့သော တရားတော် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို ရည်မှန်းပူဇော်သောအားဖြင့် စေတီ၊ ကျောင်းရေတွင်း၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်စီ တို့ကို အသီးသီးလှူဒါန်းပူဇော်ခဲ့ပါသည်။ ထို့ပြင် (၉)တိုင်း၊ (၉)ဌာန သာသနာပြုစီမံကိန်းကြီးကိုလည်း ရဟန္တာမထေရ် မြတ်ကြီးတို့နှင့် ညှိနှိုင်းတိုင်ပင်ကာ အကောင်အထည်ဖော်ခဲ့ ပါသည်။

(၉)တိုင်း, (၉)ဌာန သာသနာပြုစီမံကိန်းကြီးတွင် ယခု အခါ မြန်မာနိုင်ငံတွင် အပါအဝင်ဖြစ်သော သုဝဏ္ဏဘူမိ သထုံပြည်သို့ အရှင်သောဏနှင့် အရှင်ဥတ္တရ ရဟန္တာ မထေရ်မြတ် နှစ်ပါးကြွရောက်တော်မူခဲ့ပြီး ဗုဒ္ဓသာသနာတော်ကို ပြန့်ပွားအောင် ရွက်ဆောင်တော်မူခဲ့ပါသည်။ ထိုစဉ်က သထုံ၌ ကရင်လူမျိုးများနေထိုင်ခဲ့ကြသည်။ ယခုလည်း ကရင်များစွာ ရှိနေပါသည်။ ထိုအချိန်မှစ၍ ကရင်လူမျိုးတို့သည် ဗုဒ္ဓအယူဝါဒကို လက်ခံယုံကြည်လာခဲ့ကြသည်။ ကရင်လူမျိုးတို့သည် မိရိုးဖလာနတ်ဒေဝါများကို ဘာသာတစ်ရပ် အနေဖြင့် ကိုးကွယ်ပူဇော် လာခဲ့ကြရာမှ ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာကို ထပ်မံ၍ တိုးချဲ့လက်ခံ ယုံကြည်လိုက်ခြင်းကြောင့် ကရင်လူမျိုးစုအတွင်း ဘာသာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပွားခဲ့ရသော အထောက်အထားများ ရှိခဲ့သည်ကို မတွေ့ရပါ။

နတ်ကိုးကွယ်ခဲ့သော ကရင်လူမျိုးသည် ဗုဒ္ဓဘာသာကို ထပ်မံကိုးကွယ်ရာ၌ တစ်စုံတစ်ရာ ပြဿနာ မဖြစ်ရခြင်း၏ အကြောင်းရင်းကို ရှာဖွေကြည့်လျှင် ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာ၌ ဘာသာအယူဝါဒမတူမှုကို အကြောင်းပြု၍ ခွဲခြားရှုမြင်မှု မရှိသောကြောင့် ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် ဗုဒ္ဓဘာသာသည် ပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲရေးထက် မိမိကိုယ်ကို ပြုပြင်ပြောင်းလဲရေးက ပိုအရေးကြီးသည်ဟု ရှုမြင်ထားသောကြောင့် ဖြစ်ပါသည်။ တစ်နည်းထပ်၍

ပြောရလျှင် ဗုဒ္ဓဘာသာသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသော လူမှုဝန်းကျင် လူမှုကိစ္စဖြစ်စဉ်များနှင့် ရောထွေး ယှက်တင် ပါဝင်ပတ်သက်မှု စွက်ဖက်မှု နည်းပါးသော ကြောင့် ဖြစ်ပါသည်။ အထက်ပါအကြောင်းများကြောင့် ကရင် လူမျိုးစုအတွင်း နတ်ကိုးကွယ်သောအုပ်စုနှင့် ဗုဒ္ဓဘာသာ ကိုးကွယ်သောအုပ်စုတို့ ပဋိပက္ခ ဆန့်ကျင်ဘက်အသွင် ဆောင်သော ပြဿနာကြီးငယ်များ ယနေ့အထိ မတွေ့ရှိရ ခြင်းပင် ဖြစ်ပါသည်။

ကရင်လူမျိုးတို့၏ ဗုဒ္ဓဝါဒဗုဒ္ဓဘာသာအပေါ် ယုံကြည် သက်ဝင်လာမှုသည် နှစ်ပေါင်း ထောင်နှင့်ချီ ကြာညောင်းခဲ့ပြီ ဖြစ်ပါသည်။ အစောဆုံးနှစ်ပေါင်း (၂၅၈၄)နှစ်၊ နောက်အကျ ဆုံး နှစ်ပေါင်း(၂၃၂၉)နှစ်မျှ ကြာညောင်းခဲ့ပြီ ဖြစ်ပါသည်။ ထိုမျှကြာရှည်သော နှစ်ကာလအတွင်း သရေခေတ္တရာခေါ် ပြည်မြို့၊ ကရဏ္ဍကတိုင်း၊ သုဓမ္မဝတီခေါ် သထုံမြို့စသော နေရာဌာနများ၌ မြောက်များလှစွာသော စေတီ၊ ပုထိုး၊ ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ များကို တည်ထားကိုးကွယ် လာခဲ့ကြသည်။ ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် လည်း ကရင်လူမျိုးတို့ အခြေချနေထိုင်ရာ မြို့ရွာဒေသ များစွာ၌ စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်၊ ဇရပ်များစွာကို ယနေ့အထိ လေ့လာတွေ့ရှိနိုင်ပါသည်။ ဗုဒ္ဓဘာသာ တရား တော်၌ ကရင်လူမျိုးတို့၏ သက်ဝင်ယုံကြည်လာမှု အထောက်

အထားများသည် လေ့လာ၍မကုန်နိုင်အောင် များမြောင်လှသည်။ ရှေးလည်းကျ၍ ခိုင်မာလှသည်။

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သော ကရင်လူမျိုးတို့သည် မိမိတို့၏ ဘာသာအယူဝါဒအပေါ် အခြားသူများယုံကြည်လက်ခံလာရေးအတွက် စည်းရုံးဆွဲဆောင်ရေး အစီအမံများ တစ်သီးတစ်ခြား မထားရှိကြ။ ဗုဒ္ဓဘာသာဝင်ကရင်များ၏ စည်းရုံးသိမ်းသွင်းမှုကြောင့် အခြားဘာသာဝင်ကရင်များ ဗုဒ္ဓဘာသာဖက်သို့ ဘာသာအကူးအပြောင်း ဖြစ်ခဲ့ရသော အထောက်အထား မရှိသလောက်ပင် ရှားပါး၏။ ဗုဒ္ဓဘာသာဝင် ကရင်များကိုသာ အခြားဘာသာဝင် ကရင်များက စည်းရုံးဆွဲဆောင်သွားကြသည်ကိုသာ တွေ့မြင်နေရမြဲတွေ့မြင်နေရဆဲဖြစ်၏။

အချို့သော ဗုဒ္ဓဘာသာဝင် ကရင်များသည် အရေးအကြောင်း အမျိုးမျိုးကြောင့် ခရစ်ယန်မှုဆလင်စသော ဘာသာများသို့ ကူးပြောင်းသွားကြ၏။ ထိုအမျိုးမျိုးသော အရေးအကြောင်းတို့တွင် စီးပွားရေး, ပညာရေး, အိမ်ထောင်ရေး, အချစ်ရေး, သမီးရည်းစားအရေးများလည်း ပါဝင်လျက်ရှိ၏။ လူမျိုးရေးကား လုံးဝမဖြစ်နိုင်ပါ။ အကြောင်းကား ဗုဒ္ဓဘာသာမှ ခရစ်ယန်ဘာသာသို့ ကူးပြောင်းသွားသော ကရင်လူမျိုးသည် ကရင်လူမျိုးသာဖြစ်၍ တရုပ် ကုလားဖြစ်မသွားနိုင်သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးများ ဘာသာကူးပြောင်း သွားရသော အကြောင်းများသည် ဘာသာရေးရာ အယူအဆ ကွဲပြားမှု ဘာသာတရား၌ပါရှိသော အတွေးအခေါ်လွဲမှားမှု၊ ဗုဒ္ဓဘာသာတရားတော်များထက် ခရစ်ယန်တရားက ပိုမို မှန်ကန်နေမှုများကြောင့် ဘာသာကူးပြောင်း သွားရခြင်းမျိုး မဟုတ်ဘဲ ဘာသာရေးမဟုတ်သော လူမှုရေး၊ အိမ်ထောင် ရေး၊ သမီးရည်းစားအရေးစသော အရေးအကြောင်းများ ကြောင့် ဘာသာကူးပြောင်း သွားရသည်ကိုသာ မြောက်မြားစွာ တွေ့နေရပါသည်။

လူမှုရေး၊ အိမ်ထောင်ရေး စသော အကြောင်းအရာ များသည် ဤကမ္ဘာပေါ်၌ နေ့ညမပြတ်ဖြစ်ပေါ်နေကြသော အကြောင်းအရာများ ဖြစ်သည်မှာ အထူးပြောပြစရာ မလိုပါ။ လူရှိသမျှ လူမှုရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စများ ရှိနေပြီးသား ဖြစ်ပါသည်။ ဤလူမှုရေးရာ၊ အိမ်ထောင်ရေးရာ၊ အချစ် ရေးရာများသည် အမှန်စင်စစ် ဘာသာတစ်ခု၏ အရေးအရာ၊ ဘာသာတစ်ခု၏ အကြောင်းကိစ္စသာ ဖြစ်ခဲ့ပါလျှင် ဘာသာ တရားဟူ၍ တစ်သီးတစ်ခြား ပေါ်ထွက်လာစရာလည်း လိုအပ် မည်မထင်ပါ။ ဘာသာတရားတို့မည်သည် လူမှုနယ်ပယ် အတွင်း ဖြစ်ပျက်နေကြသော အကြောင်းချင်းရာတို့ထက် လွန်ကဲထူးခြားသော၊ လွန်ကဲမြင့်မြတ်သော၊ သိမ်မွေ့နက်ရှိုင်း သော၊ ငြိမ်သက်အေးချမ်းသော၊ အကြောင်းအရာ ဟောပြော

ညွှန်ပြချက်၊ ဆိုဆုံးမချက်များသာ ဖြစ်ရိုးစဉ်လာ ဓမ္မတာ ရှိပါသည်။ ထိုသို့သဘောမျိုးမဟုတ်ဘဲ လူ့လောကထဲက ဖြစ်ပျက်နေကြသော အကြောင်းအရာများကိုသာ ဘာသာ တရားတစ်ခု၏ အရေးအရာသဖွယ်ပြု၍ ဘာသာအကူး အပြောင်းတွေလုပ်စေကြ, လုပ်နေကြလျှင် ဘာသာတရားရော ကရင်လူမျိုးပါ ဂုဏ်သိက္ခာ ကျဆင်းရုံမှတစ်ပါး ထူးခြားသော အကျိုးအမြတ်ရရှိနိုင်ကြမည် မဟုတ်ပါ။

ကရင်လူမျိုးသည် နှစ်ပေါင်းထောင်ချီ၍ ဗုဒ္ဓ ဘာသာကို ယုံကြည်ကိုးကွယ်လာခဲ့ရာမှ မြန်မာနိုင်ငံသို့ ခရစ်ယန်သာသနာပြုအဖွဲ့များ ရောက်လာသောအခါ ကရင် လူမျိုးအချို့သည် ခရစ်ယန်ဘာသာသို့ ကူးပြောင်းသွားကြ သည်ကို တွေ့ရသည်။ ခရစ်သက္ကရာဇ်(၁၈၁၃)ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်နေ့တွင် ရန်ကုန်မြို့သို့ (American Baptist Mission) အမေရိကန် နှစ်ခြင်းသာသနာပြုအဖွဲ့ ရောက်ရှိလာခဲ့သည်။ ထိုခရစ်ယန်သာသနာပြုအဖွဲ့သည် (၆)နှစ်တာကာလအတွင်း ဖထိတ်ခေါ် အဖေဦးဆောင်သော စကောကရင်(၉၁၀၀၀)၊ မွတ်ထိတ်ခေါ် အမေဦးဆောင်သော ပိုးကရင်(၁၅၀၀၀)၊ နှစ်ရပ်ပေါင်းဦးရေ(၁၀၆၀၀၀)တို့ကို ခရစ်ယာန်ဘာသာသို့ ကူးပြောင်းဝင်ရောက်စေနိုင်ခဲ့ပါသည်။ ကရင်လူမျိုးစုအတွင်း ခရစ်ယာန်ဘာသာရောက်ရှိလာသည်မှာ နှစ်ပေါင်း(၁၉၁)နှစ်ရှိပြီး ဖြစ်ပါသည်။

ကရင်လူမျိုးစုအတွင်း ခရစ်ယန်ဘာသာတစ်မျိုး ထပ်မံတိုးပွားလာသောကြောင့် ဘာသာကိုးကွယ်မှု အပိုင်းတွင် မိရိုးဖလာ နတ်ကိုးကွယ်ခြင်း၊ ဗုဒ္ဓဘာသာ ကိုးကွယ်ခြင်း၊ ခရစ်ယန်ဘာသာကိုးကွယ်ခြင်းအားဖြင့် ကိုးကွယ်မှု သုံးမျိုး ရှိနေသည်ကို တွေ့ရသည်။ ထိုအထဲတွင် ခရစ်ယန်ဘာသာဝင် ကရင်များသည်သာ ဘာသာဝင်အင်အား တိုးပွားလာရေး ကိစ္စကို ဗုဒ္ဓဘာသာဝင် ကရင်လူထုအတွင်း၌ သဲသဲမဲမဲ အားခဲဆွဲဆောင် သိမ်းသွင်းနေကြသည်ကို တွေ့မြင်နေရသည်။

မိမိကိုးကွယ်ယုံကြည်ရာဘာသာသို့ ဝင်ရောက်ရေး အတွက် စည်းရုံးဆွဲဆောင်ရာ၌ ဘာသာတရား တစ်မျိုးမျိုးကို မကိုးကွယ်မဆည်းကပ်ရသေးသူတို့အား စည်းရုံးဆွဲဆောင် ခြင်းသည် ပို၍ကောင်းမွန်သင့်လျော်မည်ဖြစ်သည်။ ကိုးကွယ် စရာ မရှိသေး၍ ကိုးကွယ်ရာကို ပေးခြင်းသည် သဘာဝကျ ပါသည်။ နှစ်ပေါင်းထောင်ချီ၍ ဗုဒ္ဓဘာသာကို ယုံကြည် လာသော ကရင်လူမျိုးအနေဖြင့် အခိုင်အမာ သက်တန်းရှည် ယုံကြည်ကိုးကွယ်ရာ ဘာသာတရား ရှိပြီးသား ဖြစ်ပါသည်။ သို့ပါလျက် ခရစ်ယန်ဘာသာဝင်ကရင်တို့သည် အဘယ့် ကြောင့် ဗုဒ္ဓဘာသာဝင်ကရင်တို့ကို ခရစ်ယန်ဘာသာသို့ ကူးပြောင်း ဝင်ရောက်စေလိုပါသနည်း။ ခရစ်ယန် တရား ဓမ္မကိုသိစေလို နားလည်စေလို၍ ခရစ်ယန်ဘာသာသို့ ဝင်ရောက်စေလိုခြင်း ဖြစ်ပါသလော၊ သို့မဟုတ် ဗုဒ္ဓဘာသာ

ကို ကိုးကွယ်ယုံကြည်ခြင်းကြောင့် ကရင်လူမျိုးတို့၏ ဂုဏ်သိက္ခာကျဆင်းသည်ဟု ထင်မြင်နေကြသလော၊ ဗုဒ္ဓဝါဒ အယူအဆကို ကြောင်းကျိုးညီညွတ်မှုမရှိဟု ယူဆနေကြသလော၊ ဤသို့ ပြောရလောက်အောင် စည်းရုံးနေသူခရစ်ယန် ကရင်လူမျိုးတို့သည် ဗုဒ္ဓတရားတော်နှင့် ပတ်သက်၍ အလွန် အလှမ်းဝေးနေသည်ကို တွေ့နေရပြန်ပါသည်။

ဗုဒ္ဓဘာသာ အယူဝါဒ၌ တည်ငြိမ်အေးချမ်းစွာ ယုံကြည်သက်ဝင်လျက်ရှိသော ကရင်လူမျိုးအတွင်း ဘာသာရေး အကူးအပြောင်းတွေ လုပ်နေခြင်းသည် ကရင်လူမျိုးစု အတွက် ဘာအကျိုးကိုရရှိရန် မျှော်ကိုးနေကြသနည်း?။ ကရင်လူမျိုးစုများ တိုးတက်ရေးအတွက် ဗုဒ္ဓဘာသာ တရားသည် နှောက်ယှက်ဟန့်တားမှုပြုနေပါသလား?။ ကရင်လူမျိုးသည် ဗုဒ္ဓဘာသာနှင့် မထိုက်တန်ဟု ယူဆနေကြပါသလား?။ ကရင်လူမျိုးသည် ကမ္ဘာပေါ်ရှိ မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာယုံကြည် ကိုးကွယ်နိုင်သော အခွင့်အရေး ရှိနေပြီး ဖြစ်သည်ကို ခရစ်ယန်ဘာသာဝင်ကရင်များ မသိကြပေဘူးလား?။ ထိုအကြောင်းကို သိပါလျက် ဘာသာရေးကို အကြောင်းပြု၍ လူမှုရေးကိစ္စဖြင့် ဘာသာဝင် တိုးပွားရေး အတွက် စည်းရုံးဆွဲဆောင်သည်ဆိုလျှင် သံကိုသံဖျက် သံချေး တက်သကဲ့သို့ ကရင်လူမျိုးသည်ပင် ကရင်လူမျိုး၏ အခွင့်အရေးကို ချိုးဖောက်ဖျက်ဆီးနေခြင်းသာ ဖြစ်ပါသည်။

ဤအချက်ကို ကရင်လူမျိုးတိုင်း အလေးအနက် စဉ်းစား သုံးသပ်ရန် လိုအပ်နေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံ အစိုးရမင်း အဆက်ဆက်သည် ဘာသာရေးဆိုင်ရာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အပြည့်အဝ ပေးခဲ့ကြသည်။ ယခုလည်း ပေးနေဆဲဖြစ်သည်။ ဘာသာရေးဆိုင်ရာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် အပြည့်အဝ ရရှိထားခြင်းသည် လူတိုင်းလူတိုင်း၏ မွေးရာပါ လူ့အခွင့်အရေးတစ်ခုကို ရရှိခြင်းပင်ဖြစ်သည်။ ထိုအခွင့်အရေးကို ကျွန်ုပ်တို့ ကရင်လူမျိုးများသည် တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးရှိအောင် ကျင့်သုံးလုပ်ဆောင်သင့်ကြပါသည်။

ကောင်းကျိုးတရားဟူသည် အကြောင်းမဲ့ ဖြစ်ပေါ်လာသည် မဟုတ်ပါ။ ကောင်းကျိုးတရား ကောင်းကျိုးချမ်းသာများသည် စည်းလုံးညီညွတ်နေသော အသိုက်အဝန်း၌ ကြာတောင့် ကြာရှည်အခြေတည်နိုင်မှသာ ဖြစ်ပေါ်နိုင်၊ ရရှိနိုင်၊ ပိုင်ဆိုင်နိုင်သော အရာမျိုးဖြစ်ပါသည်။ ကရင်လူမျိုးများ ယုံကြည်ကိုးကွယ်ထားသော ဘာသာတရားများသည် တည်ငြိမ်အေးချမ်းသော တိုင်းပြည်၊ ဖွံ့ဖြိုးတိုးတက်သော လူမှုဘဝ၊ ခိုင်မာသွေးစည်းသော ညီညွတ်မှုများကို တည်ဆောက်ရာ၌ ထိရောက်စွာ အထောက်အကူပေးနိုင်သော ဆုံးမသွန်သင်ချက်များ ဖြစ်ရပါမည်။ ထိုဘာသာတရား များကို ကရင်လူမျိုးများသည် နိုင်ငံတော်က လွတ်လွတ်လပ်လပ် ယုံကြည်

ကိုးကွယ်ခွင့် ပေးအပ်ထားသည့်အတိုင်း ယုံကြည်ကိုးကွယ်နေကြသည်မှာ သူရောကိုယ်ပါ အားလုံးအသိပင် ဖြစ်ပါသည်။ ဘာသာရေး လွတ်လပ်ခွင့်မရှိဟု မည်သူကပြောနေပြောနေ ကရင်လူမျိုးများအနေဖြင့် နားထောင်စရာ, နားယောင်စရာပင် မရှိပါ။ သို့ပါလျက် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်နေကြသော ကရင်များကို ခရစ်ယန်ဘာသာဝင် ကရင်များက အဘယ်ကြောင့် ဘာသာကူးပြောင်းရေးအတွက် အပူတပြင်း ဆောင်ရွက်နေကြပါသနည်း။ ဤဆောင်ရွက်နေမှုသည် ဗုဒ္ဓဘာသာဝင်ကရင်တို့၏ လွတ်လပ်စွာဘာသာတရား ယုံကြည်မှု အခွင့်အရေးကို ချိုးဖောက်နှောက်ယှက် စွက်ဖက်ရာ ရောက်နေပါသည်။ ကရင်လူမျိုးတို့၏ အခွင့်အရေးကို ကရင်လူမျိုးများကိုယ်တိုင် ငြင်းပယ်ကန့်ကွက်ရာ ရောက်နေပါသည်။

ယနေ့ကမ္ဘာတွင် လူသားများအတွက် အရေးတကြီး အပူတပြင်း လိုအပ်နေသော အရာများကိုကြည့်လျှင် ကျန်းမာရေး, စီးပွားရေး, ပညာရေးတို့ဖြစ်ကြောင်း ရှင်းလင်းစွာ တွေ့မြင်ရမည်ဖြစ်သည်။ ထိုအရေးကိစ္စများသည် ယနေ့ ကမ္ဘာ့ လူသားများအတွက် အမှန်တကယ် လိုအပ်နေသော အရေးကိစ္စများဖြစ်သည်ကို ကမ္ဘာ့ခေါင်းဆောင်ကြီးများ, ဘာသာရေး ခေါင်းဆောင်ကြီးများ အပါအဝင် လူသား ကောင်းကျိုး သယ်ပိုးရွေ့ရှုနေသူတိုင်း တစ်သံတည်း တစ်သဘောတည်း ထုတ်ဖော်ပြောဆိုနေကြသည်မှာ ကမ္ဘာ

သိပင် ဖြစ်ပါသည်။

ထိုအရေးကိစ္စကြီးကို ဖြေရှင်းကြရန် နိုင်ငံအသီးသီးက လူ့အကျိုးပြု အဖွဲ့အစည်းအမျိုးမျိုး ဖွဲ့စည်းကူညီနေကြသည်မှာလည်း ကမ္ဘာ့သိပင်ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ သန်းခြောက်ထောင်ကျော်သည် အထက်ပါလိုအပ်ချက်ကို ဖြည့်စွက်နိုင်ရန် နေ့ညမနား ကြိုးစားအားထုတ်နေကြပါသည်။ ကျွန်ုပ်တို့ ကရင်လူမျိုးများသည် ကမ္ဘာ့လူဦးရေစာရင်းတွင် ပါဝင်ပြီးဖြစ်သည်ကို သတိပြုသင့်ပါသည်။ ကရင်လူမျိုးစုအတွင်း ကျန်းမာရေး, စီးပွားရေး, ပညာရေးမြင့်မားတိုးတက်လာရန်အတွက် ထက်မြက်လျင်မြန်သော အစီအမံများ ချမှတ်လုပ်ဆောင်ရေးထက် အဘယ်အရေးကိစ္စကမှ ပို၍ကြီးမားစရာရှိနိုင်မည်မဟုတ်ပါ။

အထက်ပါ ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် ဖြေရှင်းဆောင်ရွက်ပေးနေရသော အရေးကိစ္စများတွင် ကိုးကွယ်ယုံကြည်စရာဘာသာမရှိသေး၍ သက်ဆိုင်ရာဘာသာရေးခေါင်းဆောင်များ အလျင်အမြန် သွားရောက်၍ ယုံကြည်ကိုးကွယ်စရာ ဘာသာဝါဒများ ပေးအပ်သွားရသော အဖြစ်မျိုး, အရေးကိစ္စမျိုးသည်လည်းကောင်း၊ ယုံကြည်ကိုးကွယ်ပြီးသား, ရရှိထားပြီးသား ဘာသာတရားကို စွန့်ပယ်ကျောခိုင်းလို၍ အခြားဘာသာသို့ ကူးပြောင်းရန်အတွက် အလျင်အမြန် ဆောင်ရွက်ပေးကြပါရန် တောင်းခံပေးပို့

လာသော အရေးပေါ်သတင်းကြောင့် သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များ အလျင်အမြန်သွားရောက်၍ ဘာသာအကူးအပြောင်းကိစ္စများ အပူတပြင်း ဆောင်ရွက်ပေးရသော အဖြစ်မျိုး၊ အရေးကိစ္စမျိုးသည်လည်းကောင်း ဤကမ္ဘာ၌ ရှိနိုင်မည် မဟုတ်တော့ပေ။

ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် အရေးပေါ် ဖြေရှင်းဆောင်ရွက်ပေးရန် မလိုအပ်တော့သော ကိုးကွယ်ရန် ဘာသာရရှိရေး၊ ရရှိပြီးဘာသာကို စွန့်ခွာ၍ ဘာသာတစ်ပါး ကူးပြောင်းရေးဟူသော အရေးနှစ်မျိုးတို့တွင် ကရင်လူမျိုးများအတွက် ဗုဒ္ဓဘာသာမှ ခရစ်ယန်ဘာသာသို့ ကူးပြောင်းရေးသည် အရေးပေါ် အပူတပြင်း ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်နေပါသည်ဟုဆိုလျှင် ခရစ်ယန်ဘာသာသို့ ကူးပြောင်းရန် ဆွဲဆောင်သိမ်းသွင်းနေသော ကရင်လူမျိုးမှတစ်ပါး တစ်ကမ္ဘာလုံးက ဟားတိုက်ကြမည်သာ ဖြစ်ပါသည်။ ကရင်လူမျိုးအကြောင်းကိုသိသော ကရင်များသည် ဘာသာကူးပြောင်းမှုကို အရှင်းပင် အားပေးထောက်ခံခြင်း မရှိပါ။ ဗူးဆိုလျှင် ဖရုံမသီးသော ကရင်တို့၏ အစဉ်အလာကို မချိုးဖျက်ကြပါ။ အမှန်စင်စစ် ကရင်လူမျိုးစုအတွင်း ဘာသာရေးကူးပြောင်းမှုကိစ္စများသည် လုံးဝလိုအပ်ဖွယ် မရှိသောကိစ္စပင်ဖြစ်သည်။ မလိုအပ်သောကိစ္စကို လုပ်နေကြလျှင် မလိုအပ်သောအကျိုးသာ ဖြစ်ပွားလာနိုင် စရာရှိသည်ကို ကရင်လူမျိုး

တိုင်း နားလည်သင့်ပြီ ဖြစ်ပါသည်။ ကရင်သည် ကိုးကွယ်စရာ ဘာသာတရား အလျှံပယ် ကြွယ်ဝနေပါပြီ၊ ဘာသာတရားနှင့် ပတ်သက်၍ ကရင်အတွက် ဆောင်ရွက်နေခြင်းဖြင့် ကရင်တစ်မျိုးသားလုံး ညီညွတ်မှုပျက်ပြား၍ မလိုလားအပ်သော ဆိုးကျိုးများသာ ဖြစ်လာစရာ ရှိပါသည်။

ဗုဒ္ဓဘာသာမှ ခရစ်ယန်ဘာသာသို့ ကူးပြောင်းခြင်း, ခရစ်ယန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခြင်း စသော အပြောင်းအလဲများသည် လူမျိုးအတွက်ရော ဘာသာအတွက်ပါ ကောင်းမွန်သော လက္ခဏာမျိုး မဟုတ်ပါ။ ကရင်လူမျိုးသည် ဗုဒ္ဓဘာသာကို နှစ်ပေါင်းထောင်ချီ၍ ကိုးကွယ်ယုံကြည်လာခဲ့ပြီး ဖြစ်သည်။ ထို့အတူ ခရစ်ယန်ဘာသာဝင် ကရင်များသည်လည်း ခရစ်ယန်ဘာသာကို ကိုးကွယ်ယုံကြည်ခဲ့ကြသည်မှာ အနှစ်(၂၀၀)ပြည့်ရန် (၉)နှစ်သာ လိုတော့သည်။ ဤသို့ အခိုင်အမာ လက်ခံယုံကြည်ပြီးသား ဘာသာတရားများ ကိုယ်စီရှိနေကြပြီဖြစ်ပါလျက် ကရင်လူမျိုးစုအတွင်း အရှင်းပင် မလိုအပ်သော ဘာသာကူးပြောင်းရေးကိစ္စကို သင် အဘယ့်ကြောင့် အရေးတကြီးဆောင်ရွက်နေရပါသ ည်း? ကရင်လူမျိုးစုအတွင်း ဘာသာရေး အကူးအပြောင်းများကြောင့် ဖြစ်ပေါ်ခဲ့ဘူး, ဖြစ်ပေါ်နေဆဲ, ဖြစ်ပေါ်လတံ့ဖြစ်သော ဆိုးကျိုးရလာဒ် အရပ်ရပ်ကို သင်-သုံးသပ် ဆင်ခြင်မိပါရဲ့လား? သင်စည်းရုံး၍ ဘာသာကူးပြောင်းသွားရသော

သားတစ်ယောက်အတွက် မိဘနှစ်ပါး၏ ဖြေမဆည်မျက်ရည်စက်များက သင့်နှလုံးသားကို အေးမြပျော်ရွှင်စေနိုင်ပါသလား? အို-မိတ်ဆွေသင်စည်းရုံး၍ ဘာသာကူးပြောင်းသွားခဲ့ရသော သားတစ်ယောက်အတွက် ငိုကြွေးရာမှ အငိုရပ်၍ နောက်ထပ်တစ်ဖန် တက်ခေါက်သံကို မိဘတို့အထံမှ ကျွန်ုပ်မကြားလိုပါ။

အို-မိတ်ဆွေ ရွာလုံးကျွတ် ရှင်ပြုရဟန်းခံပွဲ ပြုလုပ်နေသော ဗုဒ္ဓဘာသာ ကရင်ရွာတစ်ရွာတွင် သင်စည်းရုံးသိမ်းသွင်း၍ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းဝင်ရောက်ခဲ့သော မိခင်တစ်ဦး၏ သားငယ်ကို ဖခင်နှင့် ညီအစ်ကို မောင်နှမ အဘိုးအဘွားတို့က ရှင်ပြုပေးရန်အတွက် စီမံဆောင်ရွက်ထားသမျှကို မိခင်ဘက်မှ တားမြစ်ကန့်ကွက်လာသော ခရစ်ယာန်အသင်းဝင်များကြောင့် ကရင်လူမျိုးအချင်းချင်း ရုံးရင်းဆန်ခတ် အငြင်းပွားရာမှ ခုတ်ထစ်သတ်ဖြတ်ရသော မြင်ကွင်းမျိုးကို သင်အားရကျေနပ်စွာ ရှုမြင်လိုပါသလား?

အို-မိတ်ဆွေ ဤကမ္ဘာပေါ်၌ ဘာသာတရား အမျိုးမျိုးကို ကိုးကွယ်ယုံကြည်ကြသော တိုင်းပြည်နှင့်လူမျိုး အသီးသီးတို့သည် မိမိတို့၏ ဘာသာတရား အဆုံးအမများကို အမှီသဟဲပြု၍ ပညာစာပေ, ယဉ်ကျေးမှု အနုသုခုမ ပညာရပ်များ တိုးတက်မြင့်မားအောင် ပူးပေါင်းလုပ်ဆောင်နေကြသည် မဟုတ်ပါလော?

အို-မိတ်ဆွေ ဤကမ္ဘာပေါ်၌ တိုင်းပြည်နှင့်လူမျိုး ဘာသာနှင့် ယဉ်ကျေးမှု လုံးဝတူညီခြင်း မရှိသော တိုင်းပြည် ကွဲပြား၊ လူမျိုးကွဲပြား၊ ဘာသာတရားကွဲပြား၊ ယဉ်ကျေးမှုနှင့် စာပေစကားများလည်း ကွဲပြားနေကြသော တိုင်းကားပြည်ရွာ လူများစွာတို့သည် မတူကွဲပြားသော အရာများကို သဘော ထားကြီးစွာ ခွင့်လွှတ်သည်းခံနိုင်ကြသည်။ နှစ်ဦးနှစ်ဖက် အပြန်အလှန် အသိအမှတ်ပြုနိုင်ကြသည်။ မနေသဟာယ ကုန်သွယ်ဖက်အဖြစ်ဖြင့် အကျိုးတူပူးပေါင်းကြကာ လူ့အကျိုး ပြုကိစ္စများစွာကို အတူတစ်ကွ လုပ်ဆောင်နေကြသည်။ နှစ်ဦးနှစ်ဖက် မကျူးကျော်ရေးစာချုပ်များ အခိုင်အမာ ချုပ်ဆို နိုင်ကြသည်။ လူကြီးလူကောင်းပီသ၍ စိတ်နေသဘောထား ကြီးမားကျယ်ပြန့်သော ကမ္ဘာ့လူမျိုးစုများစွာတို့၏ အလယ်၌ ကိုးကွယ်ရာ ဘာသာမတူရုံမျှဖြင့် ခွင့်မလွှတ်နိုင်ခြင်း၊ ဘာသာ ကူးပြောင်းရေးအတွက် သိမ်းသွင်းဆွဲဆောင်ခြင်း၊ထိုသိမ်းသွင်း ဆွဲဆောင်မှု၊ ဘာသာအကူးအပြောင်း ပြုနေမှုကြောင့် နောက်ဆက်တွဲပြဿနာများ ဖြေရှင်းမရသည့်အဆုံး အချင်းချင်း ကိုယ်ထိလက်ရောက် ခိုက်ရန်ဖြစ်ပွားရသော လူမျိုးကား သိက္ခာမဲ့၍ အရှက်မရှိသော ကရင်လူမျိုး တစ်မျိုးသာ ရှိမည်ထင်ပါသည်။ ကရင်လူမျိုး တစ်ဦးအနေဖြင့် ဤကိစ္စကို ရေငုံနှုတ်ပိတ်နေသင့်မည် မထင်ပါ။

အို-ဗုဒ္ဓဘာသာဝင်၊ ခရစ်ယန်ဘာသာဝင် ကရင်

အပေါင်းတို့၊ နှစ်ပေါင်း ထောင်ချီ၊ ရာချီ ကြာမြင့်ခဲ့ပြီ ဖြစ်သော သင်တို့၏ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများကို သင်တို့၏အဘ၊ အဘိုး၊ မိဘဆွေမျိုး အဆက်ဆက်တို့သည် ကိုးကွယ်ယုံကြည်လာခဲ့ကြသည် မဟုတ်ပါလော? ယခုအခါ အဆိုပါ ဘာသာတရားတို့သည် သင်တို့၏ အဘ အဘိုး မိဘ ဆွေမျိုးတို့က ယုံကြည်စွာ အပ်နှံသွားသော အမွေအနှစ်များ ဖြစ်နေသည်ကို သင်တို့ သတိပြုမိပါသလော။

အို-ကရင်အပေါင်းတို့ ဗုဒ္ဓဘာသာဝင် ကရင်အမျိုးသားများ တည်ထောင်ထားခဲ့သော ဇရပ်၊ တန်ဆောင်း၊ ကျောင်း၊ ကန်၊ စေတီ အလီလီကို ပြန်လည်၍ မွမ်းမံပြင်ဆင်ကြကုန်လော့၊ ခရစ်ယန်ဘာသာဝင် ကရင်အမျိုးသားများ တည်ထောင်ထားခဲ့သော ခန့်ထည်မြင့်မား ဘုရားရှိခိုးကျောင်းများကိုလည်း ဆွေးမြေ့အိုဟောင်း အခြေမပြောင်းရအောင် စွမ်းဆောင်မွမ်းမံကြကုန်လော့။

အို-ကရင်အပေါင်းတို့ အထက်ပါ ဗုဒ္ဓဘာသာဝင် ကရင်တို့၏ ဘာသာရေး အဆောက်အအုံများ၊ ခရစ်ယန်ဘာသာဝင်ကရင်တို့၏ ဘာသာရေးအဆောက်အအုံများကို ကရင်လူမျိုးတို့သည် ကရင်လူမျိုးတို့၏ ဥစ္စာအနေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၏။ ထိုဘာသာရေးအဆောက်အအုံတို့သည် ကရင်လူမျိုးတို့၏ လက္ခဏာနှင့်စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်မှုကို ဖော်ပြနေသော အမှတ်သင်္ကေတများ ဖြစ်ကြ၏။

ကရင်လူမျိုးသည် ကရင်လူမျိုး၏ ဥစ္စာဓနကို မဖျက်ဆီးကြကုန်လင့်။ ကရင်လူမျိုး၏ လက္ခဏာစရိုက် အမှတ်သင်္ကေတများ ပျောက်ပျက်မသွားပါစေနှင့်။ ဓာတ်တူသားကိုစား၍ ဟင်္သာကိုးသောင်းပျက်စီးရသော ထုံးဟောင်းကို အလေးအနက်ထားကာ သုံးသပ်ဆင်ခြင် ကြပါကုန်လော့။

အို-ကရင်အပေါင်းတို့ သင်တို့သည် လူကြီးလူကောင်းပီသစွာ သဘောထားကြီးကြကုန်လော့၊ အချင်းချင်းသည်းခံခွင့်ပေး အလေးထားကြကုန်လော့၊ ကရင်လူမျိုးတို့နေထိုင်ရာ ရပ်ရွာအတွင်း၌ ချမ်းသာကြွယ်ဝသောအိမ်များအလယ်အလတ်တန်းအိမ်များနှင့် ဆင်းရဲမွဲတေသောအိမ်များဟူ၍ အမျိုးမျိုး အစားစားရှိကြမည်ဖြစ်၏။ အဆိုပါ အိမ်သူအိမ်သား မိသားစုများသည် သူ့ခြံသူ့ဝင်း သူ့အခင်း အကျင်း၌သူတို့တတွေ နှစ်သက်ကျွမ်းကျင်သော ဘဝရပ်တည်ရေးလုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်နေထိုင်ကြမည် ဖြစ်သည်။လယ်လုပ်သူ, တောင်ယာ လုပ်သူ, ဈေးရောင်းသူ စသည်အားဖြင့် အမျိုးမျိုးရှိကြမည် ဖြစ်ပါသည်။ ထို့ပြင် သူနှစ်သက်သော ဘာသာဝါဒများကို ကိုးကွယ်ကြ ဆည်းကပ်ကြပေလိမ့်မည်။ ထိုသို့ နှစ်သက်ရာ ဘာသာဝါဒများကို ဆည်းကပ်ကိုးကွယ်ကြရာ၌ သင်ကိုးကွယ်သော ဘာသာနှင့် တူသူရှိသကဲ့သို့ မတူသူလည်း ရှိကြပေလိမ့်မည်။ ဤကိစ္စမှာသူတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်, ကိုယ်ပိုင်ဆုံးဖြတ်ခွင့်,

ကိုယ်ပိုင်ရပ်တည်ခွင့် ဖြစ်သောကြောင့် သင့်အနေဖြင့် ဝင်ရောက်စွက်ဖက် ရောယှက်သင့်သောအရာ မဟုတ်သည်ကို အလေးအနက် သုံးသပ်ဆင်ခြင်ပါ။

သင်က လယ်လုပ်နေသော်လည်း သင့်အိမ်နားက ဈေးရောင်းသူ ဖြစ်ချင်ဖြစ်မည်။ သင်က ကုန်သည်ပွဲစား လုပ်သော်လည်း သင့်အိမ်နားက ခြံလုပ်ငန်းလုပ်သူ ဖြစ်ချင်ဖြစ်မည်။ ဤကိစ္စမျိုးမှာလည်း ငါနှင့်လုပ်ငန်းခြင်းမတူဟု သဘောထား၍ ခွဲခြားနေစရာ မလိုပါ။ ဤကဲ့သို့ ကိစ္စမျိုးများ၌ ရောယှက်စွက်ဖက်နေသူတို့သည် အမျိုးအတွက် တန်ခိုးထက်အောင် လုပ်ဆောင်သူများ မဟုတ်ဘဲ တစ်မျိုးသားလုံး ဆုံးရှုံးနစ်နာအောင် မရှိသောပြဿနာကို မီးထွန်းရှာဖွေနေသော အမျိုးသား သစ္စာဖောက်များသာ ဖြစ်သည်ကို ရှင်းရှင်းကြီး သဘောပေါက်နားလည်ပါ။ နဖူးလက်တင် ဆင်ခြင်ပါ။

အမှန်စင်စစ် ကရင်လူမျိုးသည် မိမိလူမျိုးစုအတွင်း ခြားနားသော ယုံကြည်ကိုးကွယ်ခွင့်ကို အချင်းချင်း နားလည်မှုပေးသင့်သည်၊ မျက်စိပွင့် နားပွင့်နေကြပြီဖြစ်သော ကမ္ဘာ့လူသားအားလုံးတို့သည် အဆိုပါ ခြားနားသော ယုံကြည်ကိုးကွယ်ခွင့်ကို လူ့အခွင့်အရေး တစ်ရပ်အဖြစ် အညီအညွတ် အသိအမှတ် ပြုနေကြပြီ ဖြစ်ပါသည်။ သို့ပါလျက် ကရင်လူမျိုးတို့သည် ခြားနားသော ယုံကြည်ကိုးကွယ်မှုကို အသိအမှတ်မပြုနိုင်ကြဘဲ ကရင်လူမျိုးအချင်းချင်း ဘာသာရေး

လွှန်ဆွဲပွဲ၊ ဘာသာရေး ကူးပြောင်းပွဲတွေ အားပြိုင်မှုတွေ လုပ်နေကြလျှင် ကမ္ဘာ့အလယ်၌ မျက်စိပိတ် နားပိတ်၍ ပိတ်ပိတ်ကန်း လူတန်းစားတစ်ရပ်အဖြစ် နွံနစ် ကျွန်ဖြစ်ရုံးမှ တစ်ပါး အခြားမရှိနိုင်သည်ကို အတိအကျ ကျိန်စာတိုက်၍ ပြောရပါသည်။

ဤကမ္ဘာ၌ အသားအရောင် ကွဲပြားခြင်း ဘာသာဝါဒ ကွဲပြားခြင်း၊ စာပေယဉ်ကျေးမှု ကွဲပြားခြင်းစသော ကွဲပြားမှု များအပေါ် ခွဲခြားပြုမူသူတို့ကို အမြင်ကျဉ်းမြောင်းသူ၊ သဘောထားမကြီးမြတ်သူ၊ အောက်တန်းကျသော အတွေး အခေါ်ရှိသူ၊ တစ်ဖက်စွန်းရောက်သူဟု ရှုမြင်နေကြပြီဖြစ် သည်။

ကရင်လူမျိုးစုအတွင်း ဗုဒ္ဓဘာသာကို ယုံကြည်သော အင်အားစုက ခရစ်ယန်ဘာသာကို ယုံကြည်သော အင်အားစု များအပေါ် ဘာသာရေးအရ လွှမ်းမိုးနှိပ်ကွပ်၍ မရနိုင်သကဲ့သို့ ခရစ်ယန်ဘာသာဝင် အင်အားစုများကလည်း ဗုဒ္ဓဘာသာဝင် အင်အားစုများအပေါ် လွှမ်းမိုးနှိပ်ကွပ်၍ ရနိုင်မည်မဟုတ်ပါ။ မရနိုင်သောအလုပ်ကို ဆက်လုပ်နေခြင်းဖြင့် ကရင်လူမျိုး တို့၏ စည်းလုံးညီညွတ်မှုကို ဝါးအစည်းပြေသလိုသာ ဖြတ်သန်းလာခဲ့သော အတိတ်၊ ပစ္စုပ္ပန်ဘာသာရေး သမိုင်း ကြောင်းကိုလေ့လာပါ။ သခ်န်းစာယူပါ။

အို–ကရင်အပေါင်းတို့ သင်တို့၏ ကောင်းမွန်မြင့်မြတ်သော အစဉ်အလာ လက္ခဏာကောင်းများကို စောင့်ရှောက်ကာကွယ်ထားကြကုန်လော့၊ သင်နှင့်ထိုက်တန်၍ သင့်သန္တာန်၌ရှိသော ဘာသာတရား အဆုံးအမများကို လေးစားမြတ်နိုးတန်ဖိုးထားကြကုန်လော့၊ သင်သည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သော ဘိုးဘွားမိဘများမှ ပေါက်ဖွားသည်ဖြစ်အံ့ သင်၏ အသွေး၊ အသား၊ အရိုး၊ အကြော၊ ချဉ်ဆီများသည် ဗုဒ္ဓဘာသာ ဗုဒ္ဓဝါဒသာ ဖြစ်ကြကုန်၏။ ခရစ်ယန်ဘာသာ၌ ရေဖျန်း၊ ရေငုပ်၍ အခါတစ်ရာ မြုပ်သည့်တိုင် ဗုဒ္ဓဘာသာဖြစ်နေသော သင်၏ အသွေး၊ အသား၊ အရိုး၊ အကြော၊ ချဉ်ဆီများကား ပြောင်းလဲသွားမည် မဟုတ်ပါ။ အစဉ်အလာကောင်းများကို ဖောက်ဖျက်၍ ယောက်ယက်ခတ်နေသော သင့်စိတ်ဓာတ် အနေအထားကို သင့်အသွေး အသား အရိုး အကြော ချဉ်ဆီများက အံ့သြစရာဟု အသိအမှတ်ပြုမည် မဟုတ်ပါ။

သင်သည် ခရစ်ယန်ဘာသာကို ယုံကြည်ကိုးကွယ်သော ဘိုးဘွား မိဘများမှ ပေါက်ဖွားလာသည်ဖြစ်အံ့ သင်၏ အသွေး အသား အရိုး အကြော ချဉ်ဆီများသည်လည်း ခရစ်ယန်ဘာသာ ခရစ်ယန်ဝါဒသာ ဖြစ်ကြကုန်၏။ မည်သည့်ဘာသာသို့ ကူးပြောင်းသည်ဖြစ်စေ သင်၏ အသွေး အသားများက ပြောင်းလဲသွားကြမည် မဟုတ်ပါ။ အစဉ်အလာ

ကောင်းများကို ဖောက်ဖျက်၍ ယောက်ယက်ခပ်နေသော သင့်စိတ်ဓာတ် အနေအထားကို သင့်အသွေး အသား အရိုး အကြော ချဉ်ဆီများက အံ့သြစရာဟု အသိအမှတ်ပြုမည် မဟုတ်ပါ။

သင်သည် ခရစ်ယန်ဘာသာကို ယုံကြည် ကိုးကွယ်သော ဘိုးဘွားမိဘများမှ ပေါက်ဖွားလာသည်ဖြစ်အံ့ သင်၏ အသွေး အသား အရိုး အကြော ချဉ်ဆီများသည်လည်း ခရစ်ယန်ဘာသာ ခရစ်ယန်ဝါဒသာ ဖြစ်ကြကုန်၏။ မည်သည့် ဘာသာသို့ ကူးပြောင်းသည်ဖြစ်စေ သင်၏ အသွေး အသား များက ပြောင်းလဲသွားကြမည် မဟုတ်ပါ။ မိမိနှင့် ထိုက်တန်သော ဘဝအမှန်တရား ဘဝအလံတံခွန်များကို ဦးညွှတ်ရှေးရှု အလေးပြုကြကုန်လော့။



## ဘာသာတရားကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိသည်

ဤကမ္ဘာ၌ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို လူ့အဆင့်အတန်း မီသူတိုင်းက အလေးထားခွင့်ပြုကြသည်။ ယုတ်စွအဆုံး တောင်ပို့၊ သစ်ငုတ်၊ ကျောက်တုံးကို ကိုးကွယ်ယုံကြည်နေသည့်တိုင် ထိုသူတို့၏ ယုံကြည်ကိုးကွယ်မှုအပေါ် ကျူးကျော်၊ စော်ကား၊ ဟန့်တား၊ နှောက်ယှက်၊ စွက်ဖက်ခွင့်မရှိပေ။ သူတစ်ပါး၏ ယုံကြည်ကိုးကွယ်မှုအပေါ် ကျူးကျော်စွက်ဖက်နေသူများသည် အကြမ်းဖက်မျိုးစေ့ကို လိုက်လံကြဲချ ပေးနေသူများသာဖြစ်သည်။ လွတ်လပ်သောတိုင်းပြည်၌ နေထိုင်ကြသော ကရင်လူမျိုးတို့သည် လွတ်လပ်သော ကရင်တို့၏ လွတ်လပ်သော ယုံကြည်ကိုးကွယ်မှုအပေါ် ကရင်အချင်းချင်း ဘာသာကူးပြောင်းမှုကို လုပ်ဆောင်နေခြင်းဖြင့် ဘာသာရေးလွတ်လပ်ခွင့်ကို ဖျက်ဆီးရာ ရောက်သည့်ပြင် စည်းရုံးသိမ်းသွင်းသူရော ကူးပြောင်းဝင်ရောက်သူတွေပါ အမျိုးသား သွေးစည်းခိုင်မာရေးအတွက် တာဝန်ကင်းမဲ့လှပါသည်။

ရှေးရှေးကရင်အမျိုးသားတို့သည် အိမ်ဆောက်ရန် သစ်လို၍ တောထဲ တောင်ထဲ သစ်အရှာထွက်သောအခါ

မည်မျှကောင်းမွန်သည့် သစ်ပင်ကိုဖြစ်စေ ဒါးထစ်ရာတွေ့လျှင် တစ်ဦးတစ်ယောက်က မှတ်ထားပြီးဖြစ်သည်ဟု ခံယူ၍ ခုတ်ယူခြင်းမပြုဘဲ ဒါးထစ်ရာအမှတ်အသားကင်းသော သစ်ပင်များကိုသာ အိမ်ဆောက်ရန်အတွက် ခုတ်ယူအသုံးပြုကြသည်။ ဤအကြောင်းအရာကို ကရင်လူမျိုး အတော်များများ ကြားဘူးကြပြီး ဖြစ်ပါသည်။

ရှေးရှေးက ကရင်အမျိုးသားတို့၏ ကောင်းမွန်မြင့်မြတ်သော အကျင့်စရိုက်များကို ယနေ့ကရင် အမျိုးသားများ အလေးထား လိုက်နာရမှန်း မသိကြတော့ပေ။ ရှေးရှေးကရင်များက သူတစ်ပါး ဒါးထစ်ရာကိုတွေ့လျှင် သစ်ပင်ကိုမျှ မခုတ်မလဲခဲ့ကြသော်လည်း ယနေ့ ကရင်အမည်ခံထားသူတို့သည် အမျိုးကျင့်ဝတ်ကို ချိုးဖောက်၍ လက်ထဲရောက်နေပြီးသား သစ်ပင်ကိုပင် အနိုင်ကျင့်ကာ လုယူနေကြသည်။ အဆိုပါ ကရင်တို့၏လုပ်ရပ်ကို ပြင်းထန်စွာ ရှုတ်ချကြရမည်မှာ တစ်မျိုးသားလုံး၏ အကြီးမားဆုံးသော တာဝန်ပင် ဖြစ်သည်။

ဗုဒ္ဓဝါဒ ဗုဒ္ဓဘာသာ အမှတ်လက္ခဏာ ဒါးထစ်ရာကြီးသည် ကရင်လူမျိုးစုအတွင်း နှစ်ပေါင်း(၂)ထောင် ကျော်လွန်ခဲ့ပြီး ဖြစ်သည်။ ထိုမျှထင်ရှားကြီးမားသော အမှတ်လက္ခဏာကို တွေ့မြင်နေရပါလျက် ကရင်လူမျိုးစုအတွင်း ကရင်အချင်းချင်း ဘာသာရေးကူးပြောင်း ဆွဲသွင်းနေမှုများသည်

ကရင်လူမျိုးတို့၏ အစဉ်အလာကြီးများသော အမျိုးသား စိတ်ဓာတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ ပရဟိတ စိတ်ဓာတ်၊ ကိုယ်ချင်းစာစိတ်ဓာတ်များကို တစ်စစီဖြစ်အောင် လုပ်ဆောင် နေခြင်းသာဖြစ်သည်ကို ယနေ့ ကရင်အမျိုးသားထု တစ်ရပ် လုံး နက်ရှိုင်းစွာ သဘောပေါက်နားလည်ထားရမည့် အချိန်သို့ ရောက်နေပါပြီ။ ကရင်လူမျိုးစုအတွင်း ကြီးမားထင်ရှားသော အမှတ်လက္ခဏာများကို အသွင်ပြောင်း အရောင်ဆိုး၍ ကွယ်ပျောက်အောင် လုပ်ဆောင်ပစ်မည်ဟု ကြုံးဝါးလျက် လူအား ငွေအား ပုံအောသုံးသည့်တိုင်အောင် ရည်မှန်းရာသို့ မရောက်မီ လမ်းခုလတ်မှာပင် လမ်းကြောင်းပြောင်းကာ ချောက်ကမ်းပါးသို့သာ ရောက်သွားလေ့ရှိသည်ကို ကရင် လူမျိုးတိုင်း သတိရှိဖို့ လိုအပ်ပါသည်။

လူ့သမိုင်းကို လေ့လာလျှင် ယုံကြည်ကိုးကွယ်မှုနှင့် မကင်းကြောင်းတွေ့ရသည်။ လူ့သမိုင်းသည် ယုံကြည် ကိုးကွယ်မှု သမိုင်းပင်ဖြစ်သည်။ အဆိုပါ ယုံကြည်ကိုးကွယ် မှုပြုရာ ဘာသာတရားများသည် ဟိန္ဒူ(ဗြဟ္မဏ)ဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာအားဖြင့် မျက်မှောက်ကမ္ဘာ၌ ဘာသာကြီး(၄)ရပ်အဖြစ် ထင်ရှားသည်။ အခြားမထင်ရှားသော ဘာသာတရား အမည်များစွာ ရှိသေး သည်။

ဤဘာသာကြီး(၄)မျိုးကို မျက်မှောက်ကမ္ဘာကြီးက

လူသားတို့ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားအဖြစ် အသိအမှတ်ပြုထားကြသည်။ ငါတို့ကရင်လူမျိုးစုသည် သန်းခြောက်ထောင်ကျော် ကမ္ဘာ့လူသားနှင့် နှိုင်းစာလျှင် သေးငယ်လှသော အစိတ်အပိုင်း တစ်ခုမျှသာဖြစ်သည်။ ဤသေးငယ်လှသော ကရင်လူမျိုးစုသည် သန်းခြောက်ထောင်ကျော် လူသားထုကို လွှမ်းမိုးထားသော ဖော်ပြပါ ဘာသာတရားတစ်မျိုးမျိုးကို ပြောင်းလဲလွှမ်းမိုး အရောင်ဆိုးခြင်းငှာ ကြိုးစားအားထုတ်သည် ဖြစ်အံ့- ထိုကြိုးစားအားထုတ်မှုသည် အရာထင်သော ကြိုးစားအားထုတ်မှုမျိုး မဖြစ်နိုင်ပါ။

ကိုယ်ပိုင်လွတ်လပ်ခွင့်ကို မြတ်နိုးသူ တန်ဘိုးထားတတ်သူတို့သည် သူတစ်ပါး၏ လွတ်လပ်သော ယုံကြည်ကိုးကွယ်မှုကိုလည်း အမြတ်တနိုး တန်ဘိုးထားတတ်ရမြဲဖြစ်ပါသည်။ ကိုယ့်တန်ဖိုးကိုသာသိ၍ သူ့တန်ဖိုးကို အသိအမှတ် မပြုသူထက် တန်ဖိုးမဲ့သူ မိုက်မဲသူမျိုး မရှိနိုင်တော့ပါ။

ကရင်လူမျိုးသည် အယုံလွယ်သောအမျိုး ဖြစ်ပါသည်။ ထိုအယုံလွယ်မှုကို အားနာမှုက ပံ့ပိုးပေးတတ်ပြန်ပါသည်။ ယုံလွယ်မှု အားနာမှု နှစ်ခုလုံးသည် ကရင်လူမျိုးတို့အတွက် ကြောက်မက်ဖွယ် အကောင်းဆုံး ရန်သူများပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုယုံလွယ်မှု, အားနာမှုတံခါးပေါက်ကို အသုံးပြု၍ ကရင်လူမျိုးအတွင်း မလိုလား

အပ်သော ဘာသာရေးတင်းမာမှုများ အချိန်မရွေး ဝင်ရောက်ဖြစ်ပွားနိုင်သောကြောင့် ဖြစ်ပါသည်။

မိမိယုံကြည်နေသော ဘာသာတရားသည် မိမိလူမျိုးစုအတွင်း၌သာရှိသည်မဟုတ်။ ကမ္ဘာအနှံ့အပြားတွင် ရှိနေ၏။ ကျယ်ပြန့်ကြီးမားသော ဘာသာတရားကို ကျဉ်းမြောင်းသေးသိမ်အောင် လုပ်ဆောင်ခြင်းဖြင့် ကောင်းကျိုးတစ်စုံတစ်ရာ ဖြစ်လာဖွယ်မရှိ။ ဗုဒ္ဓဘာသာဝင် ကရင်တစ်ဦးကို ခရစ်ယန်ဘာသာသို့ ကူးပြောင်းဝင်ရောက်လာအောင် ဆွဲဆောင်ခြင်းသည် ကမ္ဘာ့အနှံ့ကျယ်ပြန့်စွာတည်ရှိသော ဗုဒ္ဓဘာသာကို ကျဉ်းမြောင်းသေးသိမ်အောင် လုပ်ဆောင်ရာရောက်၏။ ခရစ်ယန်ဘာသာဝင် ကရင်တစ်ဦးကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် သိမ်းသွင်းဆွဲဆောင်ခြင်းသည်လည်း ကမ္ဘာအနှံ့ကျယ်ပြန့်စွာတည်ရှိနေသော ခရစ်ယန်ဘာသာကို ကျဉ်းမြောင်းသေးသိမ်အောင် လုပ်ဆောင်ရာရောက်၏။

ထို့ထက် ကျဉ်းမြောင်းသေးသိမ်အောင် ပြောဆိုလုပ်ဆောင်နေသော အသုံးအနှုန်း၊ အနှောင်အဖွဲ့များ ကရင်လူမျိုးအတွင်း ကြားနေရသေး၏။ ငါ့ကိုချစ်ရင် ငါ့ဘာသာထဲဝင်၊ ငါ့ကိုလိုချင်တယ်ဆိုရင် ငါ့ဘာသာထဲဝင် စသည်ဖြင့် ဤအပြောအဆို အသုံးအနှုန်းများသည် ယုံကြည်ထားသော ဘာသာတရားကို ကိုယ်စားပြုလေယောင် ထင်မှတ်၍ ဘာသာတရားကို တန်ဖိုးမဲ့အောင် သိက္ခာချရာရောက်သော စကား

ဖြစ်ကြောင်း ကရင်လူမျိုးများ သတိမထားမိကြပေ။ မိန်းမ ယောကျ်ား နှစ်ဦးသားတို့၏ ချစ်ရေးချစ်ရာ ခြင်နှောင်တွင်းရှိ ပြဿနာထဲသို့ အဘယ်ကြောင့် ယုံကြည်ကိုးကွယ်ရာ ဘာသာ တရားကို ဆွဲသွင်းနေရပါသနည်း။ ခရစ်ယန်တရားတော်၌ ဤကဲ့သို့ ဘာသာတရားကို သိက္ခာချပြောဆိုရန် သွန်သင် ထားပါသလော။ ဝေါဟာရမကြွယ်သော ကရင်လူမျိုးတို့၏ အသုံးအနှုန်းသည် ဘာသာတရားကို ဂုဏ်တင်ရာမရောက်ဘဲ ဘာသာတရားကို ယောကျ်ားအကြိုက် မိန်းမပျို ကိုယ်ခန္ဓာနှင့် အတူပြု နှိုင်းယှဉ်ခြင်းဖြင့် ဂုဏ်သိက္ခာမဲ့စေပါသည်။

ဤနေရာ၌ မိန်းမပျိုသည် မိမိအပေါ် အမျိုးသား တစ်ယောက်၏ ချစ်ခင်စုံမက်နေမှုမျိုးနှင့် ဘာသာတရားအပေါ် ယုံကြည်ကိုးကွယ်မှုမျိုးသည် အတူတူပင်ဖြစ်သည်ဟု မရှင်း မလင်း ရောထွေးပြောဆိုနေကြောင်း သိသာပါသည်။ သို့ရာတွင် အမျိုးသမီးဖက်က အကြောင်းပြစရာ ရှိပါသည်။ ဘာသာမတူသူကို လက်ထပ်လျှင် စည်းလုံးညီညွတ်ရေး, အိမ်ထောင်ရေး, သားသမီးအရေး၌ ရှုတ်ထွေးစရာရှိ၍ ထိုအတိုင်း ပြောရပါသည်ဟု ချေပခွင့် ရှိသော်လည်း ပစ္စက္ခ ဖြစ်စဉ်က ထိုချေပချက်ကို ပယ်ဖျက်နေလျက် ရှိပါသည်။ အကြောင်းကား ဗုဒ္ဓဘာသာဝင် အိမ်ထောင်သည် မိသားစုများ အတွင်းသို့ မမ္မဆရာများက ခရစ်ယန်ဘာသာသို့ ကူးပြောင်း ရေးအတွက် ဆောင်ရွက်နေကြသောကြောင့် ဖြစ်ပါသည်။

ဤဖြစ်စဉ်နှစ်ရပ်ကို ချိန်ဆ၍သုံးသပ်လျှင် ''ငါ့ကိုချစ်ရင် ငါ့ဘာသာထဲဝင်, ငါ့ကိုလိုချင်တယ်ဆိုရင် ငါ့ဘာသာထဲဝင်''ဟု ပြောဆိုသော ကရင်အမျိုးသမီးသည်-

၁။ ဘာသာအတွက် မိမိကိုယ်ခန္ဓာကို အရင်းအနှီးပေး၍ စည်းရုံးရာ ရောက်သည်။

၂။ လင်မယား အချစ်မျိုးနှင့် ယုံကြည်ကိုးကွယ်မှု အပေါ် ကွဲပြားစွာ နားလည်မှု မရှိကြောင်း ဖော်ပြရာ ရောက်သည်။

၃။ စည်းလုံးညီညွတ်မှု ရှိရန်နှင့်, သားသမီးအရေး မရှုတ်ထွေးစေရန် ပြောဆိုရာ ရောက်သည်။

ဓမ္မဆရာများ၏ ဗုဒ္ဓဘာသာဝင် မိသားစုများ အတွင်း ဘာသာကူးပြောင်းစေခြင်းသည် အမျိုးသမီး၏ အမှတ်(၃) ဆိုလိုချက်နှင့် လုံးဝကွဲလွဲ ဆန့်ကျင်သောကြောင့် မိသားစု အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲရန်၊ သားသမီးအရေး ရှုတ်ထွေးစေရန် လုပ်ဆောင်ရာရောက်ကြောင်း ထင်ရှားရှိနေပါတော့သည်။

သို့ဖြစ်၍ ကရင်လူမျိုးများသည် မိမိ၏ဘာသာတရားကို အစဉ်သဖြင့် ဂုဏ်မြင့်အောင် ပြောဆိုလုပ်ဆောင်သင့်ပါသည်။ ထို့ပြင် စည်းလုံးညီညွတ်မှုများ ပျက်ပြားစေမည့် အပြုအမူများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍

ရှောင်ကြဉ်ရမည် ဖြစ်သည်။ ကရင်လူမျိုးတိုင်း အလေး
အနက်သတိပြုရန် အချက်တစ်ခုရှိပါသည်။ ထိုအချက်မှာ
"လွတ်လပ်သော ယုံကြည်မှု၌ အနှောင်အဖွဲ့မရှိ" ဟူ၍
ဖြစ်ပါသည်။ နှောင်ကြိုးမဲ့သော ယုံကြည်မှုသည်သာ
လွတ်လပ်မှုကို ကိုယ်စားပြုနိုင်ပါသည်။ သင့်အပေါ်၌ ကျွန်ုပ်
၏ ရက်ရောကူညီမှုများသည် ကျွန်ုပ်အတွက်ဖြစ်သည်၊
သို့မဟုတ် ဘာသာအတွက်ဖြစ်သည်ဟုဆိုလျှင် ထိုရက်ရော
ကူညီမှုသည် ရှည်လျားခိုင်မာသော နှောင်ကြိုးသာဖြစ်ကြောင်း
နားလည်ထားကြရပေမည်။

မိမိအတွက်ဖြစ်စေ၊ ဘာသာအတွက်ဖြစ်စေ တစ်စုံ
တစ်ခု ရယူလိုသော မျှော်လင့်ချက်မျိုးဖြင့် ကရင်လူမျိုးတို့၏
အခက်အခဲကို ဖြေရှင်းရန် ကြိုးစားခြင်းသည် ရိုးသားဖြူစင်
သော နှောင်ကြိုးမဲ့သော ဖြေရှင်းမှုမျိုး မဖြစ်နိုင်ပါ။ မိမိ
အတွက် ဘာသာအတွက် ရည်ရွယ်ဖြေရှင်းသော အခက်အခဲ
များသည် တဒင်္ဂပြေလည်မှုမျိုးသာ ဖြစ်နိုင်သည်။ နှောင်ကြိုး
မဲ့သော ဖြေရှင်းမှုမျိုးသည်သာ ကရင်လူမျိုးများအတွက်
အာမခံချက်ရှိသော ဖြေရှင်းမှုမျိုး ဖြစ်နိုင်ပါသည်။ ကရင်လူမျိုး
အပေါ် ချစ်ခင်မြတ်နိုးသူသည် ကရင်လူမျိုးများအတွက်
အနှောင်အဖွဲ့ကင်းသော၊ နှောင်ကြိုးမဲ့သော ဖြေရှင်းမှုမျိုး
ကိုသာ ပြုလုပ်ပေးသင့်ပါသည်။

ထူးချွန်ပြောင်မြောက်သော ကျောင်းသားတစ်ယောက်

ဖြစ်လာရန် ဆရာတစ်ဦးမက သွန်သင်ပြသရသည်။ မိဘ အုပ်ထိန်းသူများကလည်း ထိုကျောင်းသား၏ စာရိတ္တ ကောင်းမွန်ရေး, ကျန်းမာကြံ့ခိုင်ရေး စသည်ကို ဝိုင်းဝန်း တာဝန်ယူရသည်။ တစ်ဦးထက်ပိုလွန်သော ဆရာများ၏ အသင်အပြ၊ မိဘအုပ်ထိန်းသူတို့၏ ကြီးကြပ်မှုကို ခံယူမှသာ ရည်မှန်းရာပန်းတိုင်သို့ ရောက်နိုင်မည် ဖြစ်ပါသည်။ ကရင် လူမျိုးသည် ထူးချွန်မည့် ကျောင်းသားတစ်ဦးနှင့် တူပါသည်။ ဘာသာတရားများသည် ကျောင်းသားကို သင်ပြထိန်းကျောင်း သော ဆရာမိဘများနှင့် တူပါသည်။ မိဘဆရာနှင့်တူသော ဘာသာတရား၏ အဆုံးအမများကို လိုက်နာမှသာ ကျောင်းသားနှင့်တူသော ကရင်လူမျိုးသည် ရည်မှန်းရာ ပန်းတိုင်သို့ ရောက်နိုင်မည် ဖြစ်ပါသည်။ "ဆရာများ သား သေ" စကားပုံသည် ပညာသင်ရေး တိုးတက်ကြီးပွားရေး၌ စံပြုရန် မဟုတ်ပါ။ ရောဂါကုသရာ, ဆေးသောက်သုံးရာ တို့၌သာ အသုံးပြုရပါသည်။

ကရင်လူမျိုး၌ ထင်ရှားသော ဆရာနှစ်ယောက် ရှိပါ သည်။ ထိုဆရာမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယန်ဘာသာပင် ဖြစ်ပါသည်။ ဆရာတို့မည်သည် တပည့်တို့၏ ကောင်းကျိုးကို လိုလားမြဲဖြစ်ပါသည်။ တပည့်တို့၏ အကျိုးမဲ့ကို ဆရာ တို့သည် အလိုမရှိပါ။ ဤအချက်သည် ဆရာများ၌ တူညီ နေသောအချက် ဖြစ်ပါသည်။ ရွာတစ်ရွာ၌ ဖြစ်စေ,

မြို့တစ်မြို့၌ ဖြစ်စေ ဆရာတပည့်တို့၏ စည်းလုံးညီညွတ်မှု, အောင်မြင်ကျော်ကြားမှုကို အခြားတစ်ရွာ အခြားတစ်မြို့ရှိ ဆရာတပည့်များသည် အားကျဂုဏ်ယူကြသည်။ အတုယူ ယှဉ်ပြိုင်ကြသည်။ အဆုံးတစ်နေ့တွင် ဆရာအချင်းချင်း တပည့်အချင်းချင်း ပူးပေါင်းဖလှယ်၍ သင်ကြားပုံ နည်းစနစ်များ အဆင့်ဆင့်မြှင့်တင်ခြင်း, လိုအပ်ချက်များ ဖြည့်စွက်ခြင်းဖြင့် အောင်မြင်ကျော်ကြားမှုကို ညီတူညီမျှ ရရှိနိုင်ကြသည်။ ရယူပိုင်ဆိုင်နိုင်ကြသည်။

ဤအတိုင်းပင် ဗုဒ္ဓဘာသာဆရာနှင့် ဗုဒ္ဓဘာသာဝင်ကရင်တပည့်များ၊ ခရစ်ယန်ဘာသာဆရာနှင့် ခရစ်ယန်ဘာသာဝင် ကရင်တပည့်များသည်လည်း ဆရာအချင်းချင်း, တပည့်အချင်းချင်း ပူးပေါင်းဖလှယ်၍ ဘာသာရေးကျင့်စဉ်များအပေါ် လိုက်နာကျင့်သုံးရန် တူညီသောအချက်များ, နည်းစနစ်များ မြှင့်တင်ဖြည့်စွက်ခြင်းဖြင့်သာ ကရင်လူမျိုးတို့၏ ကောင်းကျိုးကို သယ်ပိုးနိုင်ကြပေမည်။ ကျောင်းတစ်ကျောင်းရှိ ဆရာတပည့်တို့၏ အောင်မြင်မှုကို အခြားတစ်ကျောင်းက မနာလိုဝန်တိုစိတ်ဖြင့် ဖိနှိပ်ဖြိုဖျက် အသရေပျက်အောင် လုပ်ဆောင်လျှင် ခံရသူရော လုပ်ဆောင်သူပါ နစ်နာဆုံးရှုံးရမည်သာ ဖြစ်ပါသည်။ ဤအတိုင်းပင် ဗုဒ္ဓဘာသာဝင်ကရင်နှင့် ခရစ်ယန်ဘာသာဝင် ကရင်တို့သည် တစ်ဖက်နှင့် တစ်ဖက် ပေါင်းဖွဲ့စည်းလုံးနိုင်သော နည်းစနစ်မျိုးကို ဤခေတ်

ဤအခါ၌ မဖော်ထုတ်နိုင် မကျင့်သုံးနိုင်လျှင် ကရင်လူမျိုး၏ အနာဂါတ်သည် အာမခံချက်မရှိပါ။

ဗုဒ္ဓဘာသာဝင် ကရင်နှင့် ခရစ်ယာန်ဘာသာဝင် ကရင်တို့သည် တစ်ဖက်နှင့်တစ်ဖက် အထင်သေးမှုများ မရှိအောင် ပထမဦးစွာကျင့်သုံးသင့်ပါသည်။ အထင်သေးခြင်းသည် ကရင်လူမျိုးတို့၏ မျိုးဖက်ရန်သူ ဖြစ်ပါသည်။ အထင်သေးတတ်သူသည် မည်သည့်အခါမျှ အထင်ကြီးခံရမည် မဟုတ်ပါ။ အဆိုပါ အထင်အမြင်သေးခြင်းမှ မနာလိုဝန်တိုစိတ်များ, ဖိနှိပ်ဖြိုဖျက်လိုသောစိတ်များ ပေါ်ပေါက်လာပါသည်။ ထိုစိတ်၏ တိုက်တွန်းမှုကြောင့် တစ်ဖက်ဘာသာဝင်တို့အပေါ် အသိအမှတ်ပြုရမှန်း, အလေးထား လေးစားရမှန်း မသိတော့ဘဲ လူ့တန်ဘိုးနှင့် လူ့အခွင့်အရေးကို နင်းချေကာ သူ့ဘာသာ ငါ့ဘာသာဟူသော အတ္တစိတ်ဖြင့် ဘာသာဝင်အင်အားပေါများလာရန် ကရင်လူမျိုးစုအတွင်း ဘာသာရေးသိမ်းသွင်းပြောင်းလဲစေမှုများ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင် ကရင်ကို ဗုဒ္ဓဘာသာဆရာနှင့်ခွဲပြီး၊ ခရစ်ယာန်ဘာသာဆရာနှင့် တွဲစေရုံ တွဲထားရုံမျှဖြင့် ကရင်ဘဝကို မြှင့်တင်နိုင်မည် မဟုတ်ပါ။ ဗုဒ္ဓဘာသာဝင် ကရင်သည် ဗုဒ္ဓဘာသာဆရာနှင့် အတူတကွ နေထိုင်သွားခြင်းဖြင့် ကရင်ဘဝ နိမ့်ကျသွားနိုင် စရာမရှိပါ။ ထို့ကြောင့် သူ့ဆရာနှင့် သူတပည့်ကို ခွဲထုတ်, ဆွဲထုတ်ခြင်းသည် တရားမဲ့သော,

မျှတမှု မရှိသော လုပ်ရပ်မျိုးသာ ဖြစ်သည်။ ထိုလုပ်ရပ်မျိုးကို ကရင် တစ်မျိုးသားလုံးက ရှုတ်ချကြရမည်။

ထို့ပြင် ဗုဒ္ဓဘာသာမိသားစုထဲမှ တစ်ဦးတစ်ယောက်ကို ဆွဲထုတ်၊ ခွဲထုတ်၍ ခရစ်ယန်ဘာသာ မိဘဆရာနှင့် တွဲစေရုံမျှဖြင့် ကရင်ဘဝ မတိုးတက်နိုင်ပါ။ တိုးတက်လျှင်လည်း အာမခံချက်ရှိသော ရေရှည်တိုးတက်မှုမျိုး မဖြစ်နိုင်ပါ။

မိသားစုတစ်စုမှ တစ်ဦးတစ်ယောက်ကို ခွဲထုတ်၊ ဆွဲထုတ်ခြင်း၊ ရွာတစ်ရွာမှထက်ဝက်ကို ခွဲထုတ်၊ ဆွဲထုတ်ခြင်းတို့သည် မိသားစုအတွင်း ရပ်ရွာအတွင်း စည်းလုံးညီညွတ်မှုကို ဘာသာရေးဖြင့် အရှက်မဲ့စွာ ဖြိုခွဲဖျက်ဆီးခြင်းသာဖြစ်သည်ကို ကရင်လူမျိုးတိုင်း သိထားကြပါ။

ခရစ်ယန်ရပ်ရွာရှိ ခရစ်ယန်ဘာသာဝင် ကရင်များသည် ဗုဒ္ဓဘာသာ ဗုဒ္ဓအဆုံးအမ တရားတော်ကို နာကြားလိုလျှင် ဗုဒ္ဓဘာသာသို့ ဝင်ရောက်ဖို့မလိုဘဲ နာကြားနိုင်ခွင့်၊ ကျင့်ကြံနိုင်ခွင့် ရှိသကဲ့သို့ ဗုဒ္ဓဘာသာရပ်ရွာရှိ ဗုဒ္ဓဘာသာဝင် ကရင်များသည်လည်း ခရစ်ယန်ဘာသာ ခရစ်ယန်တရားကို နာကြားလိုလျှင် ခရစ်ယန်ဘာသာသို့ ဝင်ရောက်ဖို့ မလိုဘဲ နာကြားနိုင်ခွင့် ရှိပါသည်။ ဤသို့ မိမိတို့၏ အခွင့်ရေးကို သိရှိနားလည် ထားကြလျှင် ဘာသာကူးပြောင်းရေးကိစ္စသည် ကရင်လူမျိုးတို့၏ အရေးကိစ္စမဟုတ်ကြောင်း သိသာထင်ရှား

လုပါသည်။ မိမိတို့၏ ကိုယ်ပိုင်အခွင့်အရေးကို မသိသူတို့ကို သာ ဘာသာကူးပြောင်းရေးသမားတို့က စည်းရုံးနိုင်ကြပါ သည်။

ကရင်လူမျိုးတို့၏ အရေးကိစ္စမဟုတ်သော အကူး အပြောင်းကိစ္စကို ဘာသာကူးပြောင်းရေးမှူးတို့သည် ကရင် လူမျိုးအတွက် ဆောင်ရွက်နေကြလေယောင် ဟန်ဆောင်၍ ဘိုးဘွားမိဘ အုပ်ထိန်းသူ ဇနီး၊ ခင်ပွန်း၊ ညီအကို မောင်နှမ မိသားစုဆန္ဒ၊ ပတ်ဝန်းကျင်ဆန္ဒနှင့် အရပ်ရပ်သော ထောက်ထားငဲ့ကွက်စရာ အစဉ်အလာမှန်သမျှကို မထောက် မထား၊ ပတ်သက်သူ မှန်သမျှတို့၏ ခွင့်ပြုချက် သဘောတူညီ ချက်ကိုမျှ မရမယူကြပါဘဲ သူတစ်ပါးတို့၏ ဇနီးမယား၊ သားသမီးတွေကို ဘာသာဝင် တိုးပွားရေးအတွက် ခရစ်ယန် ဘာသာသို့ လက်လွှတ်စပယ် အလွယ်တကူရယူကူးပြောင်း စေခြင်း၊ ယုံကြည်စေခြင်းတို့သည် လူမှုကျင့်ဝတ်ကို ချိုးဖောက် ရာရောက်ပါသည်။ ထို့ပြင် လွတ်လပ်သောယုံကြည်ကိုးကွယ် ခွင့်ကို ငြင်းပယ်စွက်ဖက် နှောက်ယှက် ဖျက်ဆီးရာ ရောက်ပါ သည်။ ဤကိစ္စမျိုးကို ဘာသာကူးပြောင်းရေးမှူးတို့သည် ရိုးသားနုံအ၍ တောကျလွန်းသော ဗုဒ္ဓဘာသာဝင် ကရင် လူမျိုးစုအတွင်း၌သာ တွင်ကျယ်စွာ လုပ်ဆောင်နိုင်ကြ ပါသည်။ လူမှုရေး ဗဟုသုတ အသင့်အတင့် ရှိသူများပင် လက်သင့်ခံနိုင်စရာမရှိသော အထက်ပါ လုပ်ရပ်မျိုးကို

ကရင်လူမျိုးတိုးတက်ရေး လုပ်ငန်းဟု အမည်တပ်ထားရုံဖြင့် လက်သင့်ခံထိုက်ပါသလော?

ကရင်လူမျိုးစုအတွင်း စည်းလုံးညီညွတ်ခြင်းကို ပျက်ပြားဆုတ်ယုတ်စေသော မည်သည့်အပြုအမူမျိုး လုပ်ငန်းမျိုးကိုမဆို ပြတ်သားစွာ ရပ်တည်ဆန့်ကျင်ကြရမည် ဖြစ်ပါသည်။ လူမျိုးစုတစ်ခုလုံး၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင် လုပ်ဆောင်သော လုပ်ငန်းမျိုးထက် ကြမ်းတမ်းရက်စက်သော လုပ်ငန်းမျိုး မရှိနိုင်တော့ပါ။ ထို လုပ်ငန်းမျိုးကို လုပ်ဆောင်သော မည်သည့်ကရင်ကိုမဆို အမျိုးသားသစ္စာဖောက်အဖြစ် တညီတညွတ်တည်း အသိအမှတ်ပြုကာ ဝိုင်းပယ်ကြရမည် ဖြစ်ပါသည်။ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်းထက် ကြီးမားသော အန္တရာယ်မျိုး မရှိသောကြောင့် ကရင်အမျိုးသားတို့သည် မိမိတို့၏ အမျိုးသားစည်းလုံး ညီညွတ်ရေးအတွက် အခိုင်အမာရပ်တည်ကြပါ။

ဘာသာတရားများ၏ အဆုံးအမသည် စည်းလုံးညီညွတ်ရေးကို အားပေးသည်။ ဘာသာတရားအတွက် စည်းလုံးညီညွတ်မှုကို ပယ်ဖျက်ရလျှင် ထိုဘာသာတရား၏ အားနည်းချက် ချို့ယွင်းချက် မဟုတ်နိုင်ပါ။ အဆိုပါ ဘာသာကို အမှီပြု၍ ဘာသာတရားကို ခုတုံးပြုနေသူများ၏ အားနည်းချက်, ချို့ယွင်းချက်သာဖြစ်ရမည်။ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော ဘာသာတရားဟူ၍

ဤကမ္ဘာ၌ မရှိနိုင်ပါ။ ဘာသာတရားကို လက်ခံကျင့်သုံးသူ၏ ကျဉ်းမြောင်းသေးသိမ်၍ အောက်တန်းကျလွန်းသော, အဆင့်အတန်းမဲ့သော အတွေးအမြင်, အယူအဆများကသာ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်းဖြစ်ပါသည်။ ဘာသာတရားနှင့် ဘာသာကို အသုံးချခုတုံးပြုနေသော အမျိုးဖျက် ဖောက်ပြန်ရေးသမားတို့ကို ကွဲပြားစွာ ရှုမြင်ထားကြပါ။

# ဘာသာတရားနှင့် လက်ခံကျင့်သုံးသူ

ဘာသာတရားသည် လူသားတို့၏ ဆရာဖြစ်၏။ ဆရာသည် တပည့်ကောင်းကျိုးကို လိုလားမြဲဖြစ်သည်။ သို့ပါလျက် ဆရာကြောင့် တပည့်များမှ စည်းလုံးညီညွတ်မှု ပျက်ပြားရသည်ဆိုလျှင် သဘာဝယုတ္တိကင်းမဲ့လှသည်။ ဘာသာသည် ကရင်လူမျိုးကို မကွဲပြားစေပါ။ အဆင့်မရှိသော, အတွေးတိမ်သော ဘာသာဝင်များသာ ကရင်ကို ကွဲပြားစေပါသည်။ ဤအချက်ကို ကွက်ကွက် ကွင်းကွင်း သိထားမြင်ထားဖို့ လိုပါသည်။ ဘာသာတရားသည် ကရင် လူမျိုးမဟုတ်ပါ။ ကရင်လူမျိုးမဟုတ်သော ဘာသာ တရားကို ကရင်လူမျိုးများက "ငါ့ဘာသာ၊ ငါ့ဘာသာထဲ ဝင်ပါ"ဟု ကရင်နှင့် ဘာသာတရားကို ရောနှော လုံးထွေး၍ ပြောဆိုနေကြသည်မှာ ရှင်းပြီးသားကို ရှုတ်ထွေးစေပါသည်။

ဤကမ္ဘာ၌ ဘာသာတရားများစွာ ရှိပါသော်လည်း ကရင်လူမျိုးကား တစ်မျိုးသာရှိပါသည်။ များစွာသော ဘာသာ တရားတို့တွင် ဗုဒ္ဓဘာသာ ခရစ်ယာန်ဘာသာ အပါအဝင် ဘာသာတရား တစ်မျိုးစီ တစ်မျိုးစီကို ကိုးကွယ်သော လူဦးရေသည် ကမ္ဘာအနှံ့အပြား၌ အလွန်များ၏။ ကရင် လူမျိုးစု၏ အရေအတွက်သည် ဘာသာတရား တစ်မျိုးစီကို

ကိုးကွယ်နေကြသော ကမ္ဘာ့လူဦးရေ၏ အရေအတွက်နှင့် နှိုင်းယှဉ်လျှင် တစ်ရာပုံတစ်ပုံမျှပင် ရှိမည်မထင်ပါ။ ထိုမျှ အရေအတွက် နည်းပါးနေသော ကရင်လူမျိုးသည် ဗုဒ္ဓ ဘာသာနှင့် ခရစ်ယန်ဘာသာကို ခွဲဝေကိုးကွယ် ထားကြ ပြန်သည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်သော ကရင်ဦးရေသည် မြန်မာနိုင်ငံရှိ ဗမာ, ရခိုင်, မွန်, ရှမ်း ဗုဒ္ဓဘာသာ ဦးရေနှင့် နှိုင်းယှဉ်လျှင်လည်း အလွန်နည်းပါးလှကြောင်း သိသာ ထင်ရှားသည်။ ထိုင်း, သီရိလင်္ကာ, ကိုရီးယား, ဂျပန်, ကမ္ဘောဒီးယား စသော ဗုဒ္ဓဘာသာနိုင်ငံ လူဦးရေနှင့် နှိုင်းစာလျှင် ဗုဒ္ဓဘာသာ ကရင်လူဦးရေသည် မဆိုစလောက် အနည်းငယ်မျှသာ ရှိပါသည်။ ခရစ်ယန်ဘာသာဝင် ကရင် လူဦးရေကို ဥရောပရှိ ခရစ်ယန်ဘာသာဝင်နှင့် နှိုင်းယှဉ် လျှင်လည်း ထိုအတိုင်းပင် သေးမွှားသော အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်နိုင်စရာရှိ၏။ သို့ပါလျက် ကရင်များသည် မိမိတို့၏ အတိုင်းအတာ ပမာဏကို နားလည်သဘောပေါက် ခြင်းမရှိဘဲ "ငါ့ဘာသာ ငါ့ဘာသာထဲ ဝင်ပါ" ဟု ပြောနေကြ စည်းရုံးနေကြသည်မှာ အမှန်စင်စစ် ရယ်စရာသာဖြစ်၏။

ဗုဒ္ဓဘာသာဝင် ကရင်နှင့် ခရစ်ယန်ဘာသာဝင် ကရင် များကို ပြောလိုပါသည်။ သင်တို့သည် သင်တို့ ကိုးကွယ်သော ဘာသာတရားကို ကရင်လူမျိုးဟု ထင်ကြပါသလော၊ သို့မဟုတ် ကရင်လူမျိုးအတွက်သာ ဖြစ်ပေါ်လာသော ဘာသာ

တရားဟု ထင်ပါသလော၊ ဤထင်မြင်ချက်သာ အမှန်ဖြစ်ပါက အဆိုပါ ဘာသာတရားများသည် ကရင်လူမျိုး၌သာ ရှိရမည် ဖြစ်ပါသည်။ ယခုမူ သင်တို့ထင်သလို မဟုတ်ဘဲ သင်တို့ဘာသာ သင်တို့ဥစ္စာဟု ယူဆထားသော ဘာသာတရားသည် ကမ္ဘာပေါ်ရှိ လူများစွာတို့၏ အထဲ၌လည်း ရှိနေသည်ကို သိထားပါ။ လက်တစ်ဆုပ်စာ ကရင်လူမျိုးတစ်စုက ဗုဒ္ဓဘာသာ, ခရစ်ယာန်ဘာသာကို "ငါ့ဘာသာ ငါ့ဘာသာထဲ ဝင်ပါ" ဟု ပြောဆိုနေခြင်းသည် ဘာသာကို ကိုယ်စားမပြုနိုင်သလို လူမျိုးကိုလည်း အကျိုးမပြုနိုင်ပါ။

ကမ္ဘာအနှံ့ ကျယ်ပြန့်ကြီးမားသော ဘာသာတရားကို ငါ့ဟာ, ငါ့ဥစ္စာ, ငါ့ဘာသာ ဟု စွဲလမ်းပြောဆိုခြင်းသည် ကောင်းကင်ရှိ လနေနက္ခတ်များကို ငါ့လ, ငါ့နေ, ငါ့ကြယ်တွေဟု မိုက်မဲစွာပြောဆိုနေသော အရူးအနှမ်းပမာ အနှစ်သာရ ကင်းမဲ့လှပါသည်။ ဤကမ္ဘာ၌ ဦးနှောက်နှင့် အာရုံကြော မပျက်သူ, စိတ်မှန်သူတို့သည် ကောင်းကင်က လနေ နက္ခတ်များကို ငါ့ဟာ, ငါ့ဥစ္စာဟု မည်သည့်အခါမျှ ပြောဆိုညွှန်ပြ သိမ်းသွင်းစည်းရုံးကြမည် မဟုတ်ပါ။

အသိဉာဏ်နည်းသူ ဗုဒ္ဓဘာသာကရင် ခရစ်ယာန်ကရင်တို့သည် အချင်းချင်းကို ရှုမြင်သုံးသပ်ရာ၌ လူမျိုးအရ တူညီနေသောအချက်ကို ဘေးဖယ်၍ မတူသော ဘာသာတရားကိုသာ ရှေ့တန်းတင် ရှုမြင်ကြ၏။ ထိုဘာသာ

တရားသည် ကမ္ဘာနှံ့ ကျယ်ပြန့်နေသောကြောင့် ကရင်လူမျိုးနှင့် ပူးပေါင်းရှုမြင်သောအခါ အံ့ဝင်ခွင်ကျမဖြစ်ဘဲ အံတင်နေကြပါတော့သည်။ အဆိုပါ အံတင်မှုသည် ဘာသာတရားအပေါ် တလွဲတချော် ခံယူထားသောကြောင့်ဖြစ်သည်။ ဘာသာတရားကို အတ္တလွန်ကဲသောစိတ်ဖြင့် ငါ့ဘာသာ-ဟု မှားမှားယွင်းယွင်း ခံယူထားသောကြောင့် ဖြစ်သည်။ ငါ့ဘာသာဟု ထင်သော်လည်း အဆိုပါ ငါ့ဘာသာကို ကမ္ဘာပေါ်ရှိ လူအများအပြားလည်း လက်ခံယုံကြည်နေသည်ကို သတိပြုဖို့ လိုပါသည်။ အကယ်၍ ထိုအချက်ကို သတိမပြုမိပါက လ, နေ, နက္ခတ်ကို ငါ့ဥစ္စာဟု ထင်မှတ်ပြောဆိုနေသော အရူးအနှမ်းနှင့် ဘာမှထူးခြားမည် မဟုတ်ပါ။

အထက်ကောင်းကင်ကို မော့ကြည့်ပါ။ မိုးသားမရှိလျှင် နေ့ဖက်မှာ နေကိုမြင်ရမည်။ ညဖက်မှာ လဆန်းရက်ဖြစ်လျှင် လနှင့်ကြယ်များစွာကို တွေ့ရမည်။ ထိုနေ, လ, နက္ခတ်တို့သည် လူသားအားလုံးအတွက် အလင်းပေးနေကြ၏။ အလင်းကိုပေးရာ၌ ခွဲခြားမှုမရှိ၊ ကန့်သတ်ချက်မပါ၊ ဘောင်ခတ်မထား၊ လူသားတို့အထံမှ တစ်စုံတစ်ခုသော အကျိုးပြု တုံ့ပြန်လာမှုမျိုးကိုမျှလည်း မလိုလား၊ လူသားတို့ကား အလင်းအားကို ရယူအသုံးပြု၍ ကြီးပွားကြ၏။ ချမ်းသာတိုးတက်ကြ၏။ အလင်းနှင့်ပတ်သက်၍ အနှောင်အဖွဲ့ကင်းကြ၏။

အို-ကရင်အပေါင်းတို့ အလေးအနက် စဉ်းစားကြကုန်လော့၊ သင်တို့သည် ဘာသာတရားအပေါ် မည်သို့မည်ပုံ ရှုမြင်လက်ခံသင့်ပါသနည်း၊ ဘာသာတရားတို့၏ အလင်း'ဟု ဆိုရမည့် အသိဉာဏ်ပညာများကို သင်တို့ရရှိထားကြသည် မဟုတ်ပါလော၊ ဘာသာတရားအဆုံးအမကိုရရှိ၍ အသိဉာဏ် အလင်းဓာတ် ရှိသူဖြစ်လျှင် သင်ယုံကြည်သော ဘာသာတရားကို လ,နေ,နက္ခတ်ပမာ သဘောထား ခံယူလိုက်ပါလော့။ လ,နေ,နက္ခတ် အရာဋ္ဌတည်သော ဘာသာတရား အဖြစ် ရှုမြင်သုံးသပ်တတ်သူဖြစ်ပါက ဘာသာတရားနှင့် ပတ်သက်၍ ကရင်လူမျိုးစုအတွင်း ဘာသာရေးကိစ္စသည် ရှင်းနေပြီ မဟုတ်ပါလော။ နေရောင် လရောင် ကြယ်အရောင် ကြောင့် လူ့ဘောင်လောက လူ့ဝရားတိုးတက်နိုင်သကဲ့သို့ ဘာသာအသိ ဘာသာအရောင် ဉာဏ်တန်ဆောင်ဖြင့် ကရင် လူမျိုးသည် အဘယ်ကြောင့် ထွန်းပြောင်တိုးတက်မှုကိုမရ မယူနိုင်ဘဲ ရှိရပါမည်နည်း။ ဧကန်မုချ ရယူနိုင်ကြရမည် ဖြစ်ပါသည်။

အို-ကရင်အပေါင်းတို့ ကျဉ်းမြောင်းသေးသိမ်သော အတွေးအခေါ်များကို ပယ်ရှားကြလော့၊ သူ့ဘာသာ ကိုယ့် ဘာသာဟု အတ္တလွန်ကဲ အစွဲပြင်းထန် တစ်ယူသန်သမား မဖြစ်ကြကုန်လင့်။

အို-ကရင်အပေါင်းတို့ သင်တို့သည် ဘဝအရှိ အမှန်

တရားကို ဦးစားပေး ကိုယ်စားပြုကြကုန်လော့၊ သင်၏ လက်ရှိ ဘဝအမှန်ကား ကရင်မိဘများ၏ အသွေးအသား ဖြစ်၏။ ဤဖြစ်စဉ် အမှန်တရားကို သင်ရှောင်ရှား၍မရ၊ ဖုံးကွယ်၍ မရ၊ သင်နှင့်သွေးသားတူသော ကရင်လူမျိုး၏ စည်းလုံး ညီညွတ်ရေး, တိုးတက်ကြီးပွားရေးကို အဓိကထား ကြိုးစား ဆောင်ရွက်ပါလော့။ ကရင်လူမျိုးအတွင်း ကွဲပြားစေနိုင်သောအကြောင်းအရာ အမှန်သမ္မ, လုပ်ငန်းကိစ္စ မှန်သမျှကို အမျိုးသစ္စာ စောင့်သိရှိသေခြင်းဖြင့် အကြွင်းမဲ့ ရှောင်ကြဉ် ပယ်စွန့်ကြကုန်လော့။

အို–ကရင်အပေါင်းတို့ သင်တို့သည် ကရင်လူမျိုး၏ ကောင်းကျိုးသယ်ပိုးသူများ ဖြစ်လာနိုင်ရေးအတွက် လူမျိုးစု အတွင်း ညီညွတ်ခြင်းကို အခိုင်အမာ တည်ဆောက်ကြလော့။ စည်းလုံးညီညွတ်ခြင်းကို ပျက်ပြားစေသော အရာမှန်သမျှကို အမျိုးသား အန္တရာယ်အဖြစ် ရှုမြင်ပါလော့။ လူကြီးလူကောင်း ပီသစွာ ကြောင်းကျိုးဆင်ခြင်၍ အရာရာ၌ ချင့်ချိန်ကြပါ ကုန်လော့။

ဘဝအရှိတရား အဖြစ်မှန်များကို အသိတရားဖြင့် ဆင်ခြင်ကြည့်ရှုပါ။ ဘဝအရှိတရား အဖြစ်မှန်များထက် ပိုလွန်မှန်ကန်သော တရားဟူ၍ မရှိပါ။ အမှန်တရားကို သိလို, တတ်လို, ရရှိလိုလျှင် ကိုယ့်ဘဝ, ကိုယ်အဖြစ်, ကိုယ်အရှိ တရားကို ပထမဦးစွာ ဆင်ခြင်ကြည့်ရှုပါ။ လက်လှမ်း

မမီသော အလွန်ဝေးကွာသော အကြောင်းအရာများနှင့် ပတ်သက်၍ ငြင်းခုံနေမည့်အစား လက်လှမ်းလည်းမီ အလွန်လည်းနီးကပ် မိမိနှင့်လည်း ဆက်စပ်နေသော ဘဝအဖြစ်မှန် အရှိတရားကို ကြည့်ရှုဆင်ခြင်ပါ။

ဘဝဟူသည် အဘယ်နည်း-

၁။ မွေးဖွားဖြစ်ပေါ်ခြင်း

၂။ ကာလအတိုင်းအတာ တစ်ခုအထိ တည်ရှိနေခြင်း

၃။ သေဆုံးပျက်စီးခြင်းပင်တည်း-

ဤသုံးမျိုးလုံးသည် ဘဝရှိသူတိုင်း၌ ရှိနေသော အရှိတရားဖြစ်သည်ကို ဆင်ခြင်ပါ။ မြင်အောင်ကြည့်ပါ။ သင်သည် သင့်ဘဝ၌ရှိနေသော ဤအဖြစ်မှန် အရှိတရားကို သူတစ်ပါးက ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ သင်ကိုယ်တိုင် သိနိုင်မြင်နိုင် လက်ခံနိုင်သည် မဟုတ်ပါလော။ သင့်ဘဝ၌ အမှန်တကယ်ရှိနေသော အမှန်တရား ဖြစ်သောကြောင့် သင် ငြင်းပယ်၍ မရကြောင်း ထင်ရှားပါသည်။

သင်မွေးဖွားခဲ့သည်ကို သင်မသိသော်လည်း သင့်ဘခင်နှင့် ဘိုးဘွား ညီအစ်ကို မောင်နှမများက သိကြသကဲ့သို့ သင်၏ အထင်အရှားရှိနေသော ဘဝကိုယ်ကောင်ကလည်း သက်သေပြလျက်ရှိ၏။ သက်သေအထောက်အထား

ခိုင်လုံလျှင် ယုံရမည်သာ ဖြစ်သောကြောင့် သင်မွေးဖွားလာခဲ့ခြင်းကို သင်ငြင်း၍ မရနိုင်ပါ။

ဤထက်ခိုင်မာသော သက်သေအထောက်အထားကို ပြဆိုရလျှင် (၉)လလွယ်၍၊ (၁၀)လ၌ မွေးဖွားပေးခဲ့သော သင့်မိခင်ပင် ဖြစ်ပါသည်။ ဤကဲ့သို့ မွေးဖွားလာခဲ့ရခြင်းသည် သင့်ဘဝ၏အဖြစ်မှန် အမှန်တရားဖြစ်ပါသည်။ ဤမွေးဖွားလာခဲ့ရသော အမှန်ဖြစ်စဉ်အပေါ် သင်ယုံကြည်သည်ဖြစ်စေ, မယုံကြည်သည်ဖြစ်စေ အရေးမဟုတ်ပါ။ အကြောင်းကား အဆိုပါ မွေးဖွားလာခဲ့ရခြင်းဟူသော ဖြစ်စဉ်အမှန်တရားသည် သင်၏ယုံကြည်မှု, မယုံကြည်မှုအပေါ်၌ တည်မှီမနေသောကြောင့် ဖြစ်ပါသည်။

သင်သည် ဖော်ပြခဲ့သော အမှတ်(၁) အမှန်ဖြစ်စဉ် ဘဝအရှိတရားကို မည်သို့ထင်သနည်း၊ ယုံလျှင်မှန်၍ မယုံလျှင်မှားသည်ဟု ထင်မြင်ယူဆနိုင်ပါသလော။ အမှန်နှင့် အမှားကို ယုံကြည်မှုအင်အားဖြင့် ဆုံးဖြတ်၍ မရနိုင်ပါ။ ယုံကြည်သူ အင်အားအနည်းအများသည် နေရာတိုင်း၌ အမှန်တရား၏ အမှတ်အသား မဖြစ်နိုင်သည်ကို သတိပြုပါ။ ယုံကြည်လက်ခံသူ နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ အမှန်ဖြစ်စဉ် ဘဝအရှိတရားများသည် မှန်ကန်သော ဖြစ်စဉ်အပေါ်၌သာ အမှီပြု၏။ ယုံကြည်လက်ခံသူ အနည်းအများနှင့် မသက်ဆိုင်။ အမှန်ဖြစ်, အမှန်ရှိ, အမှန်အတိုင်း သိမြင်နိုင်

သော အဖြစ်မှန် ဘဝအရှိတရားများသည် ကိုယ်ပိုင်လက္ခဏာ အမှန်တရား အမှန်ဖြစ်စဉ်များ၌သာ အမှီပြုနေပါသည်။ ဤသည်ပင်လျှင် အဖြစ်မှန် အရှိတရားများ၏ လက္ခဏာ အမှတ်အသား ဖြစ်ပါသည်။

အမှတ်(၂) ဘဝအမှန်ဖြစ်စဉ်၌ အရှိတရားကို လေ့လာကြည့်ပါ။ မွေးဖွားပြီးနောက် ကာလအတိုင်းအတာ တစ်ခုအထိ တည်ရှိနေခြင်းသည် မသေသေးမီ လှုပ်ရှားနေကြသော ကျွန်ုပ်တို့၏ အဖြစ်မှန် အရှိတရားဖြစ်၏။ သက်ရှင်တည်ရှိနေဆဲ ဘဝကို အသိအမှတ်မပြုဘဲ, အရေးမစိုက်ဘဲ မည်သူမျှ မနေနိုင်ကြ။ မိမိ၏ သက်ရှိဘဝ လိုအပ်ချက်ကို ဖြည့်စွက်ပေးနေကြရ၏။ ဘဝရပ်တည်နိုင်ရေးသည် လိုအပ်ချက်များနှင့် ဆက်စပ်နေ၏။ ဘဝရပ်တည်ရေး လိုအပ်ချက်များကို အကျဉ်းချုပ်ကြည့်လျှင် စားဝတ်နေရေး ကျန်းမာရေးဖြစ်၏။ ဤအရေးများသည် သက်ရှိဘဝအတွက် အခြေခံလိုအပ်ချက် ဖြစ်သည်။

ဘဝဟူသော ဖြစ်စဉ်အရှိတရားကို အသိအမှတ်ပြုထားလျှင် ဘဝနှင့် တွဲယှဉ်လျက်ရှိသော လိုအပ်ချက်ကိုလည်း အသိအမှတ်ပြုကြရပေမည်။ ထို့ပြင် ဘဝလိုအပ်ချက်ကို ဖြည့်စွက်ပေးနိုင်ရန် မလွဲမသေလုပ်ဆောင်ရမည့် ကိုယ်နှင့်သက်ဆိုင်သော လုပ်ငန်း၊ နှုတ်နှင့်သက်ဆိုင်သော လုပ်ငန်း၊ စိတ်ဖြင့်သက်ဆိုင်သောလုပ်ငန်းများကိုလည်း အသိအမှတ်

ပြုကြရပါမည်။ ကိုယ်နှုတ်စိတ်ဖြင့် လုပ်ဆောင်ရသော လုပ်ငန်းများကို အသိအမှတ်ပြုပြီဆိုလျှင် ထိုလုပ်ငန်းများ ကြောင့် ဖြစ်ပေါ်ရရှိလာသည့် အစားအသောက် အဝတ် အထည် အိမ်ခြေတိုက်တာ ဆေးဝါးပစ္စည်းများကိုလည်း အသိအမှတ်ပြုပြီး ဖြစ်ပါသည်။ ဤသို့ဘဝအရှိတရား၏ လိုအပ်ချက်များနှင့် ဆက်စပ်တည်ရှိနေခြင်း၊ လိုအပ်ချက်များ ရရှိရန် လုပ်ဆောင်ရခြင်း၊ လုပ်ဆောင်မှုကြောင့် ရရှိလာခြင်း တို့သည် မသေမီကာလအတွင်း ကိုယ်တိုင်ကိုယ်ကျ သိမြင် ခံစား လှုပ်ရှားနေရသည့် အဖြစ်မှန် အရှိတရားများပင် ဖြစ်၏။ ဤအဖြစ်မှန် အရှိတရားကို သူတစ်ပါးက ပြောသည်ဖြစ်စေ, မပြောသည် ဖြစ်စေ ကိုယ်တိုင်သိနေပြီးသား အဖြစ်မှန်ဘဝ အရှိတရား ဖြစ်သောကြောင့် အငြင်းပွားစရာ လုံးဝမရှိပါ။ မိမိဘဝကို မိမိကသိလျှင် ဤဖြစ်စဉ် အမှန်တရားကိုလည်း သိမည် ဖြစ်ပါသည်။

မိမိ၏ လက်ရှိဘဝ အနေအထားကို လေ့လာခြင်းဖြင့် အဖြစ်မှန် အရှိတရားတွေကို ဘဝထဲမှာ တွေ့မြင်နေရ ပါသည်။ အမှန်တရားကို အပြင်အပမှာ ရှာဖွေငြင်းခုံနေ ခြင်းသည် အမေကျော် ဒွေးဒေါ်လွမ်းသလို ဖြစ်နေပါသည်။ မသေကြသေးမီ တည်ရှိနေဆဲ ဘဝထဲက အမှန်တရား ဖြစ်စဉ် များကို အသိအမှတ်မပြု အလေးအနက်မထား မစဉ်းစားဘဲ ဗုဒ္ဓဘာသာဝင်များက နိဗ္ဗာန်ချမ်းသာ ရလိုပါ၏။ ခရစ်ယန်

ဘာသာဝင်များက ကောင်းကင်ဘုံနန်း စံမြန်းလိုပါ၏-ဟု တောင်းဆိုနေခြင်းတို့သည် သင်ပေး၍ စကားပြောတတ်သော ကြက်တူရွေးသာလိကာ အဆင့်မျှသာရှိသည်ကို သိထား ဘို့ရာ အလေးအနက်လိုအပ်ပါသည်။

ဘဝအရှိတရားကို သတိမထားလျှင် သတိမမူ ဂူမမြင် သကဲ့သို့ပင် ဖြစ်သည်။ ကံတရားအတိုင်းပဲပေါ့၊ ဘုရားသခင် အလိုအတိုင်းပဲပေါ့-ဟု ပြောဆိုနေသူတို့သည် မိမိ၏ဘဝ ဖြစ်စဉ် အရှိတရား အဖြစ်မှန်များကို အသိအမှတ်ပြုရမှန်း၊ တန်ဖိုးထားရမှန်းကိုပင် မသိတတ်လွန်းသော ဆင်ကန်း တောတိုးအပြောမျိုးသာ ဖြစ်သည်ကို ဆင်ခြင်သုံးသပ်ပါ။ အထပ်ထပ်အခါခါ ကြံဆတွေးခေါ်ပါ။

အနှောင်အဖွဲ့ ကင်းသော ကောင်းကင်၌ ငှက်များသည် လွတ်လပ်စွာ ပျံသန်းနေကြ၏။ အရပ်လေးမျက်နှာ သွားလိုရာ သို့ ဦးတည်ပျံသန်းကြ၏။ လူသားတို့၏ စိတ်သည်လည်း အလိုရှိရာ ဘယ်နေရာကိုမဆို လွတ်လပ်စွာ သွားလာနိုင်၏။ စိတ်တရားသည် အကောင်ဒြပ် မရှိသော်လည်း တည်ရှိနေဆဲ ဘဝထဲက အင်အားသတ္တိ အကြီးမားဆုံးဖြစ်၏။ ထိုစိတ် (သို့မဟုတ်) ဝိညာဉ်ကို မိမိဘဝထဲက အရှိတရားဖြစ်သည်ကို အခိုင်အမာ အသိအမှတ်ပြုပါ။

မသေမီ ကာလအတွင်း မိမိဘဝဖြစ်စဉ် အရှိတရား

များထဲတွင် စိတ်ဝိညာဉ်ကို မမြင်နိုင် မထိတွေ့နိုင်သော်လည်း အင်အားသတ္တိအကြီးမားဆုံးဟု ဆိုခဲ့၏။ မမြင်နိုင် မတွေ့ထိနိုင်ပါဘဲလျက် အင်အားသတ္တိ အကြီးမားဆုံးဟု အဘယ်ကြောင့် ပြောနိုင်သနည်းဟု မေးစရာရှိ၏။ အဖြေကား စိတ်ဝိညာဉ်သာ မဟုတ်ပါ။ လေကိုလည်း မမြင်နိုင်ပါ၊ မမြင်နိုင်သောလေ၏ အင်အားသတ္တိကို အထူးပြောစရာ မလိုပါ။ မမြင်ရသော လေ၏ အင်အားသတ္တိ ရှိကြောင်းကို လက်ခံအသိအမှတ် ပြုနိုင်လျှင် မမြင်ရသောစိတ်ဝိညာဉ်၏ အင်အားသတ္တိ ရှိကြောင်းကိုလည်း လက်ခံအသိအမှတ်ပြုရမည်သာ ဖြစ်ပါသည်။

သေသွားသူသည် ငှက်ပျောတုံး လက်ပံတုံးပမာ အသုံးမကျ၊ ဘာကိုမှလည်းမသိ၊ ဘာကိုမှလည်း မတောင်းဆို၊ ဘာအလုပ်မျိုးကိုမှလည်း မလုပ်နိုင်တော့သည်ကို သူရောငါပါ တွေ့မြင်နေရပါသည်။ သေသူနှင့် လုံးဝခြားနားသော ရှင်နေသူကိုကြည့်လျှင် ငှက်ပျောတုံး လက်ပံတုံးကဲ့သို့ မဟုတ်ဘဲ အရာဌာန အားလျော်စွာ အသုံးကျပြီး အသိတရား ရှိနေသည်ကိုလည်းကောင်း၊ မိမိအတွက်, သူတစ်ပါးအတွက် လိုအပ်ချက်များ တောင်းဆိုတတ် အရေးဆိုတတ်သည်ကိုလည်းကောင်း, နီးစပ်ကျွမ်းကျင်ရာ လုပ်ငန်းကိစ္စများ၌ ပါဝင်လုပ်ကိုင်နေသည်ကိုလည်းကောင်း တွေ့မြင်ကြရမည် ဖြစ်သည်။

မသေမီ ရှင်သန်နေသော ဘဝအရှိတရား၌ ပါဝင်နေသော စိတ်ဝိညာဉ်သည် အထက်ပါ ဘဝလုပ်ငန်းရပ်များစွာကို ဦးဆောင်လုပ်ကိုင်လျက်ရှိသည်။ မမြင်ရသော စိတ်ဝိညာဉ်သည် ဘဝကိုယ်ကောင်ကြီးအား သေသူနှင့် ကွာခြားအောင် လုပ်ဆောင်နေပါသည်။ လက်ရှိဘဝ တည်ရှိနေရေးအတွက် ဆက်လက်ဆောင်ရွက်ပေးနေသည့် စိတ်ဝိညာဉ် မှ ကင်းကွာသွားခြင်းကိုပင် အသေ-ဟု နားလည်ထားကြရမည်ဖြစ်ပါသည်။

ဘဝအဖြစ်မှန် အရှိတရားထဲက သိမြင်သဘောပေါက်ရန် အခက်ခဲဆုံးသောအရာကား ဤစိတ်ဝိညာဉ် တရားပင်ဖြစ်ပါသည်။ မိမိဘဝနှင့်နက်ရှိုင်းစွာ ပူးပေါင်းတည်ရှိနေပါလျက် အသိရခက်သော စိတ်ဝိညာဉ်တရားကြောင့် လူသားတို့သည် မိမိဘဝအဖြေကို မိမိကိုယ်တိုင် အဖြေမပေးနိုင်ဘဲ မျက်ကန်းပုဏ္ဏား(၆)ဦး ဆင်ကိုစမ်း၍ ဆင်၏ပုံသဏ္ဌာန်ကို ပြောဆိုနေကြသကဲ့သို့ ဖြစ်နေပါသည်။

မိမိဘဝ အဖြစ်မှန် အရှိတရားထဲတွင် စိတ်ဝိညာဉ်ပါရှိနေသည်ကို သင်ကိုယ်တိုင် သိနိုင်ပါသည်။ သေသူနှင့်မတူသော သင်၏အပြုအမူအားလုံးသည် စိတ်ဝိညာဉ်၏ အပြုအမူများ ဖြစ်သည်ကို ဆင်ခြင်စဉ်းစားပါ။ စိတ်ဝိညာဉ်သည် အမျိုးအစားနှင့် အဆင့်အတန်း အမျိုးမျိုးရှိပါသေးသည်။ မည်သို့ရှိစေကာမူ ကျွန်ုပ်တို့ သိမြင်နားလည်ထားရန်မှာ ကျွန်ုပ်

တို့၏ ဘဝအရှိတရားထဲတွင် စိတ်ဝိညာဉ်ပါဝင် တည်ရှိနေသောအချက်ပင် ဖြစ်ပါသည်။ လေနု, လေကြမ်း, လေပြေ လေညှင်း, လေပြင်း လေပြေ့များ တိုက်ခတ်နေမှုကြောင့် သစ်ပင် ပန်းမာလ် အရာဝတ္ထုများ အမျိုးမျိုး လှုပ်ရှားနေကြသကဲ့သို့ ဘဝအရှိတရားတွင် ပါဝင်နေသော စိတ်ဝိညာဉ်၏ အင်အားသတ္တိကြောင့် သက်ရှိလူသားနှင့်တကွ သတ္တဝါအားလုံး အမျိုးမျိုးလှုပ်ရှားနေကြသည်မှာ ထင်သာမြင်သာလှပါသည်။ စိတ်ဝိညာဉ်အင်အားကြောင့် မသေမီကာအတွင်း ဘဝရှင်သန် ရပ်တည်ခြင်းကို သူတစ်ပါးက ပြောပြသည်ဖြစ်စေ, မပြောပြသည်ဖြစ်စေ ကိုယ်တိုင်ကိုယ်ကျ အနီးကပ် သိမြင်နိုင်ပါသည်။ မမြင်ရသော စိတ်ဝိညာဉ် ဘဝအရှိတရားအပေါ် အသိအမှတ်ပြုခြင်းနှင့် ထိုစိတ်ဝိညာဉ်၏ စွမ်းအားသတ္တိကြောင့် လှုပ်ရှားခြင်းတို့အပေါ် ဆက်စပ်နားလည်ပြီဆိုလျှင် ထိုလှုပ်ရှားမှုကြောင့် ဖြစ်လာသမျှ အကျိုးရလဒ်များကိုလည်း အသိအမှတ်ပြုပြီးသား ဖြစ်သွားပါတော့သည်။ စိတ်ဝိညာဉ်ဖြင့် နှိုင်းချိန်စဉ်းစားတတ်သော ကျွန်ုပ်တို့သည်ကား ကျွန်ုပ်တို့၏ ဘဝအရှိတရား စိတ်ဝိညာဉ်များကို သိနိုင်မြင်နိုင် အသိအမှတ်ပြုနိုင်ပါသည်။ ကျွဲ, နွား, ကြက်, ဝက်စသော တိရစ္ဆာန်များကား စိတ်ဝိညာဉ်ရှိနေသည့်တိုင် ၎င်းတို့၏ ဘဝအရှိတရားဖြစ်သော စိတ်ဝိညာဉ်၏ အင်အားသတ္တိ တည်ရှိနေမှုကို မသိနိုင် မမြင်နိုင် အသိအမှတ်မပြုနိုင်ကြပေ။

စိတ်ရှိသော်လည်း စိတ်အသိအင်အားနည်းပါးခြင်းသည် စိတ်ဝိညာဉ်၏ အမျိုးအစား အဆင့်အတန်းကို ဖော်ပြနေသည်။ လူသားတို့၏ စိတ်ဝိညာဉ် အဆင့်အတန်းသည် တိရိစ္ဆာန်တို့၏ စိတ်ဝိညာဉ် အဆင့်အတန်းထက် မြင့်မားသောကြောင့် တိရိစ္ဆာန် ဘဝအခြေအနေထက် လူ့ဘဝ အခြေအနေက မြင့်မားနေခြင်း ဖြစ်ပါသည်။ လူ့ဘဝ အဆင့်အတန်းချင်း ကွာခြားနေရသည်မှာလည်း အဆိုပါ စိတ်ဝိညာဉ်၏ အဆင့်အတန်းကို ဖော်ပြနေပါသည်။

မိမိဘဝ အရှိတရားထဲတွင် သိမြင်နားလည်ရန် ခက်ခဲသော စိတ်ဝိညာဉ်ကို အလွယ်ကူဆုံး သိမြင်နားလည်နိုင်သော နည်းမှာ-

၁။ မိမိဘဝ အရှိတရားထဲတွင် စိတ်ဝိညာဉ် ရှိနေသည်ကို အသိအမှတ်ပြုရန်၊

၂။ ထိုစိတ်ဝိညာဉ်ကြောင့် ဘဝကိုယ်ကောင် ရှင်သန် လှုပ်ရှားနေသည်ကို အသိအမှတ်ပြုရန်၊

၃။ လှုပ်ရှားစေတတ်သော စိတ်ဝိညာဉ်ကြောင့် လှုပ်ရှားလာသောကိုယ်,နှုတ်,စိတ် အပြုအမူအားလျော်စွာ ဖြစ်ပေါ်လာသော အကျိုးရလဒ်များကို လက်ခံအသိအမှတ်ပြုရန်တို့ ဖြစ်ပါသည်။

ဤအချက်(၃)ချက်ကို လက်ခံနိုင် အသိအမှတ်ပြုနိုင်လျှင် ကိုယ်ပိုင်ဘဝထဲက ကိုယ်ပိုင်အရှိတရားကို ကိုယ်ပိုင်အသိဖြင့် နားလည်သိမြင်နိုင်မည် ဖြစ်ပါသည်။

ကာလအတိုင်းအတာ တစ်ခုအထိ တည်ရှိနေခြင်းဟူသော ဘဝအရှိတရားများတွင် စိတ်ဝိညာဉ် ပါဝင်နေမှုကြောင့် မိမိဘဝအဖြေကို မိမိကိုယ်တိုင် မပေးနိုင်ဘဲ ချာလည်လည်နေကြရသည်မှာ ဤစိတ်ဝိညာဉ်ကြောင့်သာ ဖြစ်ပါသည်။ မိမိဘဝနှင့် မကွဲမကွာ အတူတကွ ရှိနေကြသောစိတ်ဝိညာဉ်ကို မိမိကိုယ်တိုင် ပထမဦးစွာ သိထားရမည်မှာ မိမိ၏တာဝန်သာ ဖြစ်ပါသည်။

သစ်ပင် ပန်းမာလ်များ ရှင်သန်ကြီးထွားနေပုံကို ကြည့်၍ မမြင်ရသော ရေသောက်မြစ်ကိုလည်းကောင်း၊ လှုပ်ရှားလာသော ရေလှိုင်းကိုကြည့်၍ မမြင်ရသော ရေထဲကငါး အကြီးအသေးကိုလည်းကောင်း မှန်းဆသိမြင်နိုင်သကဲ့သို့ မိမိဘဝထဲတွင် ပူးပေါင်းပါဝင်နေသော စိတ်ဝိညာဉ်၏ ခွန်အားသတ္တိ ဘယ်၍ဘယ်မျှရှိသည်ကို မိမိ၏ ကိုယ် နှုတ် စိတ် အမူအရာနှင့် လုပ်ငန်းကိစ္စများက ဖော်ပြနေကြပါသည်။ အဆိုပါ ကိုယ်နှုတ်စိတ် အပြုအမူ အားလုံးသည် မိမိဘဝတွင် ပူးတွဲပါဝင်နေသော စိတ်ဝိညာဉ်၏ ပုံသဏ္ဌာန်ကို ထင်ရှားစွာ ဖော်ပြနေကြပါသည်။ ပုံသဏ္ဌာန်ဟု ပြောခြင်းထက် ထင်ရှားသော အမှတ်အသား ထင်ရှားသော အမှတ်လက္ခဏာဟု

ပြောခြင်းက ပို၍သိလွယ်မည် ဖြစ်ပါသည်။ အချုပ်ဆိုရလျှင် စိတ်ဝိညာဉ်သည် မိမိ၏အပြုအမူ၊ မိမိစိတ်၏ ထင်ရှား ရှိနေသော အမှတ်အသား၊ ဘဝ၏အရေးပါသော အစိတ် အပိုင်းများအဖြစ် ရှုမြင်နားလည်နိုင်သော အရှိတရား ဖြစ်ပါ သည်။ မိမိဘဝ အရှိတရား၌ အင်အားသတ္တိကြီးမားစွာ တည်ရှိ နေသော စိတ်ဝိညာဉ်၏ အခြေအနေကို သိမြင်သူတို့သည် မိမိဘဝကို အရှိအတိုင်း ရှုမြင်သုံးသပ်နိုင်ကြပါသည်။ မိမိဘဝ အပေါ် လွှမ်းမိုးအုပ်ချုပ်နေသော စိတ်ဝိညာဉ်၏ သဘော လက္ခဏာကို လက်ခံနားလည်လာသူသည် ကိုယ်ပိုင်အင်အား ကိုယ်ပိုင်တန်ဖိုးကို သိမြင်လာမည် ဖြစ်သည်။

"ငါသည် မွေးဖွားလာခဲ့သည်၊ ငါသည် မွေးဖွားပြီး နောက် ယခုအထိတည်ရှိနေသည်၊ ငါ၏မွေးဖွားလာခြင်း၊ တည်ရှိနေခြင်းသည် ဘဝဖြစ်သည်။ အဆိုပါဘဝကိုယ်ကောင် သည် ဘဝတွင်ပါဝင်သော စိတ်ဝိညာဉ်၏ အလိုအတိုင်း လှုပ်ရှားပြုမူနေရသည်။ အောက်တန်းကျသောစိတ်ကြောင့် ဘဝကိုယ်ကောင် အောက်တန်းကျရသည်၊ အထက်တန်း ကျသောစိတ်ကြောင့် ဘဝကိုယ်ကောင် အထက်တန်းရောက် ရသည်၊ အဆုံးတစ်နေ့တွင် မလွဲမရှောင်သာ သေဆုံးပျက်စီး ရမည်" ဤသည်ပင် မိမိဘဝ၏ အဖြစ်မှန် မိမိဘဝ၏ အဖြေ၊ မိမိဘဝ၏ အခြေအနေ၊ မိမိဘဝ၏ အဆုံးအမ၊ မိမိဘဝ၏ အရှိတရား၊ မိမိဘဝ၏ ဘုရားပင် ဖြစ်ပါတော့သည်။

လူသားအများစုသည် မိမိစီးနေသောမြင်း အထီးမှန်း မသိ၊ အမမှန်းမသိ ဆိုသကဲ့သို့ မိမိဘဝဟု ခေါ်ဆိုသတ်မှတ်ထားသော ဤကိုယ်ကောင်၌ ပါဝင်ပေါင်းစပ်ထားသော ခွမ်းအားပိုင်ရှင် စိတ်ဝိညာဉ်ကိုမျှ မသိမမြင်ကြပါ။ သိလိုမြင်လို လေ့လာလိုသော ဆန္ဒလည်း မရှိကြပါ။ ထိုသို့ မိမိဘဝအရှိတရားကို မသိသူတို့သည် ဘဝရှိသော်လည်း ဘဝကို မသိသူများသာ ဖြစ်ပါသည်။ မိမိကိုယ်တိုင်က မိမိဘဝတွင် ပါဝင်နေသောအရာများနှင့် ထိုအရာတို့၏ လုပ်ငန်းကိစ္စကို အကြမ်းဖျင်းမျှ မသိပါဘဲလျက် မိမိဘဝကို ကံစီမံရာဟု ခံယူ၍ ကံကိုပုံချနေကြသကဲ့သို့ ဘုရားသခင်အလိုအတိုင်းဟု ပြော၍ ဘုရားသခင်အားပုံအပ်နေကြသည်မှာ ဘဝအတွက် တာဝန်မဲ့လှပါသည်။

ဘဝကို မသိ၍ ဘဝကို အသိအမှတ် မပြုတတ်ရှာသာမက 'ဝ'မရှိဘဲ 'ဝိ'လုပ်သကဲ့သို့ ဘုရားသခင်အား ဘဝကို ပေးအပ်ထားကြသည်မှာ လုံးဝအပေးအယူ မမြောက်ပါ။ ဘဝကိုပေးရာ မရောက်သကဲ့သို့ ဘုရားသခင်ကလည်း ဘဝကို သိမ်းပိုက်လက်ခံနေစရာ အကြောင်းမရှိပါ။ မသိတတ်သူက မသိသော အရာဝတ္ထုကို ပေးလာသည်ဆိုလျှင် ထိုအရာဝတ္ထုကို စိတ်မှန်နေသူ မည်သူမဆို လက်ခံလိုကြမည် မဟုတ်ပါ။ သို့ပါလျက် မသိသူက ပေးအပ်လာသော မသိသော အရာဝတ္ထုကို ဘုရားသခင်က လက်ခံထားသည်ဆိုလျှင်

ထိုဘုရားသခင်ကား မသိဘုရားသခင်သာ ဖြစ်နိုင်စရာ ရှိတော့သည်။

ဘဝနှင့် ဘဝအရှိတရားတို့၏ အဖြစ်မှန်၊ အရှိမှန်ကို မသိပါဘဲ ဘုရားသခင် အလိုအတိုင်း ဖြစ်စေသတည်းဟု ဘဝကို ဘုရားသခင်အားပုံအပ်၍ ပေးခြင်းသည် ဘဝအရှိ တရားတို့၏ အမှန်ဖြစ်စဉ်ကို ပြက်ရယ်ပြုသကဲ့သို့ ဖြစ်နေ ပါသည်။ အရှိတရားကို အသိဉာဏ်အင်အားဖြင့် ရှာဖွေရမည့် အစား မသိအမှားဖြင့် ဘယ်နေရာဌာနၶ ရှိနေမှန်းမသိသော ဘုရားသခင်အား မိမိကိုယ်တိုင်က မသိသောဘဝကို ပုံအပ် ပေးနေခြင်းသည် လက်တွေ့ဆန်သော ဘဝအရှိတရားကို စိတ်ကူးယဉ်သမားတို့က ဖုံးကွယ်လှည့်ပတ်နေခြင်းသာ ဖြစ်ပါ သည်။

အို-ကရင်အပေါင်းတို့ သင်တို့သည် ဘာကိုယုံကြည် နေကြသနည်း၊ သင်တို့မသိ၊ သင်တို့မမြင်သောအရာကို စိတ်ကူးယဉ်ကာ ယုံကြည်နေကြပါသလော။ မသိဖူး၊ မမြင်ဖူး၊ စိတ်ကူးဖြင့် ယုံကြည်နေကြမည့်အစား သိနေ၊ မြင်နေ၊ ဆက်စပ်နေသော ဘဝအရှိတရားကို ပထမဦးစွာ အသိဉာဏ် အင်အားဖြင့် မြင်အောင်ကြည့်ကာ ယုံကြည် သင့်သည် မဟုတ်ပါလော။ ဘဝအရှိတရားကို သွေဖည်၍ မမှီ၊ မသိ၊ မမြင်သော အရာများကို ဘုရားဟု အမည် တပ်လျက် ဉာဏ်မဲ့သူပြည်သူအများအား ကျုံးသွင်းဆွဲဆောင်

နေသော ဉာဏ်ကြီးရှင် ကိုယ်ကျိုးရှာ အတ္တသမား နယ်ချဲ့များ၏ လှည့်စားမှုကို မြင်အောင်ရှုကာ ရှောင်ကြဉ်ပါလော့၊ အတုခိုးလွဲမှား သွေးကွဲပြား မသွားပါစေနှင့်။

အို-ကရင်အပေါင်းတို့ သင်တို့၏ အသိဉာဏ် အစွမ်းအစကို သင်တို့၏ ဘဝအရှိတရားထဲမှ ထုတ်ယူသုံးစွဲပါလော့၊ သုံးစွဲယူငင်၍ မကုန်နိုင်သော သင်တို့၏ဘဝအရှိတရားထဲက အင်အားစုများသည် သင်တို့သွားရောက်လိုရာ ဘုရားများ အထံသို့ နေ့ရက်မရွေး ပို့ဆောင်ပေးကြပါလိမ့်မည်။

အို-ကရင်အပေါင်းတို့ လက်လှမ်းမမီ ဝေးသီခေါင်ဖျား တစ်ဆင့်ခံ ကြားဘူးရုံမျှသာဖြစ်သော နိဗ္ဗာန်နှင့် ကောင်းကင်ဘုံ ဆိုသည်ကို အသားထားလိုက်ပါဦး လက်လှမ်းမီ နီးကပ်၍ ဆက်စပ်နေသော ဘဝအရှိတရားကို ပထမဦးစွာ အသေအချာ စူးစိုက်ကြည့်ရှုပါ။ ဘယ်အချိန်ကာလ၌ စားရမည်ဟု အတိအကျ သတ်မှတ်ချက်မရှိသော နတ်ဩဇာကို အချိန်ကုန်ခံ စိတ်ကူးယဉ် တမ်းတနေခြင်းထက် ရှေ့တည့်တည့်တွင် ရောက်ရှိနေသော ထမင်းကြမ်းခဲကို စားလိုက်ခြင်းက သင့်အတွက် ပို၍တန်ဖိုးရှိပါလိမ့်မည်။ ဘဝအရှိတရားကို မမြင်မသိဘဲ သင်တို့ ရောက်လိုသည့် နိဗ္ဗာန်နှင့် ကောင်းကင်ဘုံကို မြင်နိုင်သိနိုင်မည် မဟုတ်ပါ။ ဘုရားသခင်ကိုလည်း မြင်နိုင်သိနိုင်မည် မဟုတ်ပါ။ အကယ်၍ ဘုရားသခင်ကို မြင်ပါသည်ဆိုလျှင် သင်မြင်သောအရာသည် ဘုရားသခင်

မဟုတ်ဘဲ သရဲ ပြိတ္တာ ဘုတ် တစ္ဆေသာ ဖြစ်ပါလိမ့်မည်၊

ဘဝအရှိတရား၌ အမှန်သဘာဝကို မသိမမြင်သူသည် တကမ္ဘာလုံး၌ အမှန်တရားကို မသိမမြင်သူသာဖြစ်သည်။ ဘဝအရှိတရား၌ အမှန်သဘာဝကို သိမြင်နိုင်သော ဉာဏ် မျက်စိမရှိသူတို့သည် အကန်းများသာဖြစ်သည်။ မျက်စိ ကမ်းသူက ကောက်ယူပေးလာသောအရာကို လက်ခံသူ သည်လည်း အကန်းစင်စစ်သာ ဖြစ်ပါသည်။ အကန်း အချင်းချင်းပေါင်း၍ လျှောက်လှမ်းနေသော အန္တိမခရီးကား ချောက်ကမ်းပါးမှတစ်ပါး အခြားမရှိနိုင်ပါ။

အို-ကရင်အပေါင်းတို့ သင်တို့၏ စိတ်ကူးယဉ် ဘဝရှုခင်းကို ချက်ချင်းရပ်ထားကြကုန်လော့။ သင်တို့၏ ဘဝအရှိတရား အဖြစ်မှန်များကို သင်တို့ကိုယ်တိုင် မမြင် မတွေ့သမျှ မဲမဲမြင်တိုင်း ဘုရားဟု ထင်မှားနေကြမည် ဖြစ်သည်။ သစ်ငုတ်ကို ကျားထင်သူအဖို့ သိသိသာသာ အကျိုးမယုတ်သော်လည်း ကျားကိုဘုရားထင်မိလျှင်ကား ထင်သူနှင့်တကွ တစ်မျိုးသားလုံး ဆုံးရှုံးသွားနိုင်ပါသည်။

အို-ကရင်အပေါင်းတို့ "တရားရှာ ကိုယ်မှာတွေ့" ဆိုသည့်အတိုင်း အမှန်သဘာဝ အရှိတရားများသည် မိမိဘဝ ထဲမှာပင် ရှိပါသည်။ ထိုမိမိဘဝထဲရှိ အမှန်တရား အမှန် ဖြစ်စဉ်များကို တွေ့မြင်သိရှိသူသည် နိဗ္ဗာန်နှင့် ကောင်းကင်ဘုံ

တို့ ကျော်ရမ်းမှန်းဆ တမ်းတနေစရာမလိုဘဲ ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရရှိကြမည် ဖြစ်ပါသည်။

အို-ကရင်အပေါင်းတို့ မြစ်တစ်ဖက်ကမ်းသို့ ကူးမြောက်ရောက်ရှိလိုသူသည် မိမိကိုသယ်ဆောင်မည့် လှေဖောင်ကိုပြုလုပ် ရှာဖွေပြီးမှ ကူးမြောက်ရောက်ရှိနိုင်သကဲ့သို့ နိဗ္ဗာန်နှင့်ကောင်းကင်ဘုံ၌ ခိုလှုံဝင်ရောက်လိုသူတို့သည် လှေဖောင်နှင့်တူသော အောက်ပါအစီအမံကို လုပ်ဆောင်ကြကုန်လော့၊ ရှုမြင်သုံးသပ်ကြကုန်လော့။

ဘဝဟူသည် မွေးဖွားလာခြင်း၊ မသေမီကာလအတိုင်းအတာတစ်ခုအထိ တည်ရှိနေခြင်း၊ ပျက်စီးသေဆုံးခြင်းပင် ဖြစ်သည်ကို ရှေ့ကပြောခဲ့ပြီး ဖြစ်ပါသည်။ ထိုတွင် မွေးဖွားလာခြင်းကို ကျော်လွန်ခဲ့ပြီ၊ သေဆုံးရခြင်းကား ရောက်မလာသေးပါ၊ ပြီးဆုံးခဲ့ပြီဖြစ်သော မွေးဖွားခြင်းနှင့် ရောက်မလာသေးသော သေဆုံးခြင်းတို့အတွက် မိမိတို့မှာ ပြဿနာအရှုတ်အရှင်း မရှိနိုင်တော့ပါ။ မသေမီ တည်ရှိနေဆဲ ဘဝသည်သာ ဖြေရှင်းရန် အလွန်ခက်ခဲသော ပြဿနာအချက်ဝဲဂယက်ကြီး ဖြစ်နေပါသည်။ ထိုဝဲဂယက်မှ ရုန်းထွက်နိုင်ရေးသည် သေရေးရှင်ရေးတမျှ အရေးကြီးလှပါသည်။ ထို့ကြောင့် သင်တို့သည် မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့၏ အကြား တည်ရှိနေဆဲဘဝ၏ အရှိတရားကို ယခုပင်လျှင် ဤသို့ရှုမြင်လိုက်ပါလော့။

ငါသည် မိဘနှစ်ပါးကို အကြောင်းပြု၍ မိခင်ဝမ်း၌ တစ်ဘဝ၏အစကို စတင်ခဲ့ရ၏၊ မမွေးဖွားမီအထိ ကျဉ်းကြပ်သော မိခင်ဝမ်းတိုက်၌ နေခဲ့ရ၏။ ဝမ်းတိုက်၌နေစဉ် မိခင်၏ အသွေးအသား အင်အားတွေကို ရရှိခဲ့၍ တစ်စတစ်စ ကြီးထွားလာရ၏။ (၁၀)လခန့်အကြာ၌ မွေးဖွားလာခဲ့၏၊ မွေးဖွားလာလျှင် မွေးဖွားလာခြင်း ကျယ်လောင်သော ငိုကြွေးသံဖြင့် အိမ်အနီးရှိလူအများကို အသိပေးခဲ့၏။ ထိုအချိန်က ငါ၏ နုနယ်သော အရေအသားတို့သည် ကြမ်းတမ်းသော လက်ဖြင့် ကိုင်သည်ကို ထားဘိဦး၊ လေတိုက်သည်ကိုပင် ခံနိုင်ရည် မရှိသေးပါ။ ဤမျှ နုနယ်သော နိတာရဲကာလ၌ ထိတွေ့ ခံစားရသော အရာမှန်သမျှသည် မခံချိ မခံသာ အလွန် နာကျင်မှုကို ဖြစ်စေသောကြောင့် အသံကုန်ဟစ်အော် ငိုကြွေးခဲ့ရပါသည်။ ထိုဟစ်အော်ငိုကြွေးသံသည်ပင် မလိမ်မညာ ပရိယာယ်မပါ အရိုးသားဆုံး အမှန်ကန်ဆုံး ဖြစ်သော တစ်ဘဝ၏ အစဦးဆုံး အမှတ်အသားကို သိသာထင်ရှားစွာ ကိုယ်ကိုယ်တိုင် ဖော်ပြလိုက်ခြင်းပင် ဖြစ်ပါသည်။

ငါသည် ငါ့ဘဝ၏ အစဦးဆုံးဖြစ်သော အမှတ်အသားကို နာကျင်စူးရှသော ငိုကြွေးသံနှင့်အတူ စီးဆင်းလာသော မျက်ရည်တို့ဖြင့် လူသိရှင်ကြား အမှတ်အသားပြုပြီးနောက် မေ့မျောသွားခဲ့ရပြန်၏။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မျှသာရှိသေးသော ငါ့ကို ငါ့မိခင် ဘခင်များ

အည် နက်ရှိုင်းသော အကြင်နာ မေတ္တာများဖြင့် မငြိုမငြင်ဘဲ နိုး တိုက်ကြွေးကာ နွေးညမရွေး အချိန်ပြည့် ပြုစုစောင့်ရှောက် ပေးခဲ့၏။ မိဘများ၏ ပြုစုစောင့်ရှောက်ပေးခဲ့မှုကြောင့် ဘဝတစ်ခုအဖြစ် ယခုထိ လူ့လောက၌ ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။ ငါကိုယ်တိုင် ကျော်ဖြတ်ကြုံတွေ့ခဲ့ရသော ညှိဖြစ်စဉ်အမှန်တရားများကို လိမ်ညာဖုံးကွယ် ပရိယာယ် အသိန်းအသန်းဖြင့် ဖုံးလွှမ်းသည့်တိုင်အောင်လည်း မှားယွင်း ပျောက်ကွယ်သွားဖွယ်ရာမရှိ အမြဲတန်းမှန်ကန်ထင်ရှားနေမည် သာဖြစ်၏။

ငါ့ကို ဘယ်ပုဂ္ဂိုလ် ဘယ်ဘုရား ဘယ်သိကြားက ဖန်ဆင်းပြုလုပ်အားထုတ်သည်ဖြစ်စေ၊ ငါ့ဘဝ သက်ရှင် ကျန်းမာချမ်းသာလာရေးအတွက် အမှန်တကယ် လက်တွေ့ ဒိုင်ခံဆောင်ရွက်ပေးသူများမှာ ငါ့မိဘများသာ ဖြစ်ပါသည်။ ငါ့ကို ဘုရားက ဖန်ဆင်းသည်ဆိုလျှင် ငါ့နှင့်ပတ်သက်သမျှ ကိစ္စအားလုံးကို ငါ့မိဘများက အဘယ့်ကြောင့် သိမ်းကျုံး တာဝန်ယူရပါသနည်း။ ဖန်ဆင်းသော ဘုရားမှာ တာဝန် ရှိတော့ပြီလော ဘုရားတာဝန်ကို မိဘက ထမ်းဆောင် သည်ဆိုလျှင် ငါ့မိဘများသည် ငါ့၏ကိုးကွယ်ရာ ကျေးဇူးရှင် ဘုရားပင် ဖြစ်ပါသည်။ ထို့ကြောင့် ငါသည် မိဘကို ဘုရား ကဲ့သို့ ထင်မှတ်၍ ကျေးဇူးအနန္တ ပြန်ပေးဆပ်ရပေမည်။ ငါ့မိဘများလိုက်နာကျင့်သုံးခဲ့သော အကျင့်၊ လျှောက်လှမ်း

ခဲ့သော လမ်းစဉ်အတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်သုံးကာ လျှောက်လှမ်းသွားရမည်သာ ဖြစ်သည်။ ကျေးဇူးရှင်မိဘများ ချမှတ်ထားခဲ့သောလမ်းမှ သွေဖည်သွားခြင်းသည် မြေမှာရပ်တည်နေပါလျက် မြေပြင်ကိုမမြင်သော အကန်းကဲ့သို့ ဖြစ်ပေလိမ့်မည်။

ငါ့မိဘများသည် ငါ့ကို လူလားမြောက်အောင် စောင့်ရှောက်ကျွေးမွေးရင်း အိုမင်းရင့်ရော်လာကြသည်၊ ရောဂါမျိုးစုံ ဖြစ်လာကြသည်။ ရောဂါဒဏ်ကြောင့် မိဘများ၏ နာကျင်ငြီးတွားသံကို မကြားချင်ဘဲ ကြားနေရသည်။ ဆေးဝါးမျိုးစုံဖြင့် တိုက်ကျွေးကုသသော်လည်း ခေတ္တမျှ သက်သာပြီး ပို၍ငြီးတွားလာကြရပြန်သည်။ မိဘများခံစားနေရသော ရောဂါကို ချက်ချင်းဆွဲထုတ် ချေဖျက်လိုသော်လည်း ငါ့မှာ ထိုကဲ့သို့ အစွမ်းသတ္တိမျိုး မရှိသည်ကိုသာ တွေ့ရသည်။ ငါ့ထက် အဆများစွာ အစွမ်းသတ္တိ ရှိသည်ဟု ယုံကြည်ထားသော ထာဝရ၊ အလ္လာ၊ ခိုဒါ၊ ဗြဟ္မာ၊ ဗိဿနိုး တန်ခိုးရှင်များသည်လည်း ငါ့မိဘများ သေရေးရှင်ရေး ကိစ္စ၌ အရိပ်အရောင်မျှပင် ပေါ်ထင်မလာနိုင်ကြ၊ ငါနှင့်တကွ မည်သည့်ပုဂ္ဂိုလ်မျှ ကာကွယ်တားဆီး၍ မရသောကြောင့် ငါ့မိဘများသည် ငါ့ရှေ့မှောက်မှာပင် သေဆုံးခဲ့ကြသည်။

ငါ့မိဘများ ယုံကြည်အားထားခဲ့သော **အထက်ပါ**ကယ်တင်ရှင် ဘုရားများစွာတို့သည် တကယ့်အရေး တကယ့်

ဆောင်၍ အနီးမှာရော အဝေးမှာပါ ရောက်မလာနိုင်ကြ၊ မကယ်တင်နိုင်ကြ။ ဤဖြစ်စဉ်သည် အလိမ်အညာ ပရိယာယ် မပါသော အမှန်ဖြစ်စဉ် ကိုယ်တွေ့ဖြစ်စဉ်သာဖြစ်သည်။ ဤအဖြစ်မှန်ကို ငါသည် အကယ်၍ လိမ်ညာဖုံးကွယ်ထားအံ့ အဖြစ်မှန်ဖြစ်စဉ်ကြီးမှာ ဂုဏ်သိက္ခာကျစရာမရှိ၊ မှန်ကန်ခြင်း ဂုဏ်နှင့် အမြဲတန်း ပြည့်စုံနေမည်သာဖြစ်၏။ ငါသည်သာ ကိုယ်တွေ့ဖြစ်စဉ် အမှန်တရားကို လိမ်ညာဖုံးကွယ်ထားသူ လူလိမ် လူညာ လူမသမာသာ ဖြစ်သွားရပေမည်။

နာကျင်ငြီးတွားခဲ့ရသော ငါ့မိဘများသည် ဆိုးဝါး ပြင်းထန်သောရောဂါဒဏ်ကို အလူးအလဲ ခံခဲ့ရသည်။ ရောဂါ ပြင်းထန်မီ ငါ့မျက်စိအောက်မှာပင် အိုမင်းအားနည်းလာ သည်ကိုတွေ့ရသည်။ မိမိခြေလက်ကိုသော်မှ ဆန့်နိုင် ကွေးနိုင် သော အင်အားမရှိတော့သည်ကို တွေ့ရသည်။ အိပ်ယာထက်၌ ပတ်လက်ထားလျှင် ပက်လက်သာနေရပြီး ဘယ်ညာ ပြောင်းရွှေ့နိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ထူပေးသူ မရှိလျှင် ကိုယ်တိုင် မထနိုင် မထိုင်နိုင်တော့ပေ။ ငါ့မိဘများ၏ ဘဝကိုယ်ကောင်ကြီးသည် နာကျင်ကိုက်ခဲ အလွန်ဆင်းရဲသော ဒဏ်ကိုသာ ခံနေရ၏။ စမ်းသပ်၍ မကုန်နိုင်သော ရောဂါမျိုးစုံ ပိုးမျိုးစုံတို့၏ ခိုလှုံရာ ဆင်းရဲမှုအပေါင်း၏ ကိန်းရာတည်ရာ ရေဝေးရာ အစစ်ဖြစ်၏။ ဘဝသည် ဆင်းရဲမှုအပေါင်း၏ ရင်းမြစ်မူလဖြစ်၏။ ဘဝကိုချမ်းသာဟု ရှုမြင်ဆင်ခြင်

နိုင်သော ကာလအတိုင်းအတာသည် အလွန်တိုတောင်းလှ၏။ ငါ့ဘဝ ကိုယ်ကောင်သည် မှက်ခြင်ကိုက်သည်ကိုမျှ ခံနိုင်ရည်မရှိ။ ငါ့ကိုယ်ကောင်၏ အပြင်ရံ အရေပြားသည် ရှနပွန်းပဲ့မှုကြောင့် ဆင်းရဲဒုက္ခခံရ၏။ အတွင်းပိုင်းကလီစာများကား ပို၍ပင် ပျက်စီးလွယ်၏။ ငါမလိုလားသော ဆင်းရဲခြင်းသဘောသည် တံခါးလုံး၀ မရှိသော ငါ့ဘဝတစ်ခုလုံးကို လွှမ်းမိုးသိုင်းခြုံထားသည်။ ငါ၏ ယခုလက်ရှိဘဝသည် ငါ့မိဘများ၏ ဘဝအစိတ်အပိုင်း အကိုင်းအခက်မျှသာဖြစ်သောကြောင့် ငါ့မိဘများဘဝကဲ့သို့ပင် အိုမင်းလာခြင်း၊ အားကုန်လာခြင်း၊ ရောဂါဖြစ်လာခြင်း၊ ကုသ၍ မရသည့် အဆုံး သေရခြင်းဆင်းရဲနှင့် မလွဲမုချ ကြုံတွေ့ရမည်သာ ဖြစ်သည်။

ဤသို့ အိုဆင်းရဲ နာဆင်းရဲ သေဆင်းရဲနှင့် ကြုံတွေ့ရမည့်အရေးသည် စိတ်ကူးယဉ် ဒဿနိကဆန်သော ပုံပြင်မဟုတ်၊ အလိမ်အညာ ပရိယာယ်မပါသော အမှန်ဖြစ်စဉ်သာဖြစ်၏။ ဤမှန်ကန်သောဖြစ်စဉ်ကို သူတစ်ပါးက ပြောသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ ကိုယ်တိုင်ဒိဋ္ဌ ကြုံတွေ့နေရသော အဖြစ်မှန်သာဖြစ်၏။ ငါ့ဘဝနှင့် ဆင်းရဲရခြင်းကို ခွဲထုတ်၍ မရ၊ ဘဝနှင့် ဆင်းရဲခြင်း, ဆင်းရဲခြင်းနှင့်ဘဝသည် အတူတူသာဖြစ်သည်။ ဘဝသာဖြစ်စေ ဆင်းရဲခြင်း မဖြစ်နှင့်ဟု လည်းကောင်း၊ ဆင်းရဲခြင်းသာဖြစ်စေ ဘဝ မဖြစ်စေနှင့်ဟု

လည်းကောင်း မည်သည့်ဘုရားကမျှ ခွဲခြမ်းဝေငှ လုပ်မပေးနိုင်ကြ။ ထာဝရဘုရားက လုပ်ပေးနိုင်သည်ဟု ဆိုကြားအံ့ ထိုအဆိုကို တင်သွင်းသူသည်ပင် ဘဝမှန်က ဆင်းရဲရသော အဖြစ်မှန်ကို ဖုံးကွယ်လိမ်ညာနေသော လူလိမ်ကြီးစင်စစ်သာ ဖြစ်ပါသည်။

ဘဝ၏ဆင်းရဲခြင်း ကြီးမားနေပုံကို သူတစ်ပါးထံမှ သင်ကြားလေ့လာစရာမလို၊ ငါ့ဘဝသည်ပင် ငါ့ကိုသင်ပေးနေသည်။ ဆာလောင်ခြင်းဆင်းရဲကိုပယ်ရန် အစားအစာကို ကြောခဏမှီဝဲပေးရခြင်း၊ အပူကို ပယ်ရန် အအေးကို၊ အအေးကို ပယ်ရန် အနွေးကို မှီဝဲပေးရခြင်း၊ ရေချိုးပေးရခြင်း၊ ဆေးဝါး ရှာဖွေသောက်သုံးရခြင်း၊ မချစ်သူနှင့် ပေါင်းသင်းရခြင်း၊ ချစ်ရသူနှင့် ကွေကွင်းရခြင်း၊ လိုအပ်နေသည်ကို မရ၍ ဆင်းရဲနေရခြင်း၊ မလိုအပ်သော အနာရောဂါ အကြိတ်အဖုများ ပေါ်လာခြင်း စသော ဆင်းရဲဒုက္ခမှန်သမျှတို့သည် ဘဝနှင့် ယှဉ်တွဲကာ တပေါင်းတည်း ပါလာကြသည်။ ထို့ကြောင့် ငါ့ဘဝကို ဆင်းရဲဒုက္ခ အစုအဝေးကြီးအဖြစ်သာ တွေ့မြင်နေရပါသည်။

ငါ့ဘဝသည် ဆင်းရဲဒုက္ခ အစုအဝေးကြီးအဖြစ် တည်ရှိ နေသည်။ ဤကမ္ဘာ၌ ကြောက်မက်ဖွယ်ကောင်းသော ဘေးဥပါဒ်အန္တရာယ် ရန်အသွယ်သွယ်တို့သည်လည်းကောင်း, ကုသမရနိုင်လောက်အောင် ဆိုးဝါးပြင်းထန်သော ရောဂါ

အမျိုးမျိုးတို့သည်လည်းကောင်း၊ ငါ့ဘဝကိုယ်ကောင်နှင့် အချိန်မရွေး ဆက်သွယ်နီးကပ်ပေါင်းစပ်သွားနိုင်ကြသည်။ အမှန်စင်စစ် ငါ့ဘဝကိုယ်ကောင်သည် ဆင်းရဲမျိုးစုံ ရောဂါမျိုးစုံ ဘေးအန္တရာယ်မျိုးစုံတို့၏ ဝင်ထွက်ခိုလှုံရာ ဇဟိုဌာနကြီး တစ်ခုသာဖြစ်တော့သည်။

ငါ့ဘဝကို ငါ့အလိုကျ စီမံကွပ်ကဲ ထိန်းချုပ်၍ ရသည်ဟု ထင်ခဲ့သောအထင်သည် ပါစင်အောင်လွဲခဲ့ပြီ၊ ငါ့ဘဝထဲသို့ ငါမလိုလားသော အိုမင်းလာခြင်း၊ အားကုန်ခမ်းလာခြင်း၊ နွမ်းနယ်ပင်ပန်းခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ ဆိုးဝါးပြင်းထန်သောရောဂါများ ကပ်ရှားလာခြင်းစသော အခြေအနေများသည် ငါ့ဘဝကို ငါ့အလိုအတိုင်း စီမံထိန်းချုပ်၍ လုံးဝမရနိုင်ကြောင်း မီးမောင်းထိုးပြနေကြသည်။ ငါ့ဘဝကို ငါမပိုင်သကဲ့သို့ ငါမှတစ်ပါး အခြားဘယ်ပုဂ္ဂိုလ် ဘယ်ဘုရားကမျှလည်း မပိုင်မဆိုင်ကြောင်း ထင်ရှားလာစေသည်။ အမှန်စင်စစ် ငါ့ဘဝကို ပိုင်ဆိုင်ထားသူတို့ကား အခြားမဟုတ် အိုဆင်းရဲ နာဆင်းရဲ သေဆင်းရဲတို့သာ ဖြစ်သည်။ ဆင်းရဲဒုက္ခ ဖြစ်နေရခြင်းသည် ဘဝကိုယ်ကောင်၏ ဖြစ်ပေါ်တည်ရှိနေခြင်းပင် ဖြစ်သည်။ ငါ့ဘဝ ကိုယ်ကောင်သည် အရှင်သခင်ဖြစ်သော် အို နာ သေ ဆင်းရဲဒုက္ခများကို ထင်ရှားပေါ်လွင်အောင် ဖော်ဆောင်ပေးနေရသော ''ဆင်းရဲပုံဆောင်ခဲ''သာ ဖြစ်သည်ကို ငါ့ဘဝက ငါ့ကို လက်တွေ့

ဒိဋ္ဌ ပြသနေပါသည်။ အပြင်ဘေးကလူတွေ ဘာပြောပြော ဘာယောယော ငါ့ဘဝ ငါ့အသွေးအသားက ပြောပြနေသော အဖြစ်မှန်စကားတွေသည်သာ ငါ့အတွက် အမှန်ကန်ဆုံး ဖြစ်သော ဘဝအဖြေဖြစ်ပါသည်။ ငါ့ဘဝသည် ဆင်းရဲဒုက္ခ အမျိုးမျိုးကို ပေါ်လွင်ထင်ရှားအောင် သရုပ်ဆောင်ပေးနေ ရသော ဆင်းရဲပုံဆောင်ခဲအပေါ် ဘယ်ပုဂ္ဂိုလ် ဘယ်ဘုရားက ဘယ်လိုဘဲ ဟောထား ဟောထား တကယ့်အဖြစ်မှန် အထင်အရှား မြင်တွေ့ရသည်မှာ ဆင်းရဲခြင်းသာ ဖြစ်ပါ သည်။ ငါ့ဘဝ ကိုယ်ကောင်က ငါ့ကို အမှန်အတိုင်း လေိမ်မညာ ပရိယာယ်မပါဘဲ အို, နာ, သေ ဆင်းရဲခြင်း တရားနှင့် တစ်သားတည်းဖြစ်နေသော ငါ့ဘဝ ကိုယ်ကောင် ကြီးကို ဆင်းရဲဒုက္ခဝန်ထုပ် ဝန်ပိုးကြီးအဖြစ် မြင်တွေ့နေရပြီ ဖြစ်ပါသည်။

ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခံစားနေရသော ဘဝ ကိုယ်ကောင်၏ ဆင်းရဲတည်းဟူသော အမှန်တရားကို ငါ့ဘဝ ထဲမှာ ပါဝင်တည်ရှိနေသည့် စိတ်ဝိညာဉ်အင်အား အသိ တရားဖြင့် အထင်အရှား ခံစားတွေ့မြင်နေရပြီ ဖြစ်ပါသည်။ ဤဆင်းရဲခြင်းအမှန်တရားကို ငါ့ဘဝကိုယ်ကောင်က ငါ့ကို စက္ခန့်မခြား ပြသထားပါလျက် ငါကား အသိဗလာ သတိမပါဘဲ နမော်နမဲ့ နေခဲ့မှုကြောင့် မသိမမြင်ခဲ့ပေ။

အို–ကရင်အပေါင်းတို့ မွေးဖွားခြင်းနှင့် သေဆုံးခြင်းတို့၏အကြား အခိုက်အတန့်မျှသာ ရရှိထားကြသော လက်ရှိဘဝကိုယ်ကောင်ကို စူးစူးစိုက်စိုက် ရှုမြင်ဆင်ခြင်လိုက်ပါလော့။ ငါတို့၏ ဘဝကိုယ်ကောင်သည် ငါတို့မသွားလို မရောက်လို မကြုံမဆုံလိုသော အို၊ နာ၊ သေ ဆင်းရဲချောက်ကမ်းပါးထဲသို့ အရှိန်ပြင်းစွာ ဦးတည်သွားနေသည်ကို သင်ကိုယ်တိုင် မြင်အောင်ကြည့်ပါလော့။ ငါတို့ဘဝကိုယ်ကောင်၏ ဦးတည်ပြေးလွှားနေသော ခရီးလမ်းကြောင်းကို အဘယ်တန်ခိုးရှင် ဖန်ဆင်းရှင် ဗြဟ္မာ ဗိဿနိုးတို့၏ အဘ အဘိုးတို့သည်ပင် ပြောင်းလွဲပေးခြင်းငှာ မစွမ်းနိုင်ကြပါ။ ဤသို့ ဘုရားနှင့်တကွ မည်သူတစ်ဦးတစ်ယောက်ကမျှ လက်ရှိဘဝ၏ အိုနာသေ ဆင်းရဲဒုက္ခ ခရီးစဉ်ကြီးကို တားဆီးကာကွယ်၍ မရခြင်းသည်ပင် ဘဝအမှန်တရား၏ နက်ရှိုင်းသော ဂုဏ်ရည်သတ္တိပင် ဖြစ်ပါသည်။

အို–ကရင်အပေါင်းတို့ ငါတို့သည် ပြောရင်းဆိုရင်း နေထိုင်နေရင်းဖြင့်ပင် ငါတို့၏ ဘဝကိုယ်ကောင်သည် အိုမင်းရင့်ရော်လာနေသည်၊ နုပျိုမှုဖက်သို့ နောက်ကြောင်း ပြန်မလှည့်ဘဲ မရပ်မနား အိုဆင်းရဲဖက်သို့သာ ဦးတည်သွား နေသည်။ အိုမင်းရင့်ရော် မသွားအောင် အဘယ်သူသည် တားဆီးနိုင်ပါသနည်း။ မည်သူမျှ တားဆီးခြင်းငှာ မစွမ်းနိုင်ကြပါ။ ငါတို့၏ ဘဝကိုယ်ကောင်သည် အိုခြင်းဆင်းရဲနှင့် ယှဉ်တွဲနေသော

ဆင်းရဲဒုက္ခ အစုအပုံသာ ဖြစ်သည်ကို ရှုဆင်ခြင်ပါလော့။

အို-ကရင်အပေါင်းတို့ ငါတို့သည် လုပ်ငန်းကိစ္စများ လုပ်ကိုင် ဆောင်ရွက်နေရင်းဖြင့်ပင် ငါတို့၏ ဘဝကိုယ်ကောင်၌ ငါတို့မသိဘဲ မှီတွယ် ကပ်ရှားနေသော ရောဂါများသည် လက္ခဏာအသီးသီး ပြသလာကြသည်။ ကျန်းမာစွာ နေခဲ့ရသော အတိတ်ဖက်ဆီ နောက်ကြောင်းပြန်မလှည့်ဘဲ ရေပ်မနား နာဆင်းရဲဖက်သို့သာ ဦးတည်သွားနေသည်။ အနာရောဂါ မဖြစ်အောင် အဘယ်သူသည် တားမြစ် ကန့်ကွက်နိုင်ပါသနည်း။ မည်သူမျှ တားမြစ်ကန့်ကွက်ခြင်းငှာ မစွမ်းနိုင်ကြပါ။ ငါတို့၏ ဘဝ ကိုယ်ကောင်သည် နာရခြင်း ဆင်းရဲနှင့် ယှဉ်တွဲနေသော ဆင်းရဲဒုက္ခ အစုအပုံသာ ဖြစ်သည်ကို ရှုဆင်ခြင်ပါလော့။

အို-ကရင်အပေါင်းတို့ ငါတို့သည် ငါတို့ကိုယ်တိုင် ဖြတ်သန်းကျော်လွန်လာခဲ့သော နေ့၊ ရက်၊ လ၊ နှစ် များကို သတိမထားမိကြဘဲ ပေါ့ပေါ့ဆဆ နေထိုင်လာခဲ့ရာမှ ငါတို့၏ ရှေ့နောက် ဝဲယာ သက်တူရွယ်တူ၊ ကြီးသူ၊ ငယ်သူတို့သည် တစ်သုတ်ပြီး တစ်သုတ် ပျက်စီးသေဆုံးခဲ့ကြလေပြီ။ ငါတို့ အတွက် ပျက်စီးသေဆုံးရမည့်ရက်ကို အတိအကျ မသိရ သော်လည်း ဧကန်မုချ မြေကြီးလက်ခတ်မလွဲ ပျက်စီးသေဆုံး ရမည်သာဖြစ်သည်။ ငါတို့၏ ဘဝကိုယ်ကောင်ကြီးသည် နှပျိုလန်းရွှင် အသက်ရှင်ခဲ့ရသော အတိတ်ဖက်ဆီ ပြန်လည်

ခြင်းမရှိဘဲ သေဆင်းရဲ သေတွင်းထဲသို့သာ မရပ်မနား အရှိန်ပြင်းစွာ ဦးတည်သွားနေပါသည်။ သေဆင်းရဲသို့ ဦးတည်သွားနေသော ငါတို့၏ ဘဝကိုယ်ကောင်ကြီးကို အဘယ်သူသည် မသေအောင် လုပ်ဆောင်နိုင်ပါမည်နည်း။ မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ဆောင်နိုင်စွမ်း မရှိကြပါ။ ငါတို့၏ ဘဝကိုယ်ကောင်သည် သေဆင်းရဲနှင့် ယှဉ်တွဲနေသော ဆင်းရဲ ဒုက္ခအစုအပုံသာဖြစ်သည်ကို အလေးအနက် ကြည့်ရှုဆင်ခြင်ပါလော့။

အို-ကရင်အပေါင်းတို့ ငါတို့သည် ငါတို့နှင့် ဆက်စပ်နေသောဘဝနှင့် ဘဝအရှိတရားကို စိတ်ဝိညာဉ် အသိဉာဏ်အင်အားဖြင့် အထင်ရှားဆုံး အမှန်ကန်ဆုံး အလိမ် အညာ ပရိယာယ်မပါသော ဖြစ်ပျက်နေပုံ အမှန်တရားကို ကွက်ကွက်ကွင်းကွင်း ရှုမြင်သုံးသပ်ရန်လိုအပ်နေပါသည်။ မိမိဘဝဖြစ်ပျက်နေပုံကိုမျှ မသိမမြင်လျှင် နိဗ္ဗာန်နှင့် ကောင်းကင်ဘုံကို ဘယ်နည်းနှင့်မျှ တွေ့မြင်ရောက်ရှိနိုင်မည် မဟုတ်ပါ။ ငါတို့သည် နိဗ္ဗာန်နှင့်ကောင်းကင်ဘုံသို့ ဝင်ရောက် ခိုလှုံလိုလျှင် ငါတို့၏ဘဝကိုယ်ကောင်က ပြောပြ ဟောပြနေသော အမှန်တရားများကို မဖြစ်မနေ နာခံကြည့်ရှု ဆင်ခြင်ရပေမည်။ ငါတို့၏ဘဝကိုယ်ကောင်တွင် ပူးဝင်ကပ်ယှဉ် နေသော အို၊ နာ၊ သေ ဆင်းရဲခြင်းတရားသည် ငါတို့၏ အနီးကပ်ဆုံးရန်သူ အစစ်အမှန် ဖြစ်သည်။ အနီးကပ်ဆုံး ရန်သူကို မသိမမြင်ပါက

နိဗ္ဗာန်ရောက်ရပါလို၏။ ကောင်းကင်ဘုံ၌ ခိုလှုံရပါလို၏ ဟု ဆုတောင်းနေစဉ်မှာပင် ဘဝ ကိုယ်ကောင်ကြီးကို အို၊ နာ၊ သေ ဆင်းရဲခြင်းတရား ရန်သူများက ဝါးမျိုသတ်ဖြတ်သွားကြမည် ဖြစ်ပါသည်။ ဤသို့ ဘဝကိုယ်ကောင်၏ ရန်သူအစစ်ကို မသိမမြင်ဘဲ နိဗ္ဗာန်နှင့် ကောင်းကင်ဘုံသို့ ရောက်ရှိလိုသူတို့သည် သူတို့ရောက်လိုသော နိဗ္ဗာန်နှင့်ကောင်းကင်ဘုံသို့ မရောက်နိုင်ကြဘဲ အို၊ နာ၊ သေ ရန်သူ့လက်ချက်ဖြင့် အသက်ထွက်ကြရလေသည်။

နိဗ္ဗာန်၊ ကောင်းကင်ဘုံဟူသောအသံကို သူတစ်ပါးထံမှ ကြားလိုက်ရရုံမျှသာရှိသည်။ ဘယ်မှာ ရှိသည်၊ ဘယ်လိုနေသည်၊ ဘယ်ပုံ ဘယ်နည်းသွားရသည်ကိုမူ အသံမျှပင် ကြားနာခွင့် မရရှာကြပေ။ ဤအတိုင်း ဘဝကို အဆုံးသတ်သွားရသူတို့ကား မရေမတွက်နိုင်လောက်အောင်ပင် ရှိနေပါသည်။ ငါတို့သည် နိဗ္ဗာန်နှင့် ကောင်းကင်ဘုံကို ရောက်လို ရလို၍ ဗုဒ္ဓဘာသာ၊ ခရစ်ယန်ဘာသာကို လက်ခံယုံ ကြည်နေပါသည်ဟု ဝန်ခံနိုင်ကြ ဝန်ခံရဲကြလျှင် ငါတို့၏ လူမှုဘဝနှင့် ဆက်စပ်သမျှ ပြဿနာ အရပ်ရပ်သည် (၇၅%)ရာခိုင်နှုန်းပြီးစီးပြည့်စုံသွားမည် ဖြစ်ပါသည်။ ဤသည်ပင် နိဗ္ဗာန်နှင့် ကောင်းကင်ဘုံတို့၏ ဂုဏ်ရည်သတ္တိ၊ အရိန်အဝါဖြစ်ပါသည်။ ထို့ကြောင့် ကရင်လူမျိုးတို့သည် မိမိတို့၏ ယုံကြည်ရာဘာသာတရားကိုရော မိမိတို့ကိုပါ

လှည့်စားနေသူများ မဖြစ်ရလေအောင် အထူးသတိပြုရမည် ဖြစ်ပါသည်။

နိဗ္ဗာန်ကို ရလိုရောက်လိုသော ဗုဒ္ဓဘာသာဝင် ကရင်သည် ခရစ်ယန်ဘာသာဝင် ကရင်များအပေါ် မည်သည့် ကျူးကျော်စော်ကားမှုမျိုးကိုမျှ မပြုတော့သကဲ့သို့ ကောင်းကင်ဘုံကို ရောက်ရှိလိုသော ခရစ်ယန်ဘာသာဝင် ကရင်သည်လည်း ဗုဒ္ဓဘာသာဝင်ကရင်များအပေါ် မည်သည့် ကျူးကျော်စော်ကားမှုမျိုးကိုမျှ ပြုလုပ်တော့မည် မဟုတ်ပါ။

ဗုဒ္ဓဝါဒကို ခံယူ၍ တိုးတက်ကြီးပွားသော ကရင်များနှင့် ခရစ်ယန်ဝါဒကို ခံယူ၍ တိုးတက်ကြီးပွားသော ကရင်များသည် အမှန်စင်စစ် ကရင်လူမျိုးသာဖြစ်သောကြောင့် ဝိရောဓိ ဖြစ်စရာ လုံးဝမရှိပါ။ သို့ပါလျက် မလိုအပ်သော ဘာသာရေး အငြင်းပွားမှုများ, ရန်ငြိုးအာဃာတများသည် ကရင်လူမျိုးအတွင်း အပြီးသတ် ဖြေရှင်းနိုင်သော အခြေနေသို့ ရောက်ပြီဟု အတိအလင်း မသတ်မှတ်နိုင်ကြသေးသည်မှာ ဝမ်းနည်းစရာကောင်းလှသည်။

နိဗ္ဗာန်နှင့်ကောင်းကင်ဘုံသည် ဗုဒ္ဓဘာသာဝင် ကရင်များနှင့် ခရစ်ယန်ဘာသာဝင် ကရင်များ ဦးတည်သွားရောက်လိုသော ဘာသာရေးပန်းတိုင်ဖြစ်သည်။ ထိုပန်းတိုင်သို့ ဦးတည်သွားနေကြသည်ဆိုလျှင် ခရီးသည်အချင်းချင်း ကူညီ

နိုင်းပင်းမှ ပြုကြရမည် ဖြစ်ပါသည်။ နိဗ္ဗာန်နှင့် ကောင်းကင်ဘုံ ရောက်မီ ခရီးစဉ်တလျောက်၌ ကြုံတွေ့ရမည့် အခက်အခဲကို ပူးပေါင်းဖြေရှင်းကြရမည်သာ ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ လမ်းခုလပ်မှာပင် မလိုအပ်သော အသေးအဖွဲ့ ကိစ္စများအတွက် ပြဿနာတက်နေကြလျှင် နှစ်ဦးနှစ်ဖက် ခရီးဆက်မရဘဲ ပန်းတိုင်မရောက်မီ လမ်းပျောက်မှာ သေချာပေါက် ဖြစ်သည်။ ဤအချက်ကို ဘာသာဝင် ကရင် အားလုံး အလေးအနက်ထားရမည့် အချိန်သို့ ရောက်နေပါပြီ။

# လူမျိုးကိုဖျောက်၍ ဘာသာဖြင့် အရောင်မဆိုးသင့်

ဘာသာတရားတိုင်းသည် လိုက်နာကျင့်သုံးသူတို့ကို အန္တရာယ် ကင်းစေခြင်း, ချမ်းသာသုခ ရစေခြင်း, ကောင်းခြင်းမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံစေခြင်း စသော ကောင်းကျိုးများကို သူ့အတိုင်းအတာ အားလျော်စွာဖြစ်စေ ကြမည်သာဖြစ်ပါသည်။ ကရင်လူမျိုးများ လက်ခံကျင့်သုံး နေကြသော ဘာသာတရားများသည်လည်း ကရင်လူမျိုးတို့ကို ကောင်းကျိုးသုခ ရရှိစေမည်သာဖြစ်ပါသည်။ သို့ပါလျက် ကရင်လူမျိုးသည် ဘာသာရေးကြောင့်ရရှိသော ကောင်းကျိုး သုခထက် ဆိုးကျိုးဒုက္ခတွေကိုသာ ပိုမိုရရှိခံစားနေရသည်ကို တွေ့မြင်နေရသည်။

ကရင်လူမျိုးစုအတွင်း ဘာသာတရားနှင့် ပတ်သက် သော ဆန့်ကျင်ဘက် အကျိုးဆက်များ ဖြစ်ပွားရခြင်း အကြောင်းရင်းကို "ဘက်မလိုက် ဘာသာရေး ခုံသမာ အဖွဲ့" ဖွဲ့စည်း၍ တိတိကျကျ လေ့လာဆန်းစစ်ရန် အထူ လိုအပ်လျက် ရှိပါသည်။ ဘက်မလိုက်အဖွဲ့၏ လေ့လာ တင်ပြချက်ကို တစ်မျိုးသားလုံး သိရှိလိုက်နာနိုင်ရန် စီ

ဆောင်ရွက်ရမည်ဖြစ်သည်။ ကရင်သည် ကရင်ဖြစ်၍ ဗုဒ္ဓဘာသာ၊ ခရစ်ယန်ဘာသာ၊ မူစလင်ဘာသာ မဖြစ်သည်ကို ရှင်းလင်းပြတ်သားစွာ ရပ်တည်ထားရမည်။ အရှေ့ပိုး အနောက်ပိုး၊ အရှေ့စကော၊ အနောက်စကော၊ တောင်ပေါ် မြေပြန့် စသည်ဖြင့် ဒေသစွဲ အမည်နာမ ကွဲပြားကြသော်လည်း ကရင်သည် တစ်မျိုးတစ်ဖုံ ကွဲပြားခြားနားသွားစရာ မလိုပါ။ အရောင်အသွေး ကွဲပြားခြားနားနေကြသော ဘာသာရေးဆိုင်ရာ ထုံးတမ်းစဉ်လာများကြောင့်လည်း ကွဲပြားသွားစရာအကြောင်းမရှိပါ။

ကွဲပြားခြားနားမှုရှိသော ဘာသာတရားဖြင့် ကရင်လူမျိုးကို အရောင်ဆိုး၍ အရောင်တင်၍ ရပါသည်။ ဤနေရာ၌ အရောင်ဆိုးသမား အရောင်တင်သမားတို့သည် ကရင်ကို ဘာသာဖြင့် အရောင်ဆိုး အရောင်တင်ရာ၌ မည်သို့ မည်ပုံ ရပ်တည်လုပ်ဆောင်သင့်သည်ကိုသာ ရှင်းလင်း တိကျစွာ သိထားဖို့လိုပါသည်။

၁။ အရင်းခံမူလ ပဓာနဖြစ်သော ကရင်လူမျိုးကို ပျောက်ကွယ်သွားလောက်အောင် ဘာသာဖြင့် အရောင်ဆိုးခြင်း၊

၂။ အရင်းခံမူလ ပဓာနဖြစ်သော ကရင်လူမျိုးကို မပျောက်မကွယ်စေဘဲ ဘာသာဖြင့် အရောင်ဆိုးခြင်း၊

ဟူ၍ နှစ်မျိုးနှစ်စား ရှိနိုင်ပါသည်။ ကရင်လူမျိုးကို ဘာသာရေးဖြင့် အရောင်ဆိုး အရောင်တင်နေကြသော ကရင်အမျိုးသား ဘာသာရေးခေါင်းဆောင်များသည် အရောင်ဆိုးပုံနှစ်မျိုး၏ အကျိုးသက်ရောက်မှုကို ကြိုတင်သိမြင်နိုင်သော အစွမ်းအစမျိုးရှိဘို့ လိုအပ်ပါသည်။ မိမိဆိုးလိုက်သော အရောင်သည် ကရင်လူမျိုးတို့၏ ဗီဇစရိုက်လက္ခဏာများနှင့် လူမျိုးစု တစ်ခုလုံးကိုပါ လွှမ်းမိုးပျောက်ကွယ်သွားစေသော အရောင်အဆင်းမျိုးဖြစ်လျှင် ထိုအရောင်ဆိုးခြင်းမျိုးကို ရှောင်ကြဉ်ကြရမည်။ လူမျိုးပျောက်ကွယ်သွားသည်အထိ လူမျိုးကို မမြင်မတွေ့နိုင်တော့လောက်အောင် အလွန့်အလွန်ထူထဲ ပိန်းပိတ်စွာ ဘာသာရေးဖြင့် လူမျိုးကို အရောင်မဆိုးကြရန် အထူးသတိပြုဖို့ လိုအပ်ပါသည်။

အများ၏ မြင်ကွင်း၌ လူမျိုးပျောက်ကွယ်သည်အထိ ဘာသာရေး အရောင်ဆိုးမိ၍ ယနေ့ကရင်အမျိုးသားတို့၏ အနာဂတ်သည် မသေချာ မရေရာသော အနေအထားသို့ ရောက်ရှိနေရသည်ကို သတိပြု ကြည့်ရှုကြရမည်။ ကရင်လူမျိုးတို့၏ ဗီဇစရိုက်လက္ခဏာများ ပျောက်ကွယ်သွားလောက်အောင် အရောင်ဆိုးနေသူများသည် အမှန်စင်စစ် ဘာသာတရားကို ယဇ်ပလ္လင် အသွင်ပြောင်း၍ ကရင်လူမျိုးတို့၏ လည်ချောင်းသွေးဖြင့် ပသလိုသူများသာ ဖြစ်ပါသည်။ ကရင်လူမျိုး၏ ကောင်းကျိုးကိုသည်ပိုးလိုသော ကရင်

များသည် အမျိုးသားရေးနှင့် ဘာသာရေးကို ရောထွေး လုပ်ဆောင်၍ မရနိုင်ပါ။ ဘာသာရေးအတွက် ကရင်လူမျိုးကို ခုတုံးပြု အသုံးမချသင့်သကဲ့သို့ ကရင်လူမျိုးရေးကို အကြောင်းပြ၍ ဘာသာရေး အမြတ်ထုတ်မှုမျိုးကိုလည်း လုံးလုံးရှောင်ကြဉ်သင့်ပါသည်။

လူမျိုးနှင့်ဘာသာကို ကွဲပြားစွာ နားမလည်သော ကရင်တို့သည် ဘာသာရေးကိုပင် လူမျိုးရေးအသွင် ထင်မြင် လာကြသည်။ ထိုကဲ့သို့ ထင်မြင်လာအောင်လည်း ဘာသာရေး နယ်ချဲ့သမားတို့က ဟောပြောစည်းရုံးနေကြပြန်သည်။ ဘာသာရေးနှင့် လူမျိုးရေးကို ရောထွေးမွှေနှောက်နေသူ တို့သည် မိမိကိုယ်တိုင်က အသုံးချခံဘဝသို့ ရောက်နေရသည် ကိုပင် သတိမထားမိတော့ဘဲ ကရင်မြင်တိုင်း ဘာသာဝင် ဖြစ်လာရေးအတွက်ကိုသာ ဦးတည်လုပ်ဆောင်လာကြသည်။ ဘာသာရေး သွေးဆာနေကြသော ကရင်အချို့သည် ဘာသာ အတွက် ကရင်ကို ပေးဆက်နေကြသည်မှာ အမျိုးအတွက် အရှက်မဲ့လွန်းရာ ရောက်ပါသည်။

ဘာသာဝင်ဦးရေ တိုးပွားလာရေးအတွက် "ကရင် နှာတွေ ကွဲချင် ကွဲသွားပါစေ၊ ကရင်မိသားစုချင်း ကွဲချင် ကွဲသွားပါစေ၊ နောက်ဆုံး အချင်းများပြီး ခေါင်းကွဲ၍ မြောင်းထဲရောက်သွားသည့်တိုင် ဂရုစိုက်စရာမလို" ဟူသော အတွေးအခေါ်မျိုးဖြင့် ကရင်ကို မည်သို့ကောင်းကျိုးပြုနိုင်

ပါမည်နည်း “နွားကွဲ ကျားဆွဲ”ဆိုသကဲ့သို့ အားနည်းကွဲပြားသွားသော ကရင်လူမျိုးကို ကျားခံတွင်းထဲ အလွယ်တကူ ဆွဲသွင်းနိုင်ရန် ကြိုတင်ထားသော ရှေ့ပြေးအစီအမံများပင် မဟုတ်ပါလော။

# ဘာသာဖြင့် လူမျိုးမဖျက်ရ



# ကရင်လူမျိုးနှင့် ဘာသာရေး

## ဘာသာဖြင့် လူမျိုးကို မဖျက်ရ

ဤကဲ့သို့ ကရင်လူမျိုးတို့၏ ကျေးရွာနှင့် မိသားစု အနေအထားများ ကွဲပြားအားနည်းအောင် ဘာသာရေးဖြင့် ဖြိုခွဲခြင်း၊ ဘာသာရေးအတွေးအခေါ် အယူအဆများ ကွဲပြားရေးအတွက် ''မင်းတို့ ထမင်းကျွေးတာ မင်းတို့ဘုရားက စားတတ်လို့လား'' ''မင်းတို့ ရှိခိုးနေကြတာ အုတ်ခဲပုံတွေပါလား'' ''သီလရှင်ဆိုတာ မင်းတို့ဘုန်းကြီးတွေရဲ့ မိန်းမတွေပေါ့ကွ'' စသည်ဖြင့် ပြောဆိုခြင်း တစ်ဖက်ကလည်း ''မင်းတို့ လက်ဝါးကပ်တိုင်ကြီး ကိုးယိုးကားယားနဲ့ လည်ပင်းမှာ ဆွဲမထားနဲ့ကွ၊ လက်ဝါးကပ်တိုင်ဆိုတာ သင်္ချိုင်းကုန်းမှာ ရှိတာ မင်းတို့ သင်္ချိုင်းကုန်းမှာဘဲ သွားနေကြ၊ မင်္ဂလာမရှိတဲ့ အသုဘ အထိမ်းအမှတ်ကြီးနဲ့ အိမ်ပေါ်တက်မလာနဲ့'' စသည်ဖြင့် ပြောဆိုခြင်းတို့သည် ကရင်ကို ဘာသာဖြင့် ဖြိုခွဲရာ ထိရောက်သော လက်နက်များပင် ဖြစ်ပါသည်။ ဤဖြစ်စဉ်မျိုး ပြောဆိုငြင်းခုံမှုမျိုးကိုကြည့်လျှင် ထူထဲပိန်းပိတ်စွာ ဘာသာဖြင့် အရောင်ဆိုးထားသောကြောင့် ကရင်အချင်းချင်း ကရင်ကို မမြင်တော့ဘဲ ''ကြောင်တောင် ကန်း''ဖြစ်သွားကြရသည်မှာ ထင်ရှားလှပါသည်။ ကရင်အချင်းချင်း ဖြစ်ပါလျက် ဘာသာ

မတူမှုကို အကြောင်းပြု၍ တိုက်ခိုက်သတ်ဖြတ်နေကြရသည်မှာလည်း အဆိုပါ လွန်ကဲသော အရောင်ဆိုးမှုကြောင့်သာ ဖြစ်ကြရသည်။

လူမျိုးကို နစ်နာဆုံးရှုံးစေလောက်အောင် ဘယ်အယူဝါဒမျိုးကိုမျှ လက်မခံသင့်ပေ၊ အယူဝါဒ တစ်မျိုးမျိုးကို ယုံကြည်လက်ခံလိုက်ခြင်းကြောင့် ကရင်လူမျိုး စည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရမည့်အစား အချင်းချင်းသတ်ဖြတ်နေကြရသည်ဆိုလျှင် လူမျိုးရော ဘာသာပါ ဆုံးရှုံးနစ်နာပါသည်။ ဘာသာဝါဒတစ်ခုသည် ကိုးကွယ်ယုံကြည်လာသော ကရင်တို့ကို "ငါနဲ့မတူ ငါ့ရန်သူ" အယူအဆမျိုး ဖြစ်လာပြီး ဘာသာအယူမတူသော ကရင်တို့ကို ဘာသာအယူ တူလာရေးအတွက် အနုနည်းဖြင့် စည်းရုံးဆွဲဆောင်ခြင်း၊ အကြမ်းနည်းဖြင့် စည်းရုံးဆွဲဆောင်ခြင်းမျိုးကို အားပေးသော ဘာသာဝါဒမျိုးဖြစ်လျှင် ထိုဘာသာဝါဒသည် ကရင်လူမျိုး ကိုယ်ကျိုးနည်းအောင် လုပ်ဆောင်သည့် ဘာသာဝါဒသာ ဖြစ်သည်ဟု တထစ်ချ မှတ်သားထားရမည် ဖြစ်ပါသည်။

ကရင်လူမျိုးသည် ဘာသာတစ်မျိုးကိုသာ ယုံကြည်ကိုးကွယ်ခွင့်ရှိသည်။ ကိုးကွယ်ရမည်ဟု မည်သူတစ်ဦးတစ်ယောက်ကမျှ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်မည် မဟုတ်ပါ။ မိမိနှစ်သက်ရာ မည်သည့်ဘာသာကိုမဆို ယုံကြည်ကိုးကွယ်နိုင်သော အခွင့်အရေး ရှိပြီးဖြစ်ပါသည်။ ထိုအခွင့်အရေးကို

မည်သည့် အမိန့်အာဏာ၊ မည်သည့်ဖိအားပေးမှုမျိုးကမျှ ဟန့်တားနှောက်ယှက်ပိုင်ခွင့် မရှိပါ။ ဤအချက်သည်ပင် ကရင်လူမျိုးတို့၏ အရှိန်အဝါ၊ ဂုဏ်သိက္ခာဖြစ်ကြောင်း ကရင်လူမျိုးတိုင်း အရိုးခိုက်မျှ လိုက်နာရပ်တည်ထားကြရမည် ဖြစ်သည်။

သို့ဖြစ်၍ ကရင်လူမျိုးများသည် မိမိတို့ ယုံကြည် ကိုးကွယ်ခဲ့ရာ ဘာသာတရားနှင့် ယုံကြည်မှုများကို လေးနက် ခိုင်မာသောစိတ်ဓာတ်ဖြင့် လွတ်လပ်ပွင့်လင်းစွာ သက်ဝင် ယုံကြည်ခွင့် အပြည့်အဝရှိကြောင်း နားလည်ထားရမည်။ ခရစ်ယန်ဘာသာဝင်ကရင်က ဗုဒ္ဓဘာသာဝင်ကရင်ကိုဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်ကရင်က ခရစ်ယန်ဘာသာဝင် ကရင်ကိုဖြစ်စေ ဘာသာအကူးအပြောင်းပြုလုပ်ရန် ဆွဲဆောင်သိမ်းသွင်း လာလျှင် ထိုသိမ်းသွင်းလာသူသည် မည်သည့်ဘာသာဝင် ကရင်ပင်ဖြစ်စေ "ကရင်မျိုးဖျက် ကရင်သစ္စာဖောက်" ဖြစ်သည်ကို ရှင်းလင်းပြတ်သားစွာ နားလည်ထားရမည်။ အဆိုပါ ဘဘာသာကူးပြောင်းရေးသမားတို့သည် ကရင် အမျိုးသား အကျိုးပြုလေယောင် ဟန်ဆောင်ထားသော "ပေါ်လစီ၏ ကျေးကျွန် ကြေးစား ဘာသာရေးသမား ဘာသာရေး ခုတုံးပြုနေသူများသာ ဖြစ်သည်"ကို ကရင် လူမျိုးတိုင်း နားလည်သဘောပေါက်လျှင် ဘာသာရေး နှင့် ပတ်သက်သော အရှုပ်အရှင်းတွေ ကရင်လူမျိုးအတွင်း

မရှိသလောက် ဖြစ်သွားပေလိမ့်မည်။ မိမိတို့ ယုံကြည်လာခဲ့ရာ ဘာသာတရားအပေါ်၌ အခိုင်အမာရပ်တည်နိုင်ခွင့်ရှိသော ဇာတိမျိုးအဖြစ် မိမိကိုယ်မိမိ သိရှိထားပြီး နှစ်ဦးနှစ်ဖက် နားလည်မှုရှိရန် အထူးလိုအပ်နေပါသည်။ ကရင်လူမျိုးသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ခွင့် ရှိသကဲ့သို့ ခရစ်ယန် စသော ဘာသာများကိုလည်း ကိုးကွယ်ခွင့်ရှိသည်။ ထိုအခွင့် အရေးသည် ကရင်လူမျိုးတို့၏ အခြေခံကျသော အခွင့်အရေး တစ်ခုပင်ဖြစ်သည်။ ''ထိုအခွင့်အရေးကို ကရင်များက အရေး မထားလျှင်၊ အသိအမှတ်မပြုလျှင် အဘယ်လူမျိုးများက အရေးထား အသိအမှတ်ပြုပါမည်နည်း'' ။

## ဘာသာဖြင့် လူမျိုးကို မွမ်းမံခြယ်သပါ

ဘာသာဖြင့် လူမျိုးကို အရောင်ဆိုးရာ၌ ထူထဲပိန်းပိတ်စွာ ဆိုးခြင်းသည် လူမျိုးကိုပျောက်ကွယ်စေရာမှ မလိုလားအပ်သော ဆိုးကျိုးများကို ဖြစ်ပွားစေ၏။ ကရင်သည် ကရင်ကိုမမြင်သည်အထိ ဖြစ်သွားရ၏။ ထို့ကြောင့် ငါတို့ ကရင်လူမျိုးများသည် ဘာသာတရားအပေါ်၌ တွေးခေါ်ရပ်တည်မှုများ ပြောင်းသင့်ပြီဖြစ်၏။ ဘာသာတရားသည် လူမျိုးကို ပျောက်ကွယ်စေသောအရာမဟုတ်၊ ဘာသာတရားသည် လူမျိုးကို မွမ်းမံခြယ်သ ပန်းရ၍ တင့်တယ်လှပအောင် လုပ်ဆောင်ပေးသော အရာသာဖြစ်သည်ဟု ရှင်းလင်းစွာ ရှုမြင်သင့်ပါသည်။ ခေါင်းပေါင်းဖြင့် လှပသည်ယူဆ၍ ခေါင်းပေါင်းသူရှိသကဲ့သို့၊ ခမောက်ဆောင်းမှ ပံ့ကျသည်ဟု ယူဆသူကလည်း ခမောက်ဆောင်းမည်။ သနပ်ခါးခြယ်သမှ လှသည်ထင်သူက သနပ်ခါးခြယ်သလိမ်းကျံမည်။ အနီရောင် အင်္ကျီကို ဝတ်ဆင်လိုသူရှိသကဲ့သို့ စိမ်းနုရောင် နှစ်သက်သူ ရှိမည်။ ဤသို့ သွင်ပြင်လက္ခဏာ မည်သို့ပင်ကွာသော်လည်း အဆင်းတန်ဆာ အခြယ်အသတို့သည် လူကိုမွမ်းမံသော အရာတွေသာဖြစ်သကဲ့သို့ ထို့အတူ ဘာသာတရား အဆင်း

တန်ဆာများသည်လည်း ကရင်လူမျိုးကို ပျောက်ကွယ်သွားစေရန်မဟုတ်ဘဲ မွမ်းမံခြယ်သရန်သာ ဖြစ်ပါသည်။

ဤကဲ့သို့ ဘာသာတရားအပေါ် တွေးခေါ်ရှုမြင်တတ်သူတို့သည် သူလှသည်ထင်၍ သူဆင်မြန်းထားသော၊ ခြယ်သထားသော အဆင်းတန်ဆာ အသွေးအရောင်တို့ကို ကာယကံရှင်နှင့် ၄င်းမိသားစုပတ်ဝန်းကျင် အသိုင်းအဝိုင်းက ဖိတ်ခေါ်လက်ခံခြင်းမရှိဘဲ အချုပ်ခိုင်းခြင်း၊ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ပူးကပ် ဆွဲချုတ်ခြင်း၊ တစ်စုံ တစ်ခုသော ဖိအားပေးမှုမျိုးဖြင့် အချုတ်ခိုင်းခြင်း စသော အဓမ္မလုပ်ရပ်များကို လုပ်ကြတော့မည် မဟုတ်ပေ။

# အမျိုးသားရေးအမြင်



# ကရင်လူမျိုးနှင့်  ဘာသာရေး

## အမျိုးသားရေးအမြင်

"အမျိုးသားရေးအမြင် ရှင်သန်နေရေးသည် လူမျိုး တစ်မျိုး၏ အသက်သွေးကြော ဖြစ်သည်"။ အမျိုးသားရေး အမြင်သည် တစ်မျိုးသားလုံးကို လွှမ်းခြုံထားသော အမြင် ဖြစ်သည်။ ထိုအတွေးအမြင်၌ ဘာသာတူ, ဘာသာကွဲ, ဘာသာဆွဲ, ဘာသာကူး, ဘာသာပြောင်း စသော အပိုင်း အခြား အကန့်အသတ်များ လုံးဝမရှိပေ။ ထိုပိုင်းခြား ကန့်သတ်မှုများကင်းစင်မှသာ စစ်မှန်သော အမျိုးသားရေး အမြင် ဖြစ်နိုင်မည်။ အမျိုးသား တစ်ရပ်လုံးအတွက် တိုးတက် ရေးကို ရှေးရှုလုပ်ဆောင်နိုင်မည်ဖြစ်သည်။

"ငါနှင့် ဘာသာမတူ၍ ငါ့လုပ်ငန်းခွင်၌ ပါဝင်ခွင့် မရှိ၊ ငါနှင့် ဘာသာကွဲ၍ ငါ့လုပ်ငန်း၏ အကျိုးခံစားခွင့်ကို မပေးနိုင်၊ ဘာသာတူသူများမှတစ်ပါး ဝင်ရောက်ခွင့် မရှိသော နေရာ၊ သင်ယူခွင့် မရှိသော ပညာ၊ စားသောက်ခွင့် မရှိသော အစားအစာ" ဤသို့ကန့်သတ်ခွဲခြားမှု ပြုသူတို့သည် အမှန် စင်စစ် အမျိုးသားရေးအမြင် လုံးဝမရှိသူများသာ ဖြစ်သည်။ အမျိုးသားအကျိုးကို မည်၍မည်မျှ သည်ပိုးနေနိုင်သည် ဖြစ်စေ ထိုသည်ပိုးမှုများသည် တဒင်္ဂသာဖြစ်၍ "ရေရှည် အာမခံချက်

ရှိသော အမျိုးသား အကျိုးပြု ပုံစံမျိုးကို'' ဖန်တီးနိုင်ကြမည် မဟုတ်ပေ။

ကရင်လူမျိုးကို အမျိုးသားရေးအမြင် ရှင်သန်နေသူများအဖြစ် အခြားလူမျိုးက ရှုမြင်ကြ၏။ မိမိကား ကရင်တို့၏ ရှေ့နောက်ဖြစ်စဉ်နှင့် လက်ရှိအခြေအနေကို သုံးသပ်၍ ''ကရင်သည် အမျိုးသားရေးအမြင် ရှိသော်လည်း ခိုင်မာမှုလုံးဝမရှိ''ဟု ဆိုချင်ပါသည်။ မူလအရင်းခံ အမျိုးသားရေးစိတ်ဓာတ်သည် ကရင်လူမျိုးများ၌ အခိုင်အမာ မရှိခဲ့၍သာ ပြင်ပမှလာသော ဘာသာဝါဒများသည် ကရင်လူမျိုးကို လွယ်ကူစွာ လွှမ်းမိုးနိုင်ခဲ့ပါသည်။ လွှမ်းမိုးထားနိုင်ရုံမျှမက ကရင်ဘဝကို ကရင်အမျိုးသားများကိုယ်တိုင်က မသိမမြင်နိုင်သည်အထိ ဖြစ်နေကြသည်။ အမှန်စင်စစ် ကရင်လူမျိုးများကိုးကွယ်ယုံကြည်ထားသော ဘာသာဝါဒများသည် ကရင်ဘဝကို မြှင့်တင်ရန်၊ တိုးတက်ကြီးပွားရန်အတွက်သာ ဖြစ်ပါသည်။ *ကရင်တို့တွင် ခိုင်မာသော အမျိုးသားအသိအမြင်သာ ရှိခဲ့ပါလျှင် ပြင်ပမှလာသော ဘာသာဝါဒများနှင့် မိမိတို့၏ ခိုင်မာသော အမျိုးသား အသိအမြင်ကို ပူးပေါင်းယှဉ်တွဲ၍ ခိုင်မြဲသည်ထက် ခိုင်မြဲသော ရှင်သန်သည်ထက် ရှင်သန်သော အမျိုးသားမဏ္ဍိုင်ကြီးကို ခိုင်မာနက်ရှိုင်းစွာ တည်ဆောက်နိုင်ကြမည်သာ ဖြစ်ပါသည်။*

ယခုအခါ ကရင်လူမျိုးတို့သည် အမျိုးသားအမြင် ရှင်သန်နိုးကြားခြင်း အလျှင်းမရှိတော့ဘဲ ဘာသာအယူ မတူမှု ကလေးကို အကြောင်းပြု၍ ကရင်လူမျိုးအချင်းချင်း တိုက်ခိုက် သတ်ဖြတ်နေကြသည်မှာ အရုက်ကင်းမဲ့လွန်းရာရောက်သည့် အပြင် အနာဂတ်မျိုးဆက်များအတွက်လည်း မျော်လင့်ချက်တွေ ကင်းမဲ့စေလျက် ရှိပါသည်။ ***ထို့ပြင် ကရင်လူမျိုးအတွင်း၌ ဘာသာရေး စစ်အေးတိုက်ပွဲဟု ခေါ်ဆိုရမည့် ဘာသာ ဆွဲဆောင်ခြင်း, ဘာသာကူးပြောင်းစေခြင်း, ဘာသာတူနေ သော ရွာတစ်ရွာကို နှစ်ဘာသာ နှစ်ခြမ်းကွဲအောင်လုပ်ဆောင် ခြင်း စသော အပြုအမူများကို မိုက်တွင်းနက်စွာ ဆက်လက် လုပ်ဆောင်နေကြဆဲ ဖြစ်ပါသည်။*** အဆိုပါ အမျိုးသား အသိအမြင် လုံးဝကွယ်ပျောက် ဆိတ်သုဉ်းနေကြသော ပေါလစီ ကျေးကျွန်, အတ္တလွန်, ကိုယ်ကျိုးရှာ အမျိုးဖျက် သမားတို့ကို ကရင်တစ်မျိုးသားလုံးက အမျိုးသား အသိအမြင်ဖြင့် တွန်းလှန်ဖယ်ရှားရမည် ဖြစ်သည်။

တွန်းလှန်ဖယ်ရှားရမည်ဆိုရာ၌ ကရင်လူမျိုး အချင်းချင်း ပြန်လည်သတ်ဖြတ်တိုက်ခိုက်ရမည်ဟု မဆိုလိုပါ။ လုံးဝမရည်ညွှန်းပါ။ အမျိုးသားရေးအမြင် အမျိုးသားရေး စိတ်ဓာတ်ဖြင့်သာ တွန်းလှန် ဖယ်ရှားရမည်ဟု ဆိုလိုပါသည်။ ရည်ညွှန်းပါသည်။ အမျိုးသားရေးအမြင် အမျိုးသား စိတ်ဓာတ် ဖြင့် တွန်းလှန်ဖယ်ရှားခြင်းဟူသည် ဘာသာဖြင့် သိမ်းသွင်း

ဆွဲဆောင် ကွဲပြားအောင် လုပ်ဆောင်လာမှုအပေါ် မိမိက လက်ခံခြင်းမရှိဘဲ ဘိုးဘွားမိဘများ ပေးအပ်ထား ခဲ့သည့် သမိုင်းပေးတာဝန်အတိုင်း အခိုင်အမာရပ်တည်၍ အမျိုးသား တို့၏ ဂုဏ်သိက္ခာကို အထင်အရှားဖော်ပြခြင်းမျိုးကိုသာ ဆိုလိုပါသည်။

ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးများ၏ ထမင်းဟင်းကို ခရစ်ယာန်ကရင်များစားလျှင် အားဖြစ်သကဲ့သို့ ခရစ်ယာန် ကရင်များ၏ ထမင်းကို ဗုဒ္ဓဘာသာဝင်ကရင်များ စားလျှင် လည်း အားဖြစ်သည်မှာ သေချာပါသည်။ ဗုဒ္ဓဘာသာဝင် ကရင်လူမျိုးများ တည်ဆောက်ထားသော ဇရပ် တန်ဆောင်း စေတီ ကျောင်းတို့၏ အရိပ်အာဝါသ၌ ခရစ်ယာန် ကရင်များ နားခိုနေထိုင်လျှင် အေးမြသောအရသာကို ရရှိနိုင် သကဲ့သို့ ခရစ်ယာန်ကရင်များ တည်ဆောက်ထားသော ဘုရားရှိခိုး ကျောင်းတို့၏ အရိပ်အာဝါသ၌ ဗုဒ္ဓဘာသာ ကရင်များ နားခိုနေထိုင်လျှင်လည်း အေးမြသောအရသာကို ရရှိနိုင်ကြ သည်သာ ဖြစ်ပါသည်။

ဤနေရာ၌ ဗုဒ္ဓဘာသာ ခရစ်ယာန်ဘာသာ နှစ်မျိုးလုံး တို့၏ တူမျှနေသော ပကတိ အခြေအနေကို မြင်တွေ့နိုင် ပါသည်။ ဘာသာနှစ်မျိုးလုံးတို့၏ အရိပ်အာဝါသသည် အေးမြသော အရသာကို ပေးရာ၌ အကွဲအပြားမရှိပါ။ ဘာသာ ဘုရားတို့၏ လေးနက်သောဂုဏ်သိက္ခာကို အေးမြသော

အရိုပ်အာဝါသများက အထင်အရှား ဖော်ပြနေပါသည်။ ထိုသို့ သဘောရှိသော ဘာသာတရားတို့၏ ဂုဏ်သိက္ခာနှင့် တူမျှသော အခြေအနေကို နားလည်ခြင်းမရှိသော သိက္ခာမဲ့သူ ကရင်အချို့သည် ဘာသာကူးပြောင်းရေး ကိစ္စများ အတွက် တစ်ရွာဝင် တစ်ရွာထွက် အရှက်မဲ့စွာ ဆောင်ရွက်နေကြသည်မှာ ဘာသာနှစ်မျိုးလုံး၏ ဂုဏ်တန်ခိုးကို အလွန့်အလွန်ပင် ညှိုးနွမ်းစေလျက် ရှိပါသည်။ တစ်နည်းပြောရလျှင် အေးမြသော ဘာသာတရား၏ အရိပ်အာဝါသကို ငြိမ်းချမ်းစွာ ခိုလှုံနေကြသော ကရင်လူမျိုး ကရင်လူရိုးတွေကို ကရင်လူဆိုး ကရင်လူမိုက်တွေဖြစ်အောင် လုပ်ဆောင်နေကြသည်မှာ ထင်ရှားလှပါသည်။

ဤနေရာမှာလည်း ဗုဒ္ဓဘာသာ, ခရစ်ယန်ဘာသာကြောင့် ကရင်လူဆိုး ကရင်လူမိုက် ဖြစ်ရသည် မဟုတ်ဘဲ ဘာသာတရားကို တလွဲတချော် အသုံးချနေသူတို့ကြောင့်သာ ဖြစ်ရသည်ကို ရှင်းလင်းစွာ နားလည်စေလိုပါသည်။ ဘာသာတရားတို့၏ ပကတိသဘောသည် အေးမြငြိမ်းချမ်းသော အရိပ်အာဝါသ အရသာရှိသည်ကို နားလည်သဘောပေါက်ပြီး သူတို့သည် ကရင်လူမျိုးအချင်းချင်း ပြဿနာဖြစ်ရသော အကြောင်းရင်းကို ရှင်းလင်းစွာ သိမြင်နိုင်ပါသည်။ မိမိအနေဖြင့် ဒဲ့ထိုးပြောရလျှင် ကရင်သည် "အမျိုးသားရေး အမြင် အမျိုးသားရေးခံယူချက် လုံးဝကင်းမဲ့ ဆိတ်သုဉ်း

အညွှန့်တုံးနေသော လူမျိုးသာဖြစ်သည်'' ဟု ပြောလို
ပါသည်။

အမျိုးသားရေးအမြင် ရှင်သန်ခြင်း မရှိသော လူမျိုး
သည် အသက်သွေးမှ ကင်းဆိတ်သော အသေကောင်သာ
ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကရင်လူမျိုးတိုင်း၏ စိတ်အစဉ်၌
အမျိုးသားရေးအမြင် ရှင်သန်နိုးထလာရေးအတွက် ဆောင်ရွက်
ကြရန် တာဝန်ကိုယ်စီ ရှိနေကြပါသည်။ အမျိုးသားရေးအမြင်
ရှင်သန်ရင့်ကျက်သူတို့မည်သည် ပေါ်လစီခံယူချက် မတူမှု
ကြောင့်ဖြစ်စေ၊ ယုံကြည်ရာ ဘာသာတရားနှင့် နေရာဒေသ
ကွဲပြားနေမှုကြောင့်ဖြစ်စေ၊ မိမိတို့၏ အမျိုးသားရေးအပေါ်
ဘယ်သောအခါမှ သစ္စာမဖောက်ကြပါ။ အရေးကြီးလျှင်
သွေးစည်းခိုင်မာမှုကို အချိန်မရွေး စုစည်းညီညွတ်စွာ
ဖော်ပြနိုင်ရမည် ဖြစ်သည်။ ဤသည်ပင် အမျိုးသားရေး
အတွေးအမြင်၏ အနှစ်သာရ အနှစ်ချုပ်ဖြစ်သည်။

အမျိုးသားရေးအမြင် ရှင်သန်ခြင်းမရှိသော ကရင်
များသည် မိမိတို့၏ အမျိုးသားစိတ်ဓာတ်ကို တိုးတက်
မြှင့်မားလာသော ခေတ်နှင့်အညီ တိုးတက်မြှင့်တင်ရန်
မေ့လျော့နေကြသည်။ အထူးသဖြင့် ကရင်အမျိုးသား လူငယ်
များသည် ကရင်အမျိုးသမီးထု၏ အထင်ကြီးမှုကို ရယူနိုင်
သော အခြေအနေများ လျော့ပါးလာနေသည်ကို တွေ့ရသည်

ကရင်လူငယ်အများစု၏ စိတ်အစဉ်တွင် အမျိုးသားရေး အမြင်ရှင်သန် နိုးကြားမှုမရှိသောကြောင့် တစ်မျိုးသားလုံးအတွက် မိမိအပါအဝင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မသိကြတော့ပေ။ အမျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ကို မသိသူများသည် မိမိအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုလည်း အတိအကျ မသိနိုင်တော့ပေ။ ထို့ကြောင့် ကရင်လူငယ်အများစုသည် အရက်သေစာ သောက်စားမူးယစ်ရမ်းကားခြင်း၊ ကိုယ်ပိုင် အရည်အချင်း မပြည့်ဝခြင်း၊ ပညာရေး၊ စီးပွားရေး ချွတ်ခြုံကျလာခြင်း စသောအကြောင်းများကြောင့် ကရင်အမျိုးသမီးအများစုသည် ကရင်လူငယ်များနှင့် အိမ်ထောင်ဖက်မပြုလိုကြဘဲ စီးပွားရေးပြေလည်သော တရုပ် ကုလားများနှင့်သာ အိမ်ထောင်ဖက်ပြုလာကြသည်။ တရုပ်ကုလားတို့ကိုသာ အထင်ကြီး လေးစားလာကြသည်။ တရုပ်ကုလားနှင့် အိမ်ထောင်ပြုသွားသော ကရင်မများသည်လည်း ကရင်လူမျိုးအဖြစ် အခိုင်အမာရပ်တည်သွားရန် အားမာန်သတ္တိတွေ ချည့်နဲ့နေကြသည်။

မူစလင် ကုလားနှင့် အိမ်ထောင်ပြုသွားသော ကရင်မအချို့သည် ကုလားထက်ပင် ဓာတ်ပျက်မှာကို ကြောက်သည်။ ကျေးဇူးရှင် ကရင်မိဘနှစ်ဦးနှင့်အတူတကွ ထမင်းစားနိုင်သော အခြေအနေမျိုးပင် မရှိတော့ပေ။ ယုတ်စွအဆုံး မိဘအိမ်မှ

ရေကိုမျှ မသောက်ကြတော့ပေ။ ထို့ထက်ပို၍ ရင်နာဖွယ် ကောင်းသည်မှာ ကွယ်လွန်သောမိဘများ၏ အလောင်းကို သော်မှ ကန်တော့ခြင်း၊ အရိုအသေပြုခြင်း၊ ကိုင်တွယ်ခြင်း စသည်များကို လုံးဝပြုလုပ်ခွင့် မရှိတော့ခြင်းပင် ဖြစ်သည်။

ဤဖြစ်စဉ်၌ ဇာတ်ပျက်မှာကိုကြောက်၍ အထက်ပါ မိသားစု ကိစ္စအားလုံးကို ပြုလုပ်ရန် ကျောခိုင်းသွားကြသော ကရင်မများသည် အမျိုးသားရေးအမြင် အမျိုးသားရေးဂုဏ် သိက္ခာ တစ်ပြားသားမှ မရှိကြောင်း ထင်ရှားလှပါသည်။ ထို့ပြင် တွေးတောဆင်ခြင်တတ်သော ကိုယ်ပိုင်အသိအမြင် လုံးဝမရှိကြောင်းလည်း ပေါ်လွင်နေပါသည်။

မူစလင်ကုလားနှင့် ရသွားကြသော ကရင်မများသည် ကရင်မိသားစုများနှင့် ရောနှောဆက်ဆံလျှင် ဇာတ်ပျက်သည် ဟူသော အယူအဆကို အမှန်အတိုင်း သုံးသပ်သင့်ပါသည်။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဝေဖန်သင့်ပါသည်။ လူမျိုးခြား ဘာသာခြား တစ်ပြည်ရွာ ဝေးကွာသောနေရာမှ မိမိတို့၏ မြန်မာပြည်ရှိ ဗမာကရင်ရပ်ရွာ၊ ဗမာကရင်အသိုက်အဝန်းသို့ လွင့်စင်ရောက်ရှိလာသော ကုလားသည် ဗမာကရင်တို့၏ မြေကို နင်းသည်၊ ရေကိုသောက်သည်၊ ဗမာကရင်ကုန်ထွက် ပစ္စည်းအမျိုးမျိုးကို သုံးစွဲသည်၊ ဗမာ ကရင်တို့၏ အတွင်း အပ ရသမျှ ပစ္စည်းဥစ္စာ အမျိုးမျိုးကို ရယူသုံးစွဲသည်။ ဗမာ ကရင်များထံမှ စားနပ်ရိက္ခာများကို စားသည်။ ဗမာ ကရင်ပိုင်

မြေ၌ လယ်ယာကိုင်းကျွန်းများ လုပ်ကိုင်နေထိုင်သည်။ ဗမာကရင်များထံမှ ရနိုင်သမျှ ငွေကြေးပစ္စည်းတို့ကို ရယူပိုင်ဆိုင်ထားကြသည်။ ထိုမျှအထိ မိမိတို့၏ ကရင်လူမျိုးအတွင်းသို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်နေပါလျက် ကုလားများ ဇာတ်ပျက်သွားပြီဟု တစ်ခါဖူးမျှ မကြားရ။ ထို့ထက်မက ပို၍ အံ့သြစရာ ကောင်းသည်မှာ ဗမာ ကရင်မများနှင့် အကြင်လင်မယား ပေါင်းသင်းနေထိုင်၍ သားသမီးများစွာ ရရှိလာသည့်တိုင် ကုလားတွေမှာ ဇာတ်ပျက်သွားသည်ဟု တစ်ခါဖူးမျှ မကြားရ။ ကုလားတွေက ကရင်မများအား သွန်သင်ပြသထားသောဇာတ်ကား အဘယ်ဇာတ်မျိုးဖြစ်ပါသနည်း? ။ ကရင်ရွာရှိ ကရင်မအားလုံးကို သိမ်းကျုံးယူထားသည့်တိုင် ကုလားတို့၏ဇာတ်သည် မပျက်နိုင်တော့ဘူးတဲ့လား?။

ဇာတ်ပျက်စရာရှိလျှင် ကုလားတွေဖက်မှာသာ ဇာတ်ပျက်နိုင်စရာရှိပါလျက် ကုလားဖက်မှာတော့ ဘယ်အခါမှ ဇာတ်မပျက်ဘဲ ကရင်တွေသာ ဇာတ်ပျက်ရသည် ဟူသော အယူအဆမှာ အမျိုးသားအမြင် တစ်ပြားသားမှ မရှိသော ကရင်မများအတွက် ရောမယုံကြည်လက်ခံစရာ ဖြစ်နိုင်သော်လည်း အတွေးအမြင်ရှိသူ မည်သည့်ကရင်ကမျှ လက်ခံနိုင်ကြမည် မဟုတ်ပါ။ ကုလားတွေအဖို့ ကုလားပြည်မှ စထွက်သောနေ့ကပင် ဇာတ်ပျက်ပြီဖြစ်သည်။ ထိုဇာတ်ပျက်

ကုလားတို့သည် မျိုးရိုးဇာတိအားဖြင့် ဇာတ်မပျက်သေးသော ဗမာ ကရင်များကို အမျိုးဇာတ်ပျက်ပြားအောင် လှည့်ဖျား သွေးဆောင်ခြင်းသာ ဖြစ်သည်ကို ကရင်မများ အထူးသတိပြု ဆင်ခြင်သင့်ပါသည်။

ကုလားလူမျိုးတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများရှိ အရိုးအသားတို့သည် ကရင်မများ၌ရှိသော အရိုးအသား တို့ထက် ဘာများကွာခြားမှု ရှိပါသနည်း။ လူချင်းအတူတူ ဖြစ်ပါလျက် ကုလားက ဇာတ်မပျက်ဘဲ ကရင်မတွေက ဇာတ်ပျက်မှာကို ကြောက်ရွံ့စိုးရိမ်နေကြသည်မှာ အိုးက လုံးဝမပူဘဲ စလောင်းက မီးထတောက်နေသည်နှင့် တူနေပါ သည်။ ဤကဲ့သို့ မိမိနှင့်တကွ တစ်မျိုးသားလုံးကို တန်ဖိုး မဲ့စေ၊ သိက္ခာကျစေသော ယုံကြည်လက်ခံနေမှုများသည် အမျိုးသားရေးအမြင် ရှင်သန်ခြင်းမရှိသော ကရင်တို့၏ အခြေအနေကို ရှက်ဖွယ်လိလိ ဖော်ပြလျက် ရှိနေပါသည်။



## ကရင်လူမျိုး ရိုးသလား

ရိုးသားခြင်းကို လူတိုင်းက ဂုဏ်ယူကြ မြတ်နိုးကြသည်။ မရိုးသားခြင်းကို လူတိုင်းက ရှောင်ရှားရွံရှာကြသည်။ ရိုးသားခြင်းနှင့် မရိုးသားခြင်းသည် ဖြောင့်ဖြောင့် ဆန့်ကျင်ဖက် ဖြစ်သည်။ ရိုးသားသူနှင့် မရိုးသားသူသည် အတူတကွ မနေနိုင်ကြ။ နေလျှင်လည်း ခေတ္တခဏသာ ဖြစ်နိုင်သည်။ မရိုးသားသူသည် ရိုးသားသူတို့အပေါ် အကြိမ်ကြိမ် အထပ်ထပ် ကျူးလွန်စော်ကားတတ်သောကြောင့် အတူတကွ ကြာရှည်စွာ မနေနိုင်ခြင်းဖြစ်သည်။ "ရိုး" ဟူသောစကား၏ အဓိပ္ပါယ်ကို အနည်းငယ်မျှ ပြောပြလို ပါသည်။ "ရိုး"ရှေ့၌ အ-ထည့်လျှင် အရိုးဖြစ်သည်။ အရိုးသည် အသားမကပ်သော အရိုးမျိုးဖြစ်၍ အရိုး၏ ပကတိ အခြေအနေဖြစ်သော ဖြူစင်သောဂုဏ်ကို ဖော်ပြနိုင်သည်။ ထိုဖြူစင်သောဂုဏ်သည် အရိုးကိုအမှီပြု၍ ဖြစ်လာသောကြောင့် အရိုး၏သား အရိုးက မွေးဖွားပေးလိုက်သော သားအဖြစ်တင်စား၍ "ရိုးသား ဖြူစင်"ဟူသော အထူးပြု ဝိသေသန စကားတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ အသားအရေ တို့ဖြင့် ကာရံဖုံးလွှမ်းထားသည်နှင့် တူသော ပရိယာယ်မာယာ အလိမ်အညာတို့ကို ဖယ်ရှား၍

အရိုးခံအမှန်အတိုင်း ပြောဆို တင်ပြ ပြုလုပ်တတ်သူများကို လူရိုး၊ ရိုးသားသူဟု အသိအမှတ်ပြုကြသည်။

ကရင်လူမျိုးကို ရိုးသားဖြူစင်သောလူမျိုးဟု အများက အသိအမှတ်ပြုကြသည်။ အထူးသဖြင့် နယ်ချဲ့အင်္ဂလိပ်များသည် ကရင်လူမျိုးကို လူရိုးအဖြစ် အသိအမှတ်ပြုပြီး လွန်ခဲ့သောနှစ်ပေါင်း(၁၂၃)ကျော်ကပင် ပေါင်းသင်းဆက်ဆံလာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်များသည် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်နေသော မြန်မာနိုင်ငံကိုပါ သိမ်းပိုက်ရန် ကြံစည်နေချိန်ဖြစ်သည်။ ထိုအချိန်က မြန်မာနိုင်ငံသည် ကုန်းဘောင်မင်းဆက် (၆)ဆက်မြောက် ဘကြီးတော်မင်း အင်းဝ၌ နန်းစံနေချိန်ဖြစ်သည်။ ထိုစဉ်ကပင် မြန်မာဘုရင်များသည် ရိုးလွန်းမက နုံအသော ကရင်လူမျိုးများကို ဂရုမပြု လျစ်လျူရှုခဲ့ကြပေသည်။ မြန်မာဘုရင်များနှင့် ကရင်လူမျိုးတို့၏ အခြေအနေကို အသေအချာလေ့လာ၍ ကောင်းစွာသဘောပေါက်နားလည်သွားကြသော နယ်ချဲ့အင်္ဂလိပ်တို့သည် ကရင်လူမျိုးကို စည်းရုံးသိမ်းသွင်းရန် ဆုံးဖြတ်ခဲ့လေသည်။

နယ်ချဲ့အင်္ဂလိပ်များသည် ကရင်ကို မစည်းရုံးမီ ကရင်လူမျိုးအတွင်း (သိုက်စာ၊ တဘောင်)ရှေးဟောင်းစကား၊ ရှေးဟောင်းတေးသီချင်းအဖြစ် ယူဆနိုင်သော စကားရပ်များပြန့်နှံ့ရောက်ရှိအောင် လုပ်ဆောင်ခဲ့လေသည်။ ကရင်လူမျိုးများသည် ရှေးဟောင်းစကား ရှေးဟောင်းတေးသီချင်း

များကို ကြားရသည့်အခါ ''**ငါတို့၏ ရှေးရှေး ဘိုးဘွား မိဘများ မှာကြားခဲ့သော စကားတွေဖြစ်သည်**''ဟု ယုံကြည်လာကြသည်။

ကရင်လူမျိုးတွေ အသည်းစွဲ ယုံကြည်ခဲ့သော ရှေးဟောင်းစကား၊ ရှေးဟောင်း တေးသီချင်း၏ လိုရင်းအဓိပ္ပါယ်ကို လေ့လာကြည့်ပါ။

''ရှေးရှေးကရင်လူမျိုးတို့၏ ရှေးဟောင်းတေးသီချင်းများတွင် ''ယွာ''ဟုခေါ်သော ဘုရားရှိပါသည်၊ 'ယွာ'က ကမ္ဘာကို ဖန်ဆင်းခဲ့ပါသည်။ ကရင်နှင့် လူဖြူအင်္ဂလိပ်တို့သည် ညီအစ်ကိုအရင်းအချာ ဖြစ်ကြပါသည်။ ကရင်က အကိုကြီးဖြစ်၍ လူဖြူအင်္ဂလိပ်က ညီငယ်ဖြစ်ပါသည်။ ညီငယ်ဖြစ်သော လူဖြူအင်္ဂလိပ်တို့သည် အစ်ကိုဖြစ်သော ကရင်များထံသို့ ကျမ်းစာအုပ်များယူဆောင်လာမည်၊ ကျမ်းစာအုပ်များရရှိပြီးလျှင် ကရင်များ ကြီးပွားတိုးတက်လာလိမ့်မည်။

ကရင်လူမျိုးအတွင်း ခေတ်စားပြန့်နှံ့လာသော ထိုစကားများကြောင့် မြန်မာဘုရင်တို့၏ ဘေးဖယ်ထားမှုကို ခံနေရသော ကရင်တို့သည် ကျမ်းစာပို့လာမည့် ညီငယ်အင်္ဂလိပ်များအပေါ် အမျှော်ကြီးမျှော်ခဲ့ကြပေသည်။ ထိုသို့မျှော်နေစဉ် အင်းဝနန်းစံ ဘကြီးတော်လက်ထက်(၁၁၈၅)ခုနှစ်မှာပင် အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားခဲ့သည်။ မြန်မာ

**ရှုံး၍ ရန္တပိုစာချုပ်**အရ ရခိုင်ဒေသနှင့် တနင်္သာရီနယ်များကို **အင်္ဂလိပ်အား** ပေးလိုက်ရလေသည်။ ကရင်အများစု နေထိုင်ရာ တနင်္သာရီနယ်များသို့ အင်္ဂလိပ် လူဖြူများ ရောက်လာသော အခါ ကရင်များက တဘောင်အရ ရောက်လာကြသော ငါတို့၏ ညီများဖြစ်သည်ဟု ယုံကြည်ထားသည့်အတိုင်း နွေးထွေးစွာ လက်ခံခဲ့ကြပေသည်။ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ပြီးချိန်မှစ၍ ကရင်နှင့် အင်္ဂလိပ်တို့၏ ဆက်ဆံရေးသည် ပို၍ ပို၍ ခိုင်မြဲလာလေသည်။

အင်္ဂလိပ်တို့သည် ကရင်ကို အမှီပြု၍ ကရင်လူမျိုးကို မိမိတို့ အင်္ဂလိပ်လူမျိုးနှင့် လူမျိုးချင်းတူသွားအောင် ညီအစ်ကို ပြုခဲ့ကြသကဲ့သို့ ဘာသာချင်း တူသွားအောင်လည်း အစွမ်းကုန် အားထုတ်ခဲ့ကြလေသည်။ ကရင်လူမျိုးများ၌ "လိပ်ဆန်ဝေ့" ခေါ် ရှေးဟောင်းကရင်စာ ရှိခဲ့သော်လည်း လေ့လာထုတ်ဖော်မှု မရှိသောကြောင့် ကရင်များအဖို့ စာပေမရှိသလို ဖြစ်နေခဲ့သည်။ လိုအပ်ချက်ကို တွေ့အောင်ရှာ၍ ဖြည့်စွက်နိုင်စွမ်း ရှိသော အင်္ဂလိပ်အမေရိကန်တို့သည် စကော ကရင်စာ, ပိုးကရင်စာတို့ကို မြန်မာအက္ခရာဖြင့်ပင် တည်ထွင်ပေးခဲ့ကြသည်။ ဒေါက်တာဝိတ်, ဒေါက်တာဗရေတန်တို့သည် ကရင်စာပေကို မြန်မာအက္ခရာဖြင့် တီထွင်ခဲ့ကြသည်။ အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားပြီးနောက် နှစ်(၂၀) အတွင်းမှာပင် မြန်မာနိုင်ငံ အောက်ပိုင်း၌ စကောကရင်

အများစုသည် အင်္ဂလိပ်တို့ ယူဆောင်လာသော ခရစ်ယာန် ဘာသာဝါဒကို ယုံကြည်သွားကြကာ လူမျိုးတူ ဘာသာတူ အဖြစ် ခံယူထားလာကြသည်။

မြန်မာဘုရင်များ ဘေးဖယ်ထားသလောက် အင်္ဂလိပ်များ၏ အားပေးချီးမြှောက်မှုကို ရရှိသော ကရင်တို့သည် ဘာသာ စာပေနှင့်တကွ ပညာရေး, ကျန်းမာရေး, စီးပွားရေး များ၌လည်း တိုးတက်ကြီးပွားလာကြသည်။ မြန်မာဘုရင်များ လက်အောက်၌ အပယ်ခံဘဝဖြင့် နေရသည်နှင့်စာလျှင် အကွာကြီး ကွာခြားသည်ဟု ကရင်များယုံကြည်လာကြသည်။ ပညာရေးတွင် တက္ကသိုလ်ဝင်တန်းအထိ ကရင်ဘာသာဖြင့် စာဖြေခွင့်ရသည်။ ထို့ပြင် (၁၈၄၁)ခုနှစ်တွင် ဒေါက်တာ မေဆင် ခေါ် အမေရိကန်သာသနာပြုဆရာသည် ထားဝယ် မြို့၌ ''မိုးသောက်ကြယ်''အမည်ဖြင့် စကောကရင် သတင်းစာ တစ်စောင်ကို ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထိုသတင်း စာကို ဒုတိယကမ္ဘာစစ်ဖြစ်ချိန် (၁၉၃၉-၁၉၄၅) ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခိုက်သည်အထိ နှစ်ပေါင်း တစ်ရာခန့် ထုတ်ဝေနိုင်ခဲ့သည်။

ကရင်လူမျိုးသည် နှစ်ပေါင်းတစ်ရာကျော်မျှ အင်္ဂလိပ် တို့နှင့် သစ္စာရှိစွာ လက်တွဲဆက်ဆံလာခဲ့သည်။ အင်္ဂလိပ် များကလည်း ကရင်လူမျိုးကို ရိုးသား၍ သစ္စာရှိသော လူမျိုးဟု အသိအမှတ်ပြုထားကြသည်။ အင်္ဂလိပ်တို့သည်

ကရင်များအား ပျောက်ကြားတပ်သားများနှင့် စစ်ပုလိပ်များ ဖြစ်ရန် လမ်းဖွင့်အားပေးလာခဲ့သည်။ ထိုစဉ်က ကရင် ပြောက်ကျားတပ်များသည် အမြဲတမ်း တာဝန်ထမ်းဆောင်ခြင်း မျိုး မဟုတ်ဘဲ အင်္ဂလိပ်က လိုအပ်သည့်အခါ အကူအညီ ပေးသည့် အနေအထားမျိုး ဖြစ်သည်။ အကူအညီ မလိုသည့် အခါ ကရင်တပ်သားများသည် မိမိရပ်ရွာသို့ပြန်ပြီး လယ်ယာ လုပ်ငန်း စသည်ကို လုပ်ကိုင်ကြလေသည်။

ခရစ်(၁၈၂၄)ခု၊ အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားပြီးနောက် ကရင်များသည် အခါအားလျော်စွာ အင်္ဂလိပ်ကို ကူညီနေသောကြောင့် ကရင် မြန်မာ ချစ်ကြည်ရေး များစွာထိခိုက်ခဲ့လေသည်။ ကရင်များသည် လိုအပ်သည့်အခါတိုင်း အင်္ဂလိပ်ကို ကူညီခဲ့သည် ဆိုသော် လည်း ခရစ်(၁၈၅၂)ခု အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ ခရစ် (၁၈၈၅)ခု အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတို့၌ အင်္ဂလိပ်ဖက်မှ ကရင်များပါဝင်ပတ်သက်ခဲ့သော အထောက်အထားများကို မတွေ့ရပေ။

ကရင်တို့သည် ဗမာဘုရင်များ၏ လျစ်လျူရှုမှုကို ခံရခြင်း၊ နှိပ်စက်ညှင်းပန်းမှုခံရခြင်း "ကရင်ရိုင်း, ချင်းရိုင်း, ကရင်ကြီးလျှင်စော်ကဲ" ဟု အထင်အမြင်သေးခံရခြင်းတို့ ကြောင့် ကရင်များအနေဖြင့် အင်္ဂလိပ်နှင့် ပို၍အလွန်းသင့် ခဲ့ရသည်။ ဘုရင်တို့၏ သဘောထားရပ်တည်ချက်သည်

ကရင်လူမျိုးကို အင်္ဂလိပ်နှင့် ပို၍နီးစပ်သွားရန် တွန်းပို့ သကဲ့သို့ ဖြစ်ခဲ့သည်။ ကရင်များသည် အင်္ဂလိပ်အုပ်ချုပ်သည်ကို ဗမာဘုရင်များ အုပ်ချုပ်သည်ထက် ပို၍နှစ်သက်လက်ခံခဲ့ကြသည်။

အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ ဖြစ်ပြီးနောက် သီပေါမင်းနှင့်တကွ မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်များ အုပ်ချုပ်လာခဲ့သည်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ရချိန်အထိ နှစ်ပေါင်း(၁၂၃)နှစ်မျှ ကြာမြင့်ခဲ့သည်။ ထိုကာလအတွင်း ကရင်တို့သည် အင်္ဂလိပ်တို့၏ ကျူးကျော်အုပ်ချုပ်နေမှုအပေါ် ကျေနပ်စွာ လက်ခံလျက်ပင်ရှိသည်။ (၁၉၁၄-၁၉၁၈) ပထမကမ္ဘာစစ်အတွင်း ကရင်အများအပြား စစ်ထဲသို့ ဝင်ရောက်ပြီး အင်္ဂလိပ်တို့ဖက်မှ အသက်ပေးကူညီတိုက်ခိုက်ပေးခဲ့ကြသည်။

ထို့အတူ (၁၉၃၉-၁၉၄၅)ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါတွင်လည်း ကရင်တို့သည် အင်္ဂလိပ်ဖက်မှ အခိုင်အမာ ရပ်တည်ခဲ့သည်။ (၁၉၄၃)ခုတွင် ဖက်ဆစ်ဂျပန်တို့သည် ပစ္စဖိတ် သမုဒ္ဒရာအတွင်း၌ ဠမ်ကျွန်း၊ ဝိတ်ကျွန်းတို့ကို သိမ်းပြီးနောက် အင်္ဂလိပ်ပိုင် ဟောင်ကောင်ကျွန်း၊ မလေးကျွန်းဆွယ်၊ ဖိလစ်ပိုင်ကျွန်း၊ လူဇုန်၊ ဗာတန်း၊ ကော်ရက်ဂျီဒေါ ကျွန်းများကို ဆက်တိုက်သိမ်းပိုက်နိုင်ခဲ့သည်။ (၁၉၄၂)ခုတွင် စင်္ကာပူကျွန်းနှင့် မလေးပြည်မကြီးကိုပါ သိမ်းပိုက်တိုက်ခိုက်ခဲ့သည်။ အင်္ဂလိပ်တို့၏ အကြီးဆုံး

ခံတပ်ဖြစ်သော စင်္ကာပူခံတပ်ကြီးကိုလည်း သိမ်းပိုက်ခဲ့သည်။ ဆူမတြား၊ ဂျဗားနှင့် ဒပ်ချ်ပိုင်ကျွန်းများကို သိမ်းယူပြီးနောက် မြန်မာပြည်သို့ ဂျပန်တို့ စစ်ဦးလှည့်ခဲ့ပြန်သည်။ ဂျပန် စစ်တပ်သည် ရဲဘော်သုံးကျိပ်တို့၏ အကူအညီဖြင့် ယိုးဒယား နယ်စပ်မှ မြန်မာပြည်တွင်း ဝင်ရောက်တိုက်ခိုက်ကြရာ (၂)လ အတွင်းမှာပင် ဂျပန်လက်အောက်သို့ လုံးဝကျရောက်သွား တော့သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေဆဲကာလတွင် ကရင်တို့ သည် အင်္ဂလိပ်စစ်တပ်ထဲသို့ အဆက်မပြတ်ဝင်နေကြသည်။ ဂျပန်များ ဝင်လာသောအခါ ကရင်ပြောက်ကျား(၁၂၀၀၀) ကျော်တို့သည် အင်္ဂလိပ်တပ်မ(၁၃၆)နှင့် ပူးပေါင်း၍ ယိုးဒယား နယ်စပ်မှစ၍ ဖက်စစ်ဂျပန်များကို စွန့်စွန့်စားစား ခုခံတိုက်ခိုက်ခဲ့ကြပေသည်။ ထားဝယ်၊ မော်လမြိုင် စစ်မျက်နှာတို့၌ ကရင်ပြောက်ကျားများသည် ဖက်ဆစ် ဂျပန်ကို အနိုင်တိုက်ခိုက်ခဲ့ရာ ဂျပန်များစွာ ကျဆုံးခဲ့ရ လေသည်။ ဒေါက်တာ ဆူဇူကီးကိုယ်တိုင် ကရင်တို့၏ ရဲရင့်ခြင်းနှင့် သေနတ်အပစ် ဖြောင့်ခြင်းတို့ကြောင့် ဂျပန် များစွာကျဆုံးသွားရကြောင်း ဝန်ခံခဲ့လေသည်။

အရှေ့တောင်အာရှမှာရော ပစ္စဖိတ်အနောက် တောင်ပိုင်းမှာပါ စစ်ရေးအရ အကြီးအကျယ် အောင်မြင်မှု ရှိနေသော ဂျပန်တို့ကို မြန်မာ့မြေ၌ ခုခံတိုက်ခိုက်နေခြင်းဖြင့်

အကျိုးမရှိ အင်အားကို ဖြုန်းတီးရာသာ ရောက်မည်ဟု ဆုံးဖြတ်ချက် ချလိုက်သော အင်္ဂလိပ်တို့သည် အိန္ဒိယသို့ အလျှင်အမြန် ဆုတ်ခွာကြလေသည်။ အင်္ဂလိပ်ကို ယုံကြည် အားကိုး၍ သစ္စာစောင့်သိသော ကရင်တို့သည် ထားဝယ်၊ မော်လမြိုင်စသော ရှေ့တန်းစစ်မျက်နှာများမှ ဆုတ်ခွာ၍ အိန္ဒိယအထိ အမြောက်အမြားလိုက်ပါသွားကြလေသည်။ ယုံပြီဆိုလျှင် အသက်ကိုပါ ပုံအပ်၍ ပေးတတ်သော ကရင်တို့၏ သဘောသဘာဝအမှန်ကို ဤကဲ့သို့သော သေရေး ရှင်ရေး ကိစ္စများ၌ အထင်းသားမြင်တွေ့ရပေသည်။ အချို့သော အင်္ဂလိပ်များသည် အိန္ဒိယသို့ လိုက်ပါနိုင်ခြင်း မရှိတော့ဘဲ ပုသိမ်၊ ကျုံ့ပျော်မြို့၊ ဖာပွန်၊ မြိတ်၊ ပဲခူးခရိုင် စသော ဒေသများ၌ ကျန်ခဲ့ကြသည်။ ထိုအင်္ဂလိပ်များကို ဂျပန်နှင့် ဂျပန်ကိုထောက်ခံသူများ မတွေ့အောင်(၂)နှစ်ကြာမျှ ကရင်များက ဝှက်ထားကြသည်။ ထိုကာလမျိုး၌ ဤကဲ့သို့ သော စွန့်စားမှုမျိုးကို ကရင်တို့သည် အင်္ဂလိပ်တို့အတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြပေသည်။ အထက်ပါ အင်္ဂလိပ်များအား ဝှက်ထားမှုကြောင့် ဂျပန်လက်ချက်ဖြင့် ကရင်(၂၀၀)ကျော် အသတ်ခံရပြီး (၂၀၀၀)ခန့် ဖမ်းဆီးနှိပ်စက် ခံကြရလေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းအပါ ရဲဘော် သုံးကျိပ်တို့သည် (၁၉၃၀)ဝန်းကျင် အင်္ဂလိပ်အုပ်ချုပ်နေချိန်

မှာပင် ရန်ကုန်ကောလိပ်တွင် ပညာသင်ခဲ့သူများ ဖြစ်ပါသည်။ ထိုအချိန်က တက္ကသိုလ်ကျောင်းသားထုအတွင်း နိုင်ငံရေး ဟောပြောပွဲများ ကျင်းပနိုင်သည့် ကာလမျိုး ဖြစ်သည်။ အဆိုပါ ကျောင်းသားများသည် ပညာသင်ရင်း အင်္ဂလိပ်အုပ်ချုပ်ခံ မြန်မာနိုင်ငံ၏ အရေးကို အလေးအနက် တွေးခေါ်စဉ်းစားရာမှ နိုင်ငံရေးလောကသို့ ခြေစုံပစ် ဝင်ရောက် ခဲ့သူများ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ကျောင်းသားများသည် ဒုတိယ ကမ္ဘာစစ်အတွင်း အင်္ဂလိပ် ဂျပန်တို့၏ အခြေအနေကို လေ့လာသုံးသပ်၍ အရှေ့တောင်အာရှတွင် စစ်ရေးအသာစီး ရရှိနေသော ဂျပန်များနှင့်ပူးပေါင်း၍ အင်္ဂလိပ်ကို တိုက်ထုတ်ရန် စီမံခဲ့ကြသည်။ ဂျပန်သို့ တိတ်တဆိတ် သွားရောက်၍ စစ်ပညာသင်ယူပြီး ဂျပန်များနှင့်အတူ အင်္ဂလိပ်ကို တိုက်ထုတ်ခဲ့ကြသည်။ ဂျပန်နှင့်ပေါင်း၍ အင်္ဂလိပ်ကို တိုက်ခဲ့သော ရဲဘော်သုံးကျိပ်တို့သည်(Patriotic Burmese Forces)ဗမာမျိုးချစ် တပ်မတော်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအဖွဲ့သည် ဖက်ဆစ်ဂျပန်ကို ပြန်လည်တော်လှန်ရာ၌ အရေးပါခဲ့သလို ဒုတိယအကြိမ် မြန်မာနိုင်ငံကို ပြန်လည် အုပ်ချုပ်လာသော အင်္ဂလိပ်တို့အထံမှ လွတ်လပ်ရေးရရန် တောင်းဆိုရာမှာလည်း အားကိုးအားထားပြုစရာ အင်အားစုကြီးတစ်ခု ဖြစ်ခဲ့ပေသည်။

(၁၉၄၃)ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့၌ ဂျပန်သည် မြန်မာပြည်ကို လွတ်လပ်ရေး ပေးသည်။ ဒေါက်တာ ဘမော် အဓိပတိအဖြစ် လွတ်လပ်သော ဗမာပြည်ကို စတင်အုပ်ချုပ်သည်။ ဗမာများ အသင့်အတင့် အခွင့်အရေးတွေ ရလာသည်။ ကရင်များကား ဘာအခွင့်အရေးမျှ မရကြပေ။ ဂျပန်ပေးသော လွတ်လပ်ရေးသည် အတုအယောင် လှည့်ဖြားမှုသာဖြစ်၍ ဂျပန်တို့၏ နှိပ်စက်ညှဥ်းပန်းမှုကိုသာ ပို၍ခံစားလာရသည်။ ကြာကြာဝါး ခါးမှန်းသိလာသော ပြည်သူလူထုသည် ဂျပန်ကို ပြန်လည်တော်လှန်ရန် စိတ်အားထက်သန်လာကြသည်။

အင်္ဂလိပ်လက်အောက်က လွတ်မြောက်လိုသော ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလိပ်ထက်ပိုဆိုးနေသော ဂျပန်ကို တိုက်ဖျက်ရန် (၁၉၄၄)ခု၊ ဩဂုတ်လတွင် (Anti Fascist Organization) (ဖ·တ·ဖ)ဖက်ဆစ်တိုက်ဖျက်ရေး အဖွဲ့ချုပ်ကို ဦးဆောင်ဖွဲ့စည်းခဲ့သည်။ နောက်ပိုင်းတွင် အခြားနိုင်ငံရေး အဖွဲ့အစည်းများ ပြည်သူများ ပါဝင်လာနိုင်ရန် (Anti Fascist Peoples Freedom League) (ဖ·တ·ပ·လ)ဖက်ဆစ်တိုက်ဖျက်ရေး, ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်(ဖ·ဆ·ပ·လ)ဖက်ဆစ်ဆန့်ကျင်ရေး, ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်အဖြစ် ထင်ရှားလာခဲ့သည်။

အင်္ဂလိပ်တို့သည် (၁၉၄၂)ခုနှစ်တွင် မြန်မာနိုင်ငံမှ

ဆုတ်ခွာခဲ့သော်လည်း အပြီးအပိုင် ထွက်ခွာခြင်းမျိုး မဟုတ်ဘဲ နောက်ထပ်တစ်ကြိမ် ပြန်လည်တိုက်ခိုက်ရန် အစီအမံများ ချလျက်ပင်ရှိသည်။ ထိုးမည့်ဆင် နောက်တစ်လှမ်းဆုတ်သဘောမျိုးဖြင့် အိန္ဒိယသို့ ဆုတ်ခွာပေးလိုက်ခြင်းသာ ဖြစ်သည်။ အင်္ဂလိပ်တို့သည် ကမ္ဘာ့နေရာဒေသ အတော်များများ၌ ဂျာမနီ၊ အီတလီ၊ ဂျပန်တို့၏ တိုက်ခိုက်မှုကို အလူးအလဲခံရသည့်တိုင် ''ဤစစ်ပွဲကို မနိုင်မချင်းတိုက်မည်''ဟု အခိုင်အမာ သန္နိဋ္ဌာန် ချထားပြီး ဖြစ်ပါသည်။ မကြာမီ မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်မည်ဟူသော စီမံချက်များကြောင့် ကရင်စစ်သား အမြောက်အများကို အိန္ဒိယအထိ ခေါ်ဆောင်သွားနိုင်ခြင်းလည်း ဖြစ်ပါသည်။

ကရင်စစ်သား အများစုကလည်း အင်္ဂလိပ်နှင့်အတူ ပူးပေါင်း၍ မြန်မာပြည်သိမ်းတိုက်ပွဲ ဆင်နွှဲရန် ထက်သန်နေကြသည်။ ကရင်တို့သည် ဂျပန်တို့၏ ရိုင်းစိုင်းသော ဖက်ဆစ်စနစ်ကို ဘယ်အခါကမှ လက်ခံခြင်းမရှိခဲ့။ ၂-နှစ်ကျော် ၃-နှစ်အတွင်း မြန်မာပြည် ဒေသအသီးသီး၌ ကျန်နေခဲ့သော မိသားစုအရေးနှင့်ပတ်သက်၍ စိတ်မအေးနိုင်ခဲ့ကြ။ ဂျပန်ကို ပြန်တိုက်ခိုက်ရန် အချိန်စောင့်ဆိုင်းနေကြသော ကရင်စစ်သားတို့သည် (၁၉၄၄)ခုနှစ်ကပင် ကြိုတင်၍ အိန္ဒိယမှ မြန်မာပြည် အထက်ပိုင်းဒေသများသို့ လေထီးဖြင့်ဆင်းခဲ့ကြပြီး ပြောက်ကျားတပ်များ ဖွဲ့စည်းလေ့ကျင့်ပေးလျက်ရှိ၏။

ထိုစဉ်က အိန္ဒိယတွင် မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန် စစ်ရေးပြင်ဆင်လျက်ရှိရာ ဗိုလ်ချုပ်ဝင်းဂိတ်က အထက်မြန်မာပြည်သို့ လေထီးဖြင့်ဆင်း၍ အသက်စွန့်မည့် စစ်သည်များကို ဆင့်ခေါ်ခဲ့ရာ ထွက်လာသမျှ စစ်သားတို့တွင် အင်္ဂလိပ်စစ်သား အနည်းငယ်သာပါ၍ (၈၀)ရာခိုင်နှုန်းကျော်မှာ ကရင်စစ်သားများသာ ဖြစ်သည်ဟု မှတ်တမ်းပြုခဲ့ပါသည်။ လေထီးဆင်းစစ်သား သုံးပုံနှစ်ပုံသည် ဂျပန်နှင့် ဂျပန်ထောက်ခံသူများ၏ ပတ်ဝန်းကျင်၌ သက်ဆင်းမိ၍လည်းကောင်း၊ သတင်းပေါက်ကြား၍လည်းကောင်း အသက်ဆုံးရှုံးခဲ့ကြရသည်။ ဂျပန်လက်အောက်မှ မြန်မာပြည်လွတ်မြောက်ရေးအတွက် တော်လှန်ရသည့် မြန်မာပြည်ဖွားဒေသခံ ကရင်စစ်သားတို့၏ စိတ်ဓာတ်သည် အင်္ဂလိပ်တို့ထက် အဆများစွာ သာလွန်နေသည်မှာ ယုံမှားစရာ မရှိပါ။

ဒုတိယ ကမ္ဘာစစ်ကြီး၏ အခြေအနေသည် ကိုလိုနီနိုင်ငံများ၏ လွတ်လပ်ရေးကို ဖန်တီးလိုက်သလို ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဂျပန်ကို တိုက်ထုတ်ပြီးလျှင် အင်္ဂလိပ်တို့ထံမှ အနေးနှင့်အမြန် လွတ်လပ်ရေး ရမည်မှာ သေချာနေသည်။ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရလျှင် အင်္ဂလိပ်တို့သည် ကရင်တို့၏ အခွင့်အရေးကို အခိုင်အမာ သတ်မှတ်ပြဋ္ဌာန်းပေးလိမ့်မည်ဟု ကရင်တို့က အကြွင်းမဲ့ယုံကြည်လျက်ရှိသည်။ ထိုယုံကြည်ချက်ဖြင့် ကရင်စစ်သားတို့သည် အင်္ဂလိပ်

တို့၏ စစ်အောင်ရေး၌ အသက်ပေးခဲ့ကြ၏။ နိုင်ငံရေး၌ကား ပြည်ပိုင်အင်္ဂလိပ်အစိုးရမင်းများက ကရင်တို့၏ အခွင့်အရေးကို ဖန်တီးပေးလိမ့်မည်ဟူသော အယူအဆကြောင့် ကရင်တို့သည် နိုင်ငံရေးလုပ်ငန်းနှင့် အလှမ်းဝေးခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ကရင်များ နိုင်ငံရေးကို စိတ်မဝင်စားခဲ့သည်မှာ အထက်ပါအယူအဆကြောင့် ဖြစ်ပါသည်။

စစ်ရေးစစ်ရာ၌ကား ကရင်တို့၏ ရဲစွမ်းသတ္တိနှင့် ကျွမ်းကျင်မှုကို အင်္ဂလိပ်ကရော ကမ္ဘာကပါ အသိအမှတ်ပြုခဲ့ကြသည်။ ဂျင်နရယ်ဝင်းဂိတ်၏ အထက်မြန်မာပြည် ပထမနှစ် ဒုတိယစစ်ပွဲ တစ်လျှောက်လုံး၌ ကရင်စစ်သည်တော်များသည် အင်္ဂလိပ်စစ်တပ်၏ မျက်စိ, နားသဖွယ်ဖြစ်၍ အရေးပါ အရာရောက်ခဲ့သည်။ မြောက်မြားစွာသော အခက်အခဲတွေကို ကျော်လွှားနိုင်ခဲ့သည်။ ကရင်စစ်သည်တော်တို့၏ အကူအညီကြောင့်သာ ဖက်ဆစ်ဂျပန်ကို အောင်မြင်စွာ တိုက်ခိုက်နိုင်ခဲ့သည်။ ဤဖြစ်ရပ်မှန် အချက်အလက်များကို အင်္ဂလိပ် ဂျပန်တို့ ဝန်ခံ အသိအမှတ်ပြုခဲ့ရသည်။

နိုင်ငံရေးမပါသော ကရင်တို့၏ စစ်ရေးစွမ်းဆောင်ချက်များသည် စစ်ကြီးပြီးသောအခါ အသက်မဝင် အရာမထင်ဖြစ်ခဲ့ရသည်။ ကရင်တို့သည် နိုင်ငံရေး၌ စိတ်မဝင်စားသော်လည်း လွတ်လပ်ရေးရလာလျှင် ကရင်တို့၏ အခွင့်အရေးနှင့် ပတ်သက်၍ကား အများအပြားပင် စဉ်းစားလာ

ကြ၏။ လူများစု ဗမာများက လူနည်းစုတိုင်းရင်းသားများ အပေါ် လွတ်လပ်ရေးနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်မည် ကိုလည်း စိတ်ဝင်စားလာကြ၏။ **နိုင်ငံရေး အသိပညာမရှိသော ကရင်တို့သည် မိမိတို့၏ စစ်ရေးစွမ်းဆောင်မှု အင်အားများကို နိုင်ငံရေးနှင့်ပေါင်းစပ်၍ အသွင်ပြောင်းနိုင်ခဲ့သော အခြေအနေမျိုး မရှိသည်ကို တွေ့မြင်နိုင်ပါသည်။**

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော (ဖ·ဆ·ပ·လ) အဖွဲ့ကြီးသည်ကား နိုင်ငံရေးကို ရှေ့တန်းတင်ခဲ၏။ နိုင်ငံရေး အသိပညာကို အားကိုး၏။ ၁၉၄၂ ခုနှစ်က ဂျပန်နှင့် ပူးပေါင်း၍ အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့သော (ဘီ·အိုင်·အေ) တပ်ကို ဂျပန်အုပ်စိုးစဉ်ကာလအတွင်း (ဘီ·ဒီ·အေ)အဖြစ် ပြောင်းလဲ၍ အင်အားလျှော့ချခံရသော်လည်း ဂျပန်တို့၏ ခြေလှမ်းကို နိုင်ငံရေးအသိ, နိုင်ငံရေးမျက်စိဖြင့် မမှိတ် မသုန် စောင့်ကြည့်နေခဲ့၏။ ဂျပန်တို့၏ အတုအယောင် လွတ်လပ် ရေးကို တွေ့မြင်လာသောအခါ မလွဲမုချ ဂျပန်ကို ပြန်လည် တိုက်ထုတ်ရမည်ဟု ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ဗမာ့လွတ်လပ်ရေး အင်အားစုများက ရှင်းလင်းစွာ နားလည် သဘောပေါက်ကြ၏။ ထို့ကြောင့်(ဖ·တ·ဖ)ခေါ် ဖက်ဆစ် တိုက်ဖျက်ရေးအဖွဲ့ကို လျှို့ဝှက်ဖွဲ့စည်း၍ အဆင့်ဆင့် အင်အားကြီးမားအောင် ကြိုးစားခဲ့၏။ သို့ရာတွင် ဂျပန်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရမည့် ကိစ္စမှာ လက်နက်အင်အား

ကွာခြားလျက်ရှိသောကြောင့် အင်္ဂလိပ်နှင့် ပြန်ပေါင်းမှသာ စစ်ရေးအောင်မြင်မှုအတွက် သေချာနိုင်မည်ဟု ဗိုလ်ချုပ် အောင်ဆန်း တွက်ဆပြီးဖြစ်ပါသည်။

အင်္ဂလိပ်နှင့် ပူးပေါင်းရေးကိစ္စကို တက်ဘုန်းကြီး ဦးသိန်းဖေအား တာဝန်ယူဆက်သွယ်စေခဲ့သည်။ ဦးသိန်းဖေတို့ အဖွဲ့သည် အိန္ဒိယသို့ လျှို့ဝှက်စွာ သွားရောက်ခဲ့ပြီး အင်္ဂလိပ် တို့အား ပူးပေါင်းရေးကိစ္စကို တောင်းဆိုခဲ့ကြသည်။ ထိုစဉ်က အရှေ့တောင်အာရှ စစ်သေနာပတိချုပ် လော့-မောင်ဘက်တန် က ဘိလပ် နန်းရင်းဝန် ချာချီထံ အကြောင်းကြားခဲ့ပြီး ပူးပေါင်းရေးကိစ္စကို သဘောတူခဲ့ကြလေသည်။ ထို့နောက် (၁၉၄၅)ခု၊ မတ်လ(၂၇)ရက်တွင် ဂျပန်ကို အတိအလင်း ကြေငြာတိုက်ခိုက်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ဗမာ့မျိုးချစ်အဖွဲ့ အစည်းသည် ဂျပန် အင်္ဂလိပ်တို့နှင့် အခြေအနေအရ ပူးပေါင်း ခဲ့ရသည့်တိုင် ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်ကို အခိုင် အမာ ဆုပ်ကိုင်ထားကြသည်။ ဂျပန်နှင့် ပေါင်းစဉ်ကလည်း ဗမာဘဝကို ဂျပန်တို့ထံ ဝကွက်အပ်နှံမှု မပြုသကဲ့သို့ ယခု တစ်ဖန် အင်္ဂလိပ်နှင့် ပေါင်းရာမှာလည်း ဗမာဘဝကို အင်္ဂလိပ်တို့ထံ ဝကွက်အပ်နှံ ခဲ့ကြသည် မဟုတ်ပေ။ အမှန် စင်စစ် ဗမာ့လွတ်လပ်ရေးနှင့် တစ်နိုင်ငံလုံး လွတ်မြောက်ရေး အတွက် လိုအပ်သောအင်အားစုများ တည်ဆောက်ထားနိုင်ရေး

သည်သာ လိုရင်းဖြစ်သည်ဟု ခံယူထားကြသည်မှာ ထင်ရှားလှပါသည်။

ဂျပန်နှင့် ပေါင်းလိုက်သည်အတွက်(ဘီ·အိုင်·အေ)(ဘီ·ဒီ·အေ)လက်နက်ကိုင် အင်အားစုကြီးကို တည်ဆောက်နိုင်ခဲ့သည်။ စစ်ရေးစစ်ရာ စစ်ပညာ အတွေ့အကြုံများစွာ ရခဲ့သည်။ အင်္ဂလိပ်နှင့် ပြန်ပေါင်းလိုက်သည့်အတွက် အင်္ဂလိပ်တို့ထံမှ ယူရမည့်လွတ်လပ်ရေး လုပ်ငန်းစဉ်များ၌ အတွင်းကျကျ နက်နက်ရှိုင်းရှိုင်း သိရှိအောင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာ ရရှိနိုင်သည်။ ထို့ပြင် အင်အားရှိပူးပေါင်းခြင်း၊ အင်အားမဲ့ ပူးပေါင်းခြင်း၊ ရောထွေးယှက်တင် ပူးပေါင်းခြင်းတို့တွင် အင်အားရှိအဖွဲ့အစည်းအနေဖြင့် ပူးပေါင်းလာသော ဗိုလ်ချုပ်အောင်ဆန်းတို့အပေါ် အထင်အမြင်သေး၍ မရသော အင်အားစွမ်းရည်များ ရှိနေခြင်းပင် ဖြစ်ပါသည်။ စစ်ရေးနှင့် နိုင်ငံရေးကို ပေါင်းစပ်မွှင့်တင်ပြုပြင်၍ ရပ်တည်နိုင်ခဲ့သောကြောင့် ဗိုလ်ချုပ်အောင်ဆန်းတို့၏(ဖ·ဆ·ပ·လ)အဖွဲ့ကြီးသည် စစ်ကြီးပြီးသောအခါ အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးကို အကြမ်းမဖက်သော နိုင်ငံရေး အသိပညာဖြင့် ရယူနိုင်ခဲ့ပါသည်။

ကရင်တို့သည်ကား နိုင်ငံရေးကို စိတ်မဝင်စားခဲ့ကြသလို နိုင်ငံရေးအသိပညာလည်း အားနည်းခဲ့၏။ ကရင်လူမျိုးတို့၏ အခွင့်အရေးကို ရယူပိုင်ဆိုင်လိုကြသော်လည်း

ထိုအခွင့်အရေးကို အင်္ဂလိပ်မင်းတို့က စီစဉ်ဖန်တီးပေးမှ ရယူလိုကြ၏။ အင်္ဂလိပ်မင်းတို့က ကရင်အတွက် လိုအပ်သမျှ ဆောင်ရွက်ပေးလိမ့်မည်ဟု အကြွင်းမဲ့ယုံကြည်နေကြ၏။ **အင်္ဂလိပ်အပေါ် အလွန်အကဲ အထင်ကြီးလွန်းခြင်း၊ အားကိုးအားထားပြုလွန်းခြင်း၊ အတိတ် တဘောင်အရ ကရင်ကို မ,စမည့်သူများဟု ထင်မှတ်မှားနေခြင်းတို့ကြောင့် အခိုင်အမာဆုပ်ကိုင်ထားရမည့် ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်များ ပျောက်ပျက်သွားရသည့်အပြင် ကိုယ်ပိုင်အရည်အချင်းများလည်း ညှိုးဖျင်းခဲ့ရလေသည်။** ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ရေးစသော နိုင်ငံရေးအတွေးအမြင် နိုင်ငံရေးထွက်ပေါက်များကို ရှာဖွေဖန်တီးနိုင်သော အစွမ်းအစများ ကင်းမဲ့ခဲ့ကြလေသည်။

အခြားလူမျိုးတို့၏ အမြင်တွင် "ကရင်နှင့် အင်္ဂလိပ်ဟာ အတူတူပဲ"ဟု ထင်ရလောက်အောင် ရောထွေးယှက်တင် အကျွမ်းဝင်ခဲ့ကြသည်။ ကရင်တို့၏ အင်္ဂလိပ်အပေါ် စိတ်ရောကိုယ်ပါ ထပ်တူထပ်မျှ ပေါင်းသင်းကြခြင်းသည် ကရင်အတွက် အမြတ်မထွက်ဘဲ ကရင်ဗမာ ပဋိပက္ခကို ဖြစ်စေခဲ့သောကြောင့် ဆိုးဆိုးဝါးဝါး ဆုံးရှုံးနစ်နာခဲ့ရသော အကျိုးကိုသာ ရရှိစေခဲ့ပါသည်။

၁၉၄၂-ခုနှစ်၊မတ်လ ၈-ရက်နေ့တွင် (ဘီ·အိုင်·အေ) ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်ဘုရင့်တပ်မတော်

တပ်မဟာ(၃၃)ပူးတွဲစစ်ကြောင်းသည် ရန်ကုန်မြို့တော်ကို သိမ်းပိုက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် အင်အားသုံးသောင်းကျော်မျှ ရှိလာခဲ့သည်။ အင်္ဂလိပ်များ ဆုတ်ခွာပြီးနောက် "အင်္ဂလိပ်တော့သွားပြီ ကရင်ဘဲ ကျန်တော့တယ်၊ ဆက်တိုက်ရမယ်"ဟူသော အတွေးအမြင်များ ဝင်လာရာမှ ကရင်ဗမာ ပဋိပက္ခဖြစ်ရသည်။ အင်္ဂလိပ် ဆုတ်ခွာ၍ တစ်လမျှပင် မကြာသေးသော (၁၉၄၂)ခု၊ ဧပြီလဆန်းပိုင်းတွင် အဆိုပါ အမျိုးသား အဓိကရုဏ်းကြီး ဖြစ်ခဲ့ရသည်ကိုထောက်လျှင် အထက်ပါ အတွေးအမြင်များ ဖြစ်ပေါ်ခဲ့သည်မှာ သိသာထင်ရှား ပါသည်။ အမှန်စင်စစ် အင်္ဂလိပ်အပေါ် ကရင်တို့၏ နိုင်ငံရေးမပါသော ဆက်ဆံရေး များကြောင့်ပင် ဖြစ်ပါသည်။

ဤကရင်ဗမာ ပဋိပက္ခ အရေးအခင်းကြီးသည် အင်္ဂလိပ်ကို အထင်ကြီးအားကိုးသော ကရင်များအတွက် ရရှိလိုက်သော ဆိုးကျိုးရလာဒ် သာဓကတစ်ရပ် ဖြစ်သည်ကို ယနေ့အထိ ကရင်တွေ မသိကြပေ။ သယံဇာတ ပေါကြွယ်ဝ သော မြန်မာနိုင်ငံကို သိမ်းပိုက်လိုသော အင်္ဂလိပ်တို့သည် ဗမာဘုရင်တို့၏ အဖိနှိပ်ခံ ကရင်လူမျိုးကို အသုံးချရန် ကြံစည်ခဲ့သည်။ ကရင်နှင့် မပေါင်းမိ ကရင်အကြောင်းကို လေ့လာသည်။ အတိတ် တဘောင် ယုံကြည်မှုရှိသော ကရင် များအတွက် ရှေးရှေးဘိုးဘွားများ မှာကြားခဲ့သော စကားရပ်

များ ဖြစ်လေယောင် ပုံဆောင်၍ အတိတ် တဘောင် စကားလက်ဆောင်များကို ကရင်တို့ထံသို့ စီမံပို့ဆောင်ခဲ့သည်။ ဤစာအုပ်၏ ရှေ့ပိုင်း၌ ဖော်ပြခဲ့သည့်အတိုင်း ကရင်လူမျိုးနှင့် ညီအစ်ကို တော်စပ်ကြောင်း အရှက်မဲ့စွာ ပြောင်လိမ်ခဲ့သည်။ ***အင်္ဂလိပ်တို့၏ အလိမ်အညာ မုသာဝါဒကို ကရင်များက ဘုရား စကားလို ထင်မှတ်ယုံကြည်ခဲ့ကြသည်။***

ကရင်နှင့် မပေါင်းမိကပင် ကရင်ကို ပြောင်လိမ်ခဲ့သော အင်္ဂလိပ်များကို ကရင်တို့သည် နှစ်ပေါင်း(၁၈၀) ကျော် ကာလအတွင်း အသက်အိုးအိမ်စည်းစိမ်များစွာ ပေးခဲ့ကြ၏။ အင်္ဂလိပ်အတွက် အသက်စွန့်ရန် ဝန်မလေးခဲ့သော ကရင်တို့ကို အင်္ဂလိပ်များက အလွန် သဘောကျ နှစ်သက်မည်မှာ ပြောစရာမလိုပါ။ ***လူလိမ်တို့ထံ သစ္စာခံခဲ့သော ကရင်တို့၏ သစ္စာတရားသည်လည်းကောင်း၊ လူလိမ်တို့ထံ နည်းခံသင်ကြားခဲ့သော စစ်ရေး စစ်ရာ စစ်ပညာများသည်လည်းကောင်း၊ ကရင်အမျိုးသားများ အတွက် ဘယ်၍ ဘယ်မျှ အကျိုးရှိခဲ့သည် မရှိခဲ့သည်ကို နီးကပ်လာသော မြန်မာပြည်လွတ်လပ်ရေးကာလများ၌ ပို၍ ထင်ရှားစွာ တွေ့မြင်နိုင်မည် ဖြစ်ပါသည်။***

၁၉၄၅-ခုနှစ် ဂျပန်တော်လှန်ရေး ပြီးဆုံးသောအခါ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို ဂျပန်မဝင်မီက အုပ်ချုပ်ခဲ့သည့်အတိုင်း ပြန်လည်အုပ်ချုပ်ရန် အစီအမံများ ချမှတ်

လာရသည်။ ထိုအစီအမံများတွင် ကရင်ကို အင်္ဂလိပ်က အသုံးမပြုခဲ့ပေ။ ထိုစဉ်က ဘုရင်ခံ ဒေါ်မန်စမစ်သည် ကရင်များ တောင်းဆိုသည့်အတိုင်း အဆင့်မြင့် ရာထူးဌာနများ၌ မပေးသလို အဆင့်နိမ့်ရာထူးများ၌လည်း အစီအစဉ်သီးခြားမရှိခဲ့ပါ။ ဂျပန်မဝင်မီ(၁၉၄၁)ခု ရှေ့ပိုင်းအုပ်ချုပ်ရေးကာလများတွင်လည်း ကရင်လူမျိုးတို့သည် အင်္ဂလိပ်အုပ်ချုပ်ရေးဆိုင်ရာ ရာထူးဌာနများ၌ မဖြစ်သလောက်ကလေးသာ ရာထူးရကြသည်။ သတ်မှတ်ထားသော အရည်အချင်းများ ပြည့်စုံသည့်တိုင် ရာထူးရာခံ ရရှိမှု အလွန်နည်းပါးသည်ကို တွေ့ရသည်။

ဒုတိယ အင်္ဂလိပ်အုပ်ချုပ်ရေးကာလအတွင်း ကရင်လူမျိုးများကို အင်္ဂလိပ်က ဘေးဖယ်ထားသည်ကို ကရင်များ သိရှိလာကြသလို အင်္ဂလိပ်အပေါ် မကျေနပ်မှုများလည်း အထိုက်အလျောက်တိုးလာသည်ကို တွေ့ရသည်။ ကရင်တစ်ယောက်ကို ရာထူးပေးမည့်ကိစ္စမှာ ဘုရင်ခံအဖို့ အလွန်ခဲယဉ်းသော လုပ်ငန်းတစ်ခုဖြစ်လာသည်။ ထိုအခြေအနေကို သိလာကြသော ကရင်တို့သည် အင်္ဂလိပ်အတွက် အသက်ပေး၍ သစ္စာစောင့်ခဲ့သလောက် အင်္ဂလိပ်တို့က ကရင်အရေးကိစ္စကို ထည့်သွင်းစဉ်းစားမှု မရှိသောအခါ အင်္ဂလိပ်တို့အပေါ် ကရင်များစဉ်းစားမရအောင် ဖြစ်ခဲ့ရပါသည်။ ကရင်များ ရာထူးဌာနရရှိမှု အလွန်နည်းပါးရခြင်းနှင့် ပတ်သက်၍

ဘယ်သူ့ကို အပြစ်ဖို့ရမှန်းမသိအောင် တွေဝေခဲ့ကြပါသည်။ အမှန်စင်စစ် ကရင်တို့၏ စိတ်အစဉ်၌ အင်္ဂလိပ်ကို အပြစ်ဖို့ရန် အပြစ်တင်ရန် တွေဝေခဲ့ကြရသည်မှာ "ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်" မရှိသလောက် ခေါင်းပါးခဲ့သောကြောင့် ဖြစ်ပါသည်။

ညီအစ်ကိုဟု လိမ်ညာလှည့်ပတ်၍ ပေါင်းခဲ့သည်ကိုပင် ကယ်တင်ရှင်အဖြစ် အသိအမှတ်ပြု၍ အထင်ကြီးတတ်သော ကရင်လူမျိုးအပေါ် အင်္ဂလိပ်တို့အနေဖြင့် အလေးအနက်ထားစဉ်းစားရမည့် လူမျိုးမဟုတ်ကြောင်း ရှင်းလင်းစွာသိမြင်ခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံတကာ ကမ္ဘာအနှံ့ခြေဆန့်၍ လူမျိုးများစွာတို့၏ အညွှန့်အဖူးကို ဆွတ်ခူးစားသောက် လာခဲ့သော အင်္ဂလိပ်တို့သည် "ဗူးဆိုလျှင် ဖရုံမသီးတတ်သော" ကရင်လူမျိုးကို အသေခံရမည့် နေရာမျိုး အနစ်နာခံရမည့်နေရာမျိုး၌ နှစ်ပေါင်းရာချီ၍ အသုံးချလာခဲ့သည်။ အင်္ဂလိပ်အတွက် အသေခံ အနာခံရသည်ကိုပင် ကရင်များက သစ္စာရှိသောလူမျိုး ရိုးသားသောလူမျိုးဟု မိမိကိုယ်မိမိ ခံယူထင်မှားနေပြန်သောကြောင့် အင်္ဂလိပ်တို့ လှည့်ကွက်ဝဲဂယက်မှ မထွက်နိုင်ဘဲ ဖြစ်ခဲ့ကြပေသည်။

ဒုတိယကမ္ဘာစစ်ကြောင့် ပြောင်းလဲလာသော ကမ္ဘာ့အခြေအနေအရ မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် နီးကပ်လာသော အချိန်မျိုးမှာ အင်္ဂလိပ်က ကရင်များကို ပို၍

ဘေးဖယ်ထားလာသည်ကို ကရင်များပို၍ သိရှိလာကြသည်။ စစ်ရေးကိစ္စပြီးပြတ်သွားလျှင် နိုင်ငံရေးကိစ္စ လာရစမြဲ ဖြစ်သည်။ ကရင်များအဖို့ စစ်ရေးကိစ္စ ပြီးပြတ်သည့်အတိုင်း နိုင်ငံရေးခွင်ထဲသို့ ဝင်ရောက်လာနိုင်သော အခြေအနေမျိုး မရှိခဲ့သောကြောင့် အလိုလို ဘေးရောက်သွားသည်ဟု ပြောလိုက ပြောနိုင်မည်ဖြစ်ပါသည်။ သို့ပါလျှက် ကရင် တို့သည် ကရင်တို့၏ ရပိုင်ခွင့်မှန်သမျှကို အင်္ဂလိပ်က ပြုလုပ် ပေးမည်ဟု ယုတ္တိမဲ့စွာ ယုံကြည်လျက်ပင်ရှိသည်။

အခြားသော တောင်တန်းဒေသနေ တိုင်းရင်းသား တွေကို လွတ်လပ်ရေးကာလ တစ်လျှောက်လုံး ကိုယ့်ဘက် ပါလာရေးအတွက် ဗမာနှင့် အင်္ဂလိပ်တို့သည် နိုင်ငံရေး အသိပညာချင်းယှဉ်၍ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲခဲ့ကြသည်။ အဆုံးတွင် ဗမာက နိုင်လေသည်။ နိုင်ငံရေး ခေတ်ကာလ တစ်လျှောက်လုံးတွင် ပျောက်ကွယ်နေသူများကား ကရင် ဖြစ်သည်။ ''အစ်ကိုကြီး အဖအရာ''ထား၍ မြှောက်စားခဲ့ လိမ့်မည်ဟု ခံယူထားသော ကရင်တို့သည် နောက်ဆုံး၌ ''အစ်ကိုကြီး ငအေ အရာ''ထား၍ ချောက်ချသွားသည်ကိုသာ ခံလိုက်ရပေသည်။ အင်္ဂလိပ်တို့သည် ကရင်တို့၏ အထင်ကြီး လေးစားမှုကို မြန်မာနိုင်ငံမှ အပြီးအပိုင်ပြန်သွားရသည်အထိ လည်းကောင်း၊ ယနေ့အထိလည်းကောင်း ခံယူရရှိနေဆဲ ဖြစ်သည်။ အင်္ဂလိပ်တို့ကို အားကိုး၍ အင်္ဂလိပ်တို့၏ စောင်မ

ကြည့်ရှုမှုကို မျှော်လင့်တောင့်တရင်း အမျိုးသားရေး မျက်နှာစာ၊ နိုင်ငံရေးမျက်နှာစာများ၌ ကရင်တွေ ပျောက်ကွယ်သွားခဲ့ကြလေသည်။

အင်္ဂလိပ်တို့သည် မြန်မာ(၁၂၄၇)ခု၊ ခရစ်(၁၈၈၅) ခုနှစ်တွင် သီပေါမင်းနှင့်တကွ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့သည်။ ထိုအချိန်မှစ၍ ကရင်နှင့် ပေါင်းခဲ့၊ ညီအစ်ကိုတော်စပ်ခဲ့သော အင်္ဂလိပ်တို့၏ ရည်မှန်းချက် ပြည့်စုံခဲ့ပြီးဖြစ်သည်ကို ကရင်တို့ မသိခဲ့ပေ။ နှစ်ပေါင်း တစ်ရာကျော် ကာလအတွင်း ပေါင်းသင်းခဲ့ကြသော ကရင်နှင့် အင်္ဂလိပ်တို့၏ အရှုံးအမြတ်ကို သုံးသပ်သင့်ပါသည်။

အရှေ့နှင့်အနောက်၊ အာရှနှင့် ဥရောပ၊ အိန္ဒိယ သမုဒ္ဒရာ၊ ပစိဖိတ်သမုဒ္ဒရာ၊ တောင်အမေရိကတိုက်ကြီး များဖြင့် ဝေးကွာခြားနားလျက်ရှိသော အရပ်ဒေသမှ ရောက်လာသူက ညီအစ်ကို တော်စပ်ပါသည်ဟု လိမ်ညာ ပြောဆိုမှုကို ကရင်များယုံကြည်သွားသောကြောင့် အင်္ဂလိပ် တို့သည် လွယ်လွယ်ကူကူ ကရင်လူယုံတစ်စုကို ရရှိ လိုက်ခြင်း၊ နောက်ကွယ်တွင် စစ်ရေး၊ နိုင်ငံရေး အစီအမံများ လိုက်ပါခြံရံလျက်ရှိသော ခရစ်ယန်ဘာသာ အယူဝါဒကို ကရင်လူမျိုးအတွင်း အခိုင်အမာ သွတ်သွင်းနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ အုပ်ချုပ်စဉ်ကာလအတွင်း ကရင်များကို ပြည်တွင်းလုံခြုံရေးအတွက် လိုအပ်သော ကာကွယ်ရေး ကိစ္စ

များ၌ တာဝန်ပေး၍ အကူအညီများစွာယူနိုင်ခြင်း၊ ပထမ ကမ္ဘာစစ် အပါအဝင် အထူးသဖြင့် ဒုတိယကမ္ဘာစစ် ကာလ အတွင်း ဂျပန်တော်လှန်ရေး၌ ကရင်တို့ကို အရေးပါ အရာ ရောက်စွာ စစ်အောင်ရေးအတွက် အသုံးချနိုင်ခဲ့ခြင်း၊ စစ်ပြီးခေတ် လွတ်လပ်ရေးကြိုးပမ်းမှုကာလများ၌ ကရင်တို့၏ အခွင့်အရေးကို ဖန်တီးပေးမည့်ပုံစံမျိုးဖြင့် ကရင်လူမျိုးများ အပေါ် မျှော်လင့်ချက်များပေးကာ သွေးဆောင်ဖျားယောင်း နိုင်ခဲ့ခြင်း၊ ကရင်လူမျိုးတို့၏ မိရိုးဖလာ နတ်ကိုးကွယ်မှုနှင့် ဗုဒ္ဓဘာသာအယူဝါဒများကိုလည်းကောင်း၊ ကရင်လူမျိုးတို့၏ ရှေးရိုး အစဉ်အလာ ယဉ်ကျေးမှုများဖြစ်သော လှေကြီးပွဲ, ထမုတ်ကျိုက်, ထမုတ်ဖဒွန် အရိုးကောက်ပွဲ စသော အမျိုးသားစရိုက် လက္ခဏာ အရပ်ရပ်ကိုလည်း တစ်ခု တည်းသော ခရစ်ယန်ဘာသာဝါဒဖြင့် လွယ်ကူစွာ ရပ်တံ့ ဖုံးလွှမ်းနိုင်ခဲ့ခြင်း၊ စစ်ရေးကိစ္စများ၌ ကရင်များက အသက် ပေး၍ အဆုံးရှုံးခံခဲ့ကြသော်လည်း အဆုံးရှုံးခံ ကရင်များနှင့် ၎င်းတို့၏မိသားစုများအား တစ်ပြားတစ်ချပ်မျှ အင်္ဂလိပ်က နစ်နာကြေးပေးရန် မလိုခြင်း၊ ကရင်များကလည်း တောင်းဆို ရမှန်း မသိခြင်းတို့ကြောင့် ကရင်နှင့်ပေါင်းခဲ့သော အင်္ဂလိပ် တို့မှာ လုံးဝ လုံးဝ အရှုံးမရှိဘဲ အမြတ်သက်သက်သာ ထွက်ခဲ့ ပါသည်။

အင်္ဂလိပ်နှင့် ပေါင်းခဲ့သော ကရင်များ၏ အကျိုးဆက်

ရလာဒ်များကို ဆက်လက်သုံးသပ်ပါဦးမည်။ အင်္ဂလိပ်ကို အားကိုးလွန်းသောကြောင့် ကရင်များ၏ အင်အားအရပ်ရပ် သည် ကရင်များ၌ မရှိတော့ဘဲ အင်္ဂလိပ်တို့ထံသို့သာ ရောက်ရှိ သွားခြင်း ကရင်အတွက် လိုအပ်သမျှ အခွင့်အရေးကို အင်္ဂလိပ်က စီစဉ်ပေးလိမ့်မည်ဟု ထင်မြင်ယူဆထားသော ကြောင့် ကရင်များသည် ကိုယ်ပိုင်အရည်အချင်းများ ရရှိလာရန် အစီအမံများ မရှိခြင်း၊ အမျိုးသားရပိုင်ခွင့်များ နိုင်ငံရေးဦးတည်ချက်များ ကင်းမဲ့သွားရခြင်း၊ အမျိုးသား ရေးကို ရှေ့တန်းတင် ဖွဲ့စည်းတည်ထောင်သမျှ အဖွဲ့အစည်း များအပေါ် ဘာသာရေးအင်အားစုများကသာ လွှမ်းမိုးသွား သောကြောင့် တစ်မျိုးသားလုံး အားကိုးအမှီပြုနိုင်သောအဆင့် သို့မရောက်ဘဲ ပျောက်ပျက်သွားခြင်း၊ ကရင်လူမျိုးအတွင်း ခရစ်ယာန်ဘာသာ ကျယ်ပြန့်လာရေးကို ကရင်ကဆောင်ရွက်၍ ကရင်အတွက် လိုအပ်သော အခွင့်အရေးများကို အင်္ဂလိပ်က ဆောင်ရွက်မည်ဟု မှားမှားယွင်းယွင်း ယုံကြည်လက်ခံ လာခြင်း၊ ခရစ်ယာန်ဘာသာဝါဒကို လက်ခံယုံကြည်သော ကရင်များသာ ကရင်လူမျိုးအစစ်ဖြစ်၍ အင်္ဂလိပ်နှင့် ညီအစ်ကိုဖြစ်နိုင်သည်။ ဗုဒ္ဓဘာသာကို ယုံကြည်လက်ခံ နေသော ကရင်များသည်ကား ကရင်လူမျိုးမဟုတ်၊ တစိမ်း တရံစာ ဗမာလူမျိုးတွေသာဖြစ်သည် ဟူသော အတွေးအမြင် ဖြင့် ကရင်လူမျိုးများ သပ်လျှိုခံလိုက်ရခြင်း၊ ကရင်အမျိုးသား ဘုန်းကြီး, ကိုရင်၊ ကရင်အမျိုးသမီး သီလရှင်, ယောဂီ

မှန်သမျှကို ဗမာတွေသာ ဖြစ်သည်ဟု ကရင်အချင်းချင်း ပူးပေါင်း၍ မရအောင် အခွဲခံလိုက်ရခြင်း၊ အင်္ဂလိပ်အတွက် အသက်ပေး စွန့်စားခြင်းသည့် သစ္စာရှိသော ကရင်လူမျိုးတို့၏ ဂုဏ်သိက္ခာကို ဖော်ပြရာရောက်သည်ဟု လက်ခံယုံကြည်၍ ဂုဏ်ယူတတ်လာခြင်းတို့ကြောင့် အင်္ဂလိပ်နှင့်ပေါင်းခဲ့သော ကရင်များအတွက် တစ်စိုးတစ်စိမျှ အမြတ်မထွက်ဘဲ နစ်နာဆုံးရှုံးရမှုသက်သက်ကိုသာ ရရှိခဲ့လေသည်။ အဆိုပါ နစ်နာဆုံးရှုံးရမှုများသည် ကရင်လူမျိုးအတွင်း အဆုံးမသတ်နိုင်ဘဲ ဆက်ကာဆက်ကာ ဆုံးရှုံးနစ်နာလျက်သာ ရှိနေပါတော့သည်။

နှစ်ပေါင်း(၁၀၀)ကျော် အင်္ဂလိပ် အုပ်ချုပ်ခံ မြန်မာနိုင်ငံအတွင်း၌ ဗမာနှင့်တကွ ရှမ်း, ကချင်, ချင်း စသော တိုင်းရင်းသားများစွာတို့သည် ခရစ်ယန်ဘာသာဝါဒကို လက်ခံယုံကြည်ခဲ့ကြသည်။ အဆိုပါ လူမျိုးစုများသည် ဘာသာကို အကြောင်းပြု၍ လူမျိုးတူအချင်းချင်း သတ်ဖြတ်ခဲ့ကြသော ဖြစ်ရပ်များရှိခဲ့သည်ဟူ၍ တစ်ခါဖူးမျှ မကြားခဲ့ရပေ။ မြန်မာနိုင်ငံရှိ လူမျိုးစုအများအပြား ဘာသာကွဲပြားနေကြသော်လည်း ဘာသာနှင့်ပတ်သက်၍ ပြဿနာကြီးငယ် မရှိခဲ့ကြသည်မှာ ထိုလူမျိုးတို့၌ ထူးခြားသော အမျိုးသားလက္ခဏာ အမှတ်အသားတစ်ရပ်ဖြစ်သည်ကို ကရင် လူမျိုးစုများ အတုယူအားကျသင့်ပါသည်။ လိုက်နာကျင့်သုံးသင့်ပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများတွင် ပါဝင်လျက်ပင်ရှိသော ကရင်လူမျိုးစုသည် အခြားလူမျိုးတို့ထက် ထူးခြားသော ဖြစ်ရပ်များ ရှိနေသည်။ မိုင်ပေါင်းထောင်သောင်းချီ ဝေးကွာသော အရပ်ဒေသမှ ရောက်လာသူများကို ညီအစ်ကိုအရင်းဟု ယုံကြည်ထင်မှတ်နိုင်ပြီး တစ်အူတုံဆင်း ညီရင်းအစ်ကို အချင်းချင်းကိုမူ သေနတ်မောင်းတင်၍ ပတ်ခတ်သတ်ဖြတ်တတ်သော ထူးခြားချက်၊ ဘာသာမတူသော ရခိုင်, ဗမာ, တရုပ်, ကုလားများကို မေတ္တာသက်ဝင်ချစ်ခင်နိုင်သော်လည်း ဘာသာမတူသော ကရင်ကိုမြင်လျှင် သတ်ပစ်ချင်လောက်အောင် အမုန်းအာဃာတ ဖြစ်ပွားတတ်သော ထူးခြားချက်၊ ဘာသာမတူသော ကရင်ကို မြင်လျှင် လူလိမ်အင်္ဂလိပ်များထံ သစ္စာမခံသော သစ္စာဖောက်များဟု ရှုမြင်ပြစ်တင် ရှုတ်ချတတ်သော ထူးခြားချက်၊ အင်္ဂလိပ်အတွက် အကျိုးမဲ့ အသက်အသေခံနိုင်သော်လည်း ကရင်အချင်းချင်းဖြစ်လျှင်မူ မြူမှုန်တစ်မှုန့်စာမျှ အတင်စီးမခံသော ထူးခြားချက်၊ ကရင်လူမျိုးတို့၏ မိရိုးဖလာ ကိုးကွယ်မှုများနှင့် ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများအပေါ် ငွေဖြုန်းသောလုပ်ငန်း၊ ကရင်လူမျိုးကို ဆင်းရဲမွဲတေစေသော လုပ်ငန်းဟု ဗရမ်းဗတာ စွပ်စွဲပြောဆိုတတ်သော ထူးခြားချက်၊ ရှေ့လူကိုနောက်ထား၊ နောက်လူကို ရှေ့တင်၊ အပြင်ကို အတွင်း၊ အတွင်းကို အပြင်၊ အရင်းကို အဖျား၊ အဖျားကို အရင်းဖြစ်အောင် လုပ်ဆောင်တတ်သော ထူးခြားချက်၊

လူမျိုးတူ ကရင်အချင်းချင်းအပေါ် "ဘာသာ မတူ၊ ငါ့ရန်သူ" ဟူသောမူကို ကိုင်ဆွဲ၍ အမဲဖျက်သလို အချင်းချင်း ပျက်အောင် လုပ်ဆောင်တတ်သော ထူးခြားချက်၊ တစ်မျိုးသား လုံးအရေး, တစ်နိုင်ငံလုံးအရေး, စစ်ရေးကိစ္စများ၌ပင် ဘာသာရေးကို ရှေ့တန်းတင်၍ ပွဲစဉ်ပျက်အောင် ဖျက်ဆီး တတ်သော ထူးခြားချက်၊ နှစ်ပေါင်း(၁၀၀)ကျော်(၂၀၀)နီးပါး အင်္ဂလိပ်တို့ထံ အခမဲ့ကျွန်ခံ, အသေခံ အနစ်နာအဆုံးရှုံးခံရ သည့်တိုင် အင်္ဂလိပ်တို့အပေါ် သစ္စာတရား မေတ္တာအားတွေ ကြီးမားပိုလွန်နေဆဲ ဖြစ်သော ထူးခြားချက် များစွာတို့ဖြင့် ပြည့်နှက်လျက် ရှိနေပါသည်။ ဤများစွာသော ထူးခြားချက် တို့သည် ကရင်တစ်မျိုးသားလုံး လူညွန့်တုံးအောင် အဆုံးစီရင် သွားမည့် ထူးခြားချက်များသာ ဖြစ်သည်ကို ကရင်လူမျိုး တိုင်း အသေအချာ လေ့လာရှုမြင်၍ ပြုပြင်ရမည့် အချိန်သို့ ရောက်လာခဲ့ပြီ ဖြစ်ပါသည်။ အထက်ပါ အကျိုးမဲ့ ထူးခြား ချက်များကိုထောက်၍ "ကရင်လူမျိုး ရိုးသလား" ဟု မေးလာလျှင် ကရင်လူမျိုးမရိုးပါ။ အရိုးကို အသားထင်၍ အသားကို အရိုးဟု ပြောင်းပြန်မြင်တတ်သော လူစားမျိုးသာ ဖြစ်ပါသည်။

ကိုယ်ပိုင်အမျိုးသားရပ်တည်ချက်, ကိုယ်ပိုင် ယဉ်ကျေးမှု, ကိုယ်ပိုင်အမျိုးသား စရိုက်လက္ခဏာ အစဉ် အလာများကို ချိုးဖောက် ဖျောက်ဖျက်တတ်သော လူမျိုးကို

''လူရိုး''ဟု ခေါ်နိုင်မည်မဟုတ်ပါ။ ဖျောက်ဖျက် မရနိုင်သော မျိုးရိုးဗီဇလက္ခဏာများကို မရမက ဖုံးကွယ်လှည့်ပတ်ဖျောက်ဖျက်တတ်သူကို ''လူရိုး''ဟု အသိအမှတ်ပြုစရာအကြောင်း မရှိပါ။ တစ်ဖက်တွင် သစ္စာခံ သစ္စာစောင့်သိလျှင် အခြားတစ်ဖက်၌ သစ္စာဖျောက်ဖျက်ရသည်မှာ အထူးပြောရန်မလိုပါ။ ကရင်လူမျိုးသည် အင်္ဂလိပ်တို့ထံ သစ္စာခံ သစ္စာစောင့်သိခဲ့သည်မှာ ကရင်လူမျိုးများကိုယ်တိုင် သိကြပါသည်။ အင်္ဂလိပ်တို့ထံ သစ္စာခံလိုက်သည့်အတွက် အရင်းခံမူလဖြစ်သော ကရင်လူမျိုးတို့၏ မြောက်မြားစွာသော ရှေးရိုးစဉ်လာ ယဉ်ကျေးမှုအမွေအနှစ်များကို ပစ်ပယ်၍ ကျောခိုင်းထွက်ခွာလျက် သစ္စာဖောက်ခဲ့ကြရသည်။ ထိုကဲ့သို့ မူလအရင်းခံ ဗီဇမျိုးရိုး၏ အစဉ်အလာကောင်းများကို တန်ဖိုးမထား ကျောခိုင်းထွက်ခွာသွားတတ်သော လူမျိုးကို အင်္ဂလိပ်လူမျိုးမှလွဲ၍ အဘယ်ပညာရှိ သုခမိန်မျိုးကမျှ ''လူရိုး''ဟု အသိအမှတ်ပြုကြမည် မဟုတ်ပါ။

မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်အုပ်စိုးလိုသော အင်္ဂလိပ်တို့သည် ကရင်လူမျိုးကို ''လူမျိုးတူ ဘာသာတူဖြစ်အောင်'' ညီအစ်ကိုတော်စပ်၍ ခရစ်ယာန်ဝါဒကို အလွယ်တကူ ယုံကြည်စေပြီးလျှင် ''ရိုးသားသော ကရင်၊ သစ္စာရှိသော ကရင်၊ ကတိတည်သော ကရင်''ဟု သိက္ခာတင်ဂုဏ်ပြုခဲ့လေသည်။ တိုင်းကြီးပြည်သားတို့၏ သိက္ခာတင်

ဂုဏ်ပြုခြင်းကို ခံယူလိုက်ရသော ကရင်တို့သည် အစဉ်အလာကြီးမားသော ကရင်လူမျိုးများ၏ နှစ်ပေါင်းထောင်သောင်းချီ၍ ရပ်တည်ကိုင်ဆွဲလာခဲ့သော ထုံးတမ်းစဉ်လာ မှန်သမျှကိုပြောင်စင်အောင် ခဝါချခဲ့ကြလေသည်။

အင်္ဂလိပ်တို့၏ သိက္ခာတင်ဂုဏ်ပြုခြင်းသည် အသားလို၍ အရိုးကို တောင်းခြင်းမျိုး မဟုတ်ဘဲ အရိုးကို ပစ်ပေးခြင်းသာ ဖြစ်သည်။ ထိုအကြောင်းကို နိုင်ငံရေးအမြင်ရှိသောကရင်အချို့သာ သိခဲ့ကြသော်လည်း ထိုအသိကား နောက်ကျသွားခဲ့လေသည်။ အင်္ဂလိပ်တို့ ပစ်ပေးလိုက်သော အရိုးကိုခုံမင်မြတ်နိုး တန်ဖိုးထားတတ်သော ကရင်လူမျိုးအား "လူရိုး"ဟု ခေါ်ရုံမှတစ်ပါး အခြားအမည် မရှိနိုင်တော့ပါ။

အင်္ဂလိပ်တို့ ပစ်ပေးလိုက်သော အရိုးကို အသားထင်၍ ခုံမင်မြတ်နိုး တန်ဖိုးထားသော ကရင်တို့သည် အချိန်ကြာမြင့်လာသောအခါ မရှုမလှ အရိုးစူးသည်ကို ခံကြရလေသည်။ အင်္ဂလိပ်တို့ ပစ်ပေးလိုက်သော အရိုးသည်ကရင်လူမျိုးများ၌ နက်ရှိုင်းစွာ ထိရောက်စူးဝင်လျက်ရှိသည်။ပြန်နှုတ်မရအောင် အခိုင်အမာစိုက်ဝင်လျက် ရှိသည်။ကရင်လူမျိုးအတွင်း စူးဝင်လျက်ရှိသော ထိုအရိုးကား ဆွေးမြေ့ဟောင်းနွမ်းမသွားသည်သာမက အရိုးမှ တစ်ဖန် သေနတ်နှင့်ကျည်ဆံအဖြစ်သို့ အသွင်ပြောင်းကာ ပေါ်ထွက်လာခဲ့ပြန်သည်။

အင်္ဂလိပ်ကို အားကိုးအထင်ကြီး၍ အင်္ဂလိပ်တို့က ဖန်တီးတည်ဆောက်ပေးမည့် အခွင့်အရေးများ ချမ်းသာသုခ များကို စိတ်ကူးယဉ် စောင့်စား တောင့်တရင်း အရိုးမှ အသွင်ပြောင်းလာသော သေနတ်ကျည်ဆံတို့ဖြင့် ကရင် အချင်းချင်း ပစ်ခတ်သတ်ဖြတ် နေကြသည်မှာ ယနေ့အထိပင် ဖြစ်တော့သည်။ ကရင်များကို ဤမျှအထိ မိုက်တွင်းနက် အောင် လုပ်ဆောင်နိုင်ခဲ့သော အင်္ဂလိပ်တို့သည် အဘယ် ဘုရား၊ သိကြား၊ ဗြဟ္မာ၊ အလ္လာ၊ ခိုဒါ၊ ဗိဿနိုး တန်ခိုးရှင်တို့၏ အထံမှ အစွမ်းသတ္တိကို ရရှိခဲ့ပါသနည်း? အို…ကရင်အပေါင်းတို့ "အပေါင်းကြောင့် ဂုဏ်ပျက် အပေါင်းကြောင့် ဂုဏ်တက်" ရသူတို့တွင် အပေါင်းကြောင့် ဂုဏ်ပျက်ရသူကား ကရင်များသာ ဖြစ်သည်ကို လေးလေး နက်နက် သုံးသပ်ဆင်ခြင်ကြပါလော့။ ***အရိုးနှင့်အသားကို မျှတစွာ ပေါင်းစပ်၍ ဤကမ္ဘာမြေ၌ ရဲဝံ့စွာ ခြေစုံရပ်ကြ ကုန်လော့။***

အို…ကရင်အပေါင်းတို့ ငါတို့သည် အရိုးမဖက် သက်သက်သော အသားတို့ဖြင့်လည်းကောင်း၊ အသား မဖက် သက်သက်သော အရိုးတို့ဖြင့်လည်းကောင်း ရပ်တည်ခြင်းငှာ စွမ်းနိုင်ကြလိမ့်မဟုတ် ထို့ကြောင့် အရိုးနှင့် အသားကို မျှတစွာ ပေါင်းစပ်၍ ဤလောက မြေအပြင်၌ ရဲရဲဝံ့ဝံ့ ခြေစုံရပ်၍ နေနိုင်ကြရန် အားထုတ်စီမံကြကုန်လော့။

ကမ္ဘာပေါ်ရှိနိုင်ငံနှင့် လူမျိုးအသီးသီးတို့သည် မိမိ နိုင်ငံနှင့် လူမျိုးများအပေါ် ကာကွယ်စောင့်ရှောက်ရေးဟူသော အရေးကိစ္စကို ပထမဦးစားပေးအဆင့်ထား၍ ကြိုးစား အားထုတ်ကြ၏။ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေး၊ အခြားနိုင်ငံ လူမျိုးတို့နှင့် တန်းတူ ရည်တူ တက်လှမ်းနိုင်ရေးစသော အခြား နိုင်ငံ လူမျိုးတို့နှင့် တန်းတူရည်တူ တက်လမ်းနိုင်ရေး စသော အခြားအရေးကိစ္စများကိုမူ တစ်ဆင့်ပြီး တစ်ဆင့်မြှင့်တင် လုပ်ဆောင်ကြသည်ကို တွေ့ရ၏။ ***ကရင်လူမျိုးတို့သည် အထက်ပါ နိုင်ငံတကာ လူမျိုးအသီးသီးတို့၏ ပထမအဆင့် ဖြစ်သော အမျိုးသားကာကွယ်ရေးဟူသော အဆင့်မျှကိုပင် သိမြင်လိုက်နာရကောင်းမှန်း မသိကြဘဲ သံကိုသံဖျက် သံချေးတက်သလိုသာ အမျိုးကို ဖျက်နေကြလျှင် အခြား တိုးတက်ရေးလမ်းစများကား အလှမ်းဝေးလျက်ပင် ရှိပါ လိမ့်မည်။*** ထိုအားနည်းချက် လိုအပ်ချက်ကို ကရင် တစ်မျိုးသားလုံးက ခိုင်မာသော အမျိုးသားရေးအမြင်ဖြင့်သာ ပြုပြင်နိုင်မည်ဖြစ်သည်။ တစ်မျိုးသားလုံး ကိုယ်စားပြုနိုင် သော အမျိုးသားအကျိုးပြု အဖွဲ့အစည်းများကို နိုးကြား တက်ကြွသော ကရင်များသည် အချိန်ဆွဲမနေဘဲ အလျှင်အမြန် လုပ်ဆောင်သင့်ပြီဖြစ်သည်။

# မှတ်ထိတ် ဖထိတ်

ကရင်လူမျိုးသည် ဘာသာရေးလွှမ်းမိုးမှုခံရသော လူမျိုးဖြစ်သည်။ ကရင်လူမျိုးသည် နိုင်ငံရေးမရှိသောလူမျိုး နိုင်ငံရေးအသိအမြင် နိုင်ငံရေးအတွေးအခေါ် အမြော်အမြင် နည်းပါးပြီး နိုင်ငံရေးစကား မပြောတတ်သောလူမျိုး ဖြစ်သည်။ ကျယ်ဝန်းသော နိုင်ငံရေး အတွေးအခေါ် သဘောတရားများကို လေ့လာသင်ကြားမှုမရှိဘဲ ဘာသာရေးထဲသို့ အတင်းအဓမ္မ ဆွဲသွင်းတတ်သော လူမျိုးဖြစ်သည်။ *အချင်းချင်း ဆုံမိလျှင် နိုင်ငံရေး, အမျိုးသား တိုးတက်ရေး, အမျိုးသားစည်းလုံးညီညွတ်ရေး, ပြန်လည်သင့်မြတ်ရေး, စာပေယဉ်ကျေးမှု, သမိုင်းရာဇဝင် စသော ပြောဆို ဆွေးနွေးစရာ အရေးအရာတွေကို မပြောဆိုကြဘဲ ကိုယ်ကိုယ်တိုင်လည်းမသိ၊ ကိုယ့်ဆရာ ဆရာ၏ ဆရာကြီးများလည်း အတိအကျမသိနိုင်သော ဘာသာရေးကိစ္စ၊ ဘာသာရေး ပြဿနာများကိုသာ ပြောဆိုငြင်းခုံရာမှ အချင်းချင်း ရန်ဖြစ်တတ်သော လူမျိုးဖြစ်သည်။ ဘာသာတရားကို အကြောင်းပြု၍ အချင်းချင်းရန်ဖြစ်တတ်သော လူမျိုးတို့၌ နိုင်ငံရေးအသိ အမျိုးသားရေးအမြင် လုံးဝပြောင်သလင်းခါနေသော လူမျိုးဖြစ်သည်မှာ ပြောစရာမလိုတော့ပါ။*

ကရင်လူမျိုးသည် အမေဦးဆောင်သော"မွတ်ထိတ်" အဖေဦးဆောင်သော"ဖထိတ်"ဟူ၍ နှစ်မျိုးရှိသည်။ မွတ်ထိတ် ဖထိတ် နှစ်မျိုးလုံးသည် အရင်းမူလ မိသားစု တစ်ခုတည်းကသာ ဖြစ်သည်။ ထိုမိသားစုသည် မွန်ဂို တိဘက်နှင့် တရုပ်ပြည် ယူနန်ဒေသတို့မှ မြန်မာနိုင်ငံဖက်သို့ ဆင်းသက်လာခဲ့ရာ လမ်းခရီး၌ သားသမီး, မြေး, မြစ်, တူ, တူမ များနှင့် ဆွေမျိုးစုများကို အကြီးအကဲမိသားစု တစ်ခုက ဦးဆောင်ခဲ့သည်။ ထိုမိသားစုတွင် အဖေဖြစ်သူက တစ်စုကို ဦးဆောင်၍ အမေဖြစ်သူက တစ်စုကို ဦးဆောင်ရန် တာဝန်ခွဲခဲ့ကြသည်။ လမ်းခရီးအနေအထားအရ အကြီးအကဲ မိသားစု တာဝန်ယူခွဲဝေမှုသည် သဘာဝကျ၍ လက်ခံကျေနပ် စရာ ကောင်းလှပါသည်။ ထို့ပြင် အကြီးအကဲ မိသားစုတွင် အဖေဖြစ်သူသည် မိမိသားသမီးများနှင့်တကွ ပတ်ဝန်းကျင် ဆွေမျိုးအပေါင်းအသင်းများ၏ လေးစားအားကိုးခြင်းကို ခံယူနိုင်သကဲ့သို့ အမေဖြစ်သူသည်လည်း ပတ်ဝန်းကျင် မိသားစု ဆွေမျိုးတို့၏ လေးစားအားကိုးမှုကို ခံယူနိုင်ခဲ့ကြောင်း သိသာထင်ရှားသော သာဓကတစ်ရပ် ဖြစ်ပါသည်။

ကရင်လူမျိုးတို့၏ "မွတ်ထိတ် ဖထိတ်" ဟူသော အမည်နာမသည်ပင် စည်းလုံးညီညွတ်ခဲ့သော အတိတ်က ပုံရိပ်များကို ဖော်ပြလျက်ရှိသည်။ ထို့ပြင် အကြီးအကဲ ဖြစ်သူ ကို မိခင်ဘခင်ကဲ့သို့ လေးစားအားကိုးခဲ့ကြောင်း, အကြီး

အကဲဖြစ်သူကလည်း လက်အောင်ငယ်သားများကို သားသမီး တွေလို သဘောထား နေထိုင်လာခဲ့ကြောင်း ဖော်ပြနေ ပါသည်။ အမိအဘတို့၏ ဦးဆောင်ကွပ်ကဲမှုကို ခံယူ၍ ကုန်းမြေမြင့်မှ ဆင်းသက်လာသည့်အခါ လမ်းခရီး၌ တစ်စုံ တစ်ခုသော အန္တရာယ်ကြောင့် လူချင်းကွဲသွားကြသည့်တိုင် အလွယ်တကူ ပြန်၍မှတ်မိနိုင်ကြရန် အချင်းချင်း အမှား အယွင်း မဖြစ်ရန် ရန်သူမိတ်ဆွေ ခွဲခြားနိုင်ရန်၊ လူရင်း လူဖျား ခွဲခြားနိုင်ရန်၊ ချည်ဖြူအမှတ်အသားဖြင့် လက်ကောက်ဝတ်၌ ချည်နှောင်ပတ်ဖွဲ့ထားကြရန်ဟူသော ညွှန်ကြားစီမံမှုကို အတည်ပြုလက်ခံခဲ့ကြသည်။ လိုက်နာခဲ့ ကြသည်။

ဤသို့ အမေဦးဆောင်သော မွတ်ထိတ်အုပ်စု၊ အဖေ ဦးဆောင်သော ဖထိတ်အုပ်စုတို့သည် မြန်မာနိုင်ငံဟု ထင်ရှား လာမည့် နယ်မြေဒေသသို့ ဦးစွာပထမ ရောက်ရှိအခြေချကာ နေထိုင်လာခဲ့ကြပါသည်။ ယခုအခါ ကရင်လူမျိုးများသည် မြန်မာနိုင်ငံ၌ ဒုတိယ လူဦးရေအများဆုံး ရှိနေပါသည်။ မြန်မာ နိုင်ငံ၌ ဦးစွာပထမ အခြေချ၍ နေထိုင်လာကြသော ကရင် တို့သည် မိမိတို့၏ မျိုးရိုးဗီဇ သမိုင်းရာဇဝင် အရပ်ရပ်ကို အခိုင်အမာ စိုက်ထူထားရှိရန် မေ့ကျန်လျက်ရှိသည်။

ဗမာလူမျိုးတို့သည် ပါးစပ်ရာဇဝင်အဖြစ် ပြောဆို ငြင်းခုံလာခဲ့ကြသော ပုဂံရာဇဝင်နှင့်တကွ အရပ်ရပ်သော

ရာဇဝင်မှတ်တမ်းများကို ဘကြီးတော်ဘုရားလက်ထက် (၁၁၉၁)ခုနှစ်တွင် မှန်နန်းဆောင်၌ လူပညာရှိ, ရဟန်း ပညာရှိများက မြန်မာရာဇဝင်ခေါ် မှန်နန်းရာဇဝင်တော်ကြီးကို ရေးသားစီရင်ခဲ့ကြလေသည်။ နှစ်ပေါင်း(၁၇၅)နှစ် ရှိခဲ့ပြီ ဖြစ်သည်။ အခြားသော မြန်မာရာဇဝင် အများအပြားလည်း ရှိလေသည်။ ဗမာလူမျိုးတို့သည် ကရင်လူမျိုးနောက်မှ ရောက်လာကြသော်လည်း ရဟန်းပညာရှိ လူပညာရှိများစွာ တို့အထံမှ အသိဉာဏ်ပညာများ ရရှိရေး၌ အလေးပေးနိုင်ခဲ့ကြပေသည်။ ထိုအသိဉာဏ်ပညာများသည် ဗမာတို့၏ ရာဇဝင်ကို ပေါ်လွင်ထင်ရှားစေခဲ့သော အခြေခံအကြောင်း ဖြစ်ခဲ့သည်။ ထို့ပြင် ဗမာလူမျိုးများ ဆိုရိုးစကားတစ်ခု ရှိခဲ့သည်။ ''ပုဂံရာဇဝင် တုတ်ထမ်း ဓားထမ်း''ဟူ၍ ဖြစ်သည်။ ပုဂံရာဇဝင် အကြောင်းကိုပြောလျှင် ဗမာအချင်းချင်း အမြင်မတူ သဘောထားကွဲပြားမှုကြောင့် တုတ်ဖြင့်ရိုက်၊ ဓားဖြင့်ခုတ်ရလုနီးပါး အငြင်းပွားခဲ့ရသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ ဤအချက်ဖြင့် ဗမာလူမျိုးတို့သည် မိမိတို့၏ သမိုင်းရာဇဝင်အပေါ် စိတ်ပါဝင်စားမှု အပြည့်အဝ ရှိပြီး ဆွေးနွေးငြင်းခုံလျက်ရှိသည်ကို သိမြင်စေပါသည်။ လူမျိုး၏ သမိုင်းရာဇဝင်အပေါ် စိတ်ပါဝင်စားစွာ ဆွေးနွေးငြင်းခုံနေခြင်းသည်ပင် အဆိုပါလူမျိုး၏ တိုးတက်ရေးအစ ဖြစ်သည်ကို ကရင်လူမျိုးများ နားလည်သင့်ပြီ ဖြစ်သည်။

မျက်မှောက်ခေတ်တွင် ကရင်လူမျိုးပညာတတ် အများ အပြား ထွန်းကားလျက် ရှိသည်။ ထိုပညာတတ် ကရင် အမျိုးသားများသည် မိမိလူမျိုးတို့၏ စီးကြောင်း ဇာစ်မြစ် အဖြစ်သနစ်တွေကို စိစစ်လေ့လာ သုတေသနပြုဖို့ လိုအပ်သည်။ သမိုင်းကြောင်း, ရာဇဝင်ကြောင်းတွေကို အခိုင်အမာ ရေးသားပြုစုရမည်ဟု တစ်ဦးတစ်ယောက်က အဆိုပြု တင်ပြလာလျှင် မည်သို့ တုံ့ပြန်မည်ထင်သနည်း? ''အပို အလုပ်တွေ,ဘုရင်စိတ်ပေါက်တဲ့ လုပ်ငန်းတွေ, ခေတ်မရှိတော့တဲ့ လုပ်ငန်းတွေ''ဟု အများစုက တုံ့ပြန် လာလိမ့်မည်ဟု ထင်မိသည်။ မည်သို့ဖြစ်စေ မိမိလူမျိုးအတွက် ဘုရင်ရူး လုပ်ရခြင်းသည် ဗိုလ်ရူးလုပ်ရခြင်းထက်တော့ မွန်မြတ်မည် ဖြစ်ပါသည်။

ကရင်လူမျိုးသည် ''မွတ်ထိတ် ဖထိတ်''တို့၏ ခရီးစဉ်အပေါ် စိတ်ဝင်တစားလေ့လာ သုတေသန ပြုသင့် သည်။ ဤသုတေသန လုပ်ငန်းစဉ်ကြီးကို ကရင်တစ်မျိုးသား လုံးက စိတ်ဝင်စားသင့်သည်။ မြန်မာနိုင်ငံသို့ ဦးစွာပထမ ဝင်ရောက်ခဲ့သူများ ဖြစ်ပါလျက် မိမိတို့၏ ဘိုးဘွားမိဘ လက်ငုတ်လက်ရာ မြို့ရွာတိုင်းပြည်အပေါ် တွေးခေါ်စဉ်းစားမှု မပြုလျှင် အမျိုးအတွက် တာဝန်မဲ့သူသာ ဖြစ်လိမ့်မည်။ မိမိ တို့၏ နောက်ခံသမိုင်း အဖြစ်မှန်ကို လေ့လာဆန်းစစ်၍ ..ခ်န်းစာယူတတ်သူတို့သာ အနာဂတ် အမျိုးသားအကျိုးကို

အန္တရာယ်ကင်းအောင် ဦးဆောင်နိုင်မည် ဖြစ်သည်။ ***လူမျိုးတစ်မျိုး၏ သမိုင်းရာဇဝင်သည် ထိုလူမျိုး၏ အမျိုးသားရေးအမြင်, အမျိုးသား ခံယူချက်, အမျိုးသား အခွင့်အရေး, အမျိုးသား ကာကွယ်ရေးနှင့် စည်းလုံးညီညွတ်ရေး, အမျိုးသား နိုင်ငံရေးတို့၏ ဖြစ်ပေါ်ပေါက်ဖွားရာ ဇာတိချက်မဖြစ်သည်ကို ကရင်တို့ယုံကြည်လက်ခံခြင်း မရှိသေးသမျှကရင်တို့၏ အနာဂတ်ဘဝသည် သုညသာဖြစ်လိမ့်မည်။***

ဗမာရှင်ဘုရင်များလက်ထက်က ''ကရင်ကြီးလျှင်စော်ကဲ''ဟု ပြောခဲ့သည်မှာ ကရင်တို့၏ သမိုင်းတစ်ပိုင်းတစ်စ ဖြစ်သည်။ အဆိုပါ ဗမာဘုရင်တို့၏ရှေ့ဦး ကရင်တို့၏ အခြေအနေသည် ဗမာဘုရင်များထက်မက သာလွန်ခဲ့ပါသည်ဟုဆိုလျှင် မည်သူကမျှ မဖြစ်နိုင်ပါဟူ၍ ငြင်းဆိုနိုင်မည် မဟုတ်ပါ။ ငြင်းဆိုသည့်တိုင်အောင် ခိုင်မာသော အထောက်အထားကို ပြဆိုနိုင်မည် မဟုတ်ပါ။ ဤသို့အခိုင်အမာ ငြင်းဆို၍ မရခြင်းသည်ပင် ကရင်လူမျိုးအတွက် သမိုင်းရာဇဝင် အချက်အလက်များကို လေ့လာသုတေသနပြုရန် လိုအပ်နေကြောင်း ဖော်ပြနေပြီ ဖြစ်ပါသည်။

မျက်မှောက်ခေတ် ပညာတတ် အများအပြားသည် ရှေးအခါက သက်ဦးဆံပိုင် ဘုရင်စနစ်များကို ပြစ်ပြစ်ခါခါ ဆန့်ကျင်ဝေဖန်လေ့ရှိသည်။ သို့ရာတွင် သက်ဦးဆံပိုင် ဘုရင်စနစ်သည်ပင် လွတ်လပ်ရေးနှင့်တကွသော အကျိုးဆက်

များစွာကို ဖန်တီးတည်ဆောက်နိုင်ရေးအတွက် အမျိုးသားတို့၏ အားမာန်သတ္တိများစွာကို မွေးဖွားပေးခဲ့သည်မှာ မငြင်းကွယ်နိုင်သော အချက်ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ အားကိုးအမှီပြုရန် နောက်ခံသမိုင်းရာဇဝင် မရှိသူသည် အမျိုးသားအကျိုးကို ဦးဆောင်သယ်ပိုးနိုင်မည် မဟုတ်ပါ။ ခိုင်မာမှု ရှိမည်မဟုတ်ပါ။ ထို့ကြောင့် ကရင်လူမျိုးသည် မိမိတို့၏ အတိတ် ပစ္စုပ္ပန် အဖြစ်မှန်အရပ်ရပ်ကို သုံးသပ်လေ့လာ၍ နောင်လာနောက်သားများ အားကိုးအမှီပြုလောက်သော "သမိုင်းရာဇဝင်" သုတေသန အဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းများစတင်ကြရန် လိုအပ်ပြီဟု ပြောလိုပါသည်။

သမိုင်းရာဇဝင်ဟူသည် လူမျိုးတို့၏ ထင်ရှားကြီးမားသော အကြောင်းအရာ ဖြစ်စဉ်များပင် ဖြစ်သည်။ စစ်နိုင်သောဘုရင်၏ အကြောင်းအရာသာ သမိုင်းရာဇဝင်ဖြစ်သည်။ စစ်ရှုံးသောဘုရင်၏ အကြောင်းအရာသည် သမိုင်းရာဇဝင် မဟုတ်ဟု သတ်မှတ်၍ မရပါ။ ရှင်ဘုရင်ပါဝင်ခြင်း မရှိသော ပြည်သူတို့၏ ဖြစ်စဉ်များသည်ပင် သမိုင်းရာဇဝင်များ ဖြစ်ပါသည်။ အဆိုပါ သမိုင်းရာဇဝင်များသည် အမျိုးသားရေး အမြင် ရှင်သန်တိုးတက်ရေး၌ ကြီးမားသော အင်အားကို ရရှိစေနိုင်ကြသည်သာ ဖြစ်ပါသည်။

# တစ်မျိုးသားလုံးတိုးတက်ရေး



# ကရင်လူမျိုးနှင့် ဘာသာရေး

## တစ်မျိုးသားလုံး တိုးတက်ရေး

"မွတ်ထိတ် ဖထိတ်၊ ဒါနင့် ခလိတ်၊ အန်နန်းအန် ဂါးဆိတ် ဂါးဆိတ်" ကရင်တစ်မျိုးသားလုံးအတွက် ဘိုးဘွားမိဘများ ဆုံးမသွန်သင်ခဲ့သော ဤစကားရပ်ကို ကရင်တိုင်းလိုလို အာဂုံဆောင် ရလာခဲ့ကြသည်။ တိုကျဉ်းသော်လည်း လိုရင်းကို ထိမိ၍ အလွန်တန်ဖိုးရှိသော အဆုံးအမ ဖြစ်သည်။ ကရင်တစ်မျိုးသားလုံး လိုက်နာကျင့်သုံးရမည့် အဆုံးအမ ဖြစ်သည်။ ဆိုလိုရင်း တိုက်ရိုက်အဓိပ္ပါယ်မှာ "မွတ်ထိတ်က ဖြစ်စေ၊ ဖထိတ်က ဖြစ်စေ၊ လိပ်တစ်ကောင်ကို ရလာလျှင် အနည်းငယ်မျှစီ ညီတူညီမျှ ခွဲဝေစားကြ" ဟူ၍ ဖြစ်သည်။ မည်သူမဆို ညီမျှသော ရပိုင်ခွင့်တွေ ရနေကြလျှင် ထိုရရှိသော အခွင့်အရေးဝေစု အနည်းအများကြောင့် စိတ်ဝမ်းကွဲစရာ ပြဿနာလုံးဝမရှိနိုင်ပါ။ ဝေစုများများ ရလိုလျှင် များများရအောင် ရှာကြံရမည်သာ ဖြစ်သည်။ အရင်းမူလ မိသားစု တစ်စုထဲကဖြစ်သော မွတ်ထိတ် ဖထိတ်တို့သည် ညီမျှသော အခြေခံရပိုင်ခွင့်များနှင့် ပတ်သက်၍ အငြင်းပွားစရာ ပြဿနာလုံးဝ မဖြစ်ကြရလေအောင် အခြေခံဥပဒေကဲ့သို့ ခိုင်မာသော အဆုံးအမကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ဥပဒေကို ပြဋ္ဌာန်းအတည်ပြုစဉ်က

မွတ်ထိတ် ဖထိတ် အတွင်း၌ ဗုဒ္ဓဘာသာ၊ ခရစ်ယန်ဘာသာ၊ စနေ၊ တနင်္ဂနွေ၊ ဘုရင်ဂျီစသော ဘာသာဝါဒတွေ မရှိသေးသည်ကို သတိပြုဖို့လိုပါသည်။

ယခုအခါ မွတ်ထိတ် ဖထိတ် အတွင်း၌ ဘာသာတရားတွေ အများအပြား ရောက်ရှိပြန့်နှံ့လာသည်။ ထိုဘာသာတရားများသည် ကရင်လူမျိုးတို့ လိုက်နာရမည့် အခြေခံဥပဒေသအတွင်း၌ အကျုံးဝင်စေရမည် ဖြစ်ပါသည်။ ဘယ်ဘာသာဝင်ဖြစ်စေ ရရှိလာသော အကျိုးရလာဒ် အခွင့်အရေးများကို မွတ်ထိတ် ဖထိတ် အားလုံးနှင့် အညီအမျှ ခွဲဝေခံစားရမည်ဖြစ်သည်။ ဘိုးဘွားမိဘများ ပြဋ္ဌာန်းပေးခဲ့သော ဤအခြေခံ မူဝါဒကို ကရင်များ သွေဖည်မသွားသမျှ စည်းလုံး ညီညွတ်နေကြမည်၊ တိုးတက်နေကြမည်မှာ သေချာတိကျလှပါသည်။

ဘာသာကြောင့် ဖြစ်စေ၊ အခြားအကြောင်း တစ်မျိုးမျိုးကြောင့် ဖြစ်စေ ကရင်လူမျိုးတို့၏ အခြေခံမူဝါဒ ရပ်တည်ချက်ကို ဖောက်ဖျက်လျှင် မွတ်ထိတ် ဖထိတ် အချင်းချင်း စိတ်ဝမ်းကွဲမည်၊ ရန်ငြိုးအာဃာတ ပွားကြမည်၊ သတ်ဖြတ်တိုက်ခိုက်ကြမည် ဖြစ်သည်။ ဤအကျိုးအပြစ်ကို တိကျသေချာစွာ ဆန်းစစ်လေ့လာ၍ မိမိတို့၏ အခြေခံဥပဒေသ၌ အခိုင်အမာရပ်တည်ထားကြရန် လိုအပ်ပါသည်။

အခြေခံ ရပ်တည်ချက်အပေါ် အခိုင်အမာစုစည်း ညီညွတ်နိုင်ကြပြီဆိုလျှင် တစ်မျိုးသားလုံး တိုးတက်ရေးဆီသို့ ဦးတည်ချီတက်ဖို့ ဝန်လေးစရာ မရှိတော့ပါ။ အမျိုးသား တိုးတက်ကြီးပွားရေးကိစ္စကို သူရောကိုယ်ပါ ပြောဆိုနေကြသော်လည်း တိုးတက်ကြီးပွားပုံကို မြင်သာထင်သာဖြစ်အောင် ဖော်ပြနိုင်ခြင်း မရှိပါ။ သို့ဖြစ်၍ ယေဘုယျတိုးတက်ကြီးပွားပုံမြင်ကွင်းကို အကျဉ်းမျှ ထုတ်ပြလိုပါသည်-

၁။ နေ့ရောညပါ ဝင်ထွက်သွားလာနိုင်သည့် ကုန်းလမ်း,ရေလမ်း ဆိပ်ကမ်း ကြီးငယ်များနှင့် ပြည့်စုံသော မြို့ပြ ပြည်နယ်အခြေအနေ။

၂။ လူနေမှု အဆင့်အတန်း မြင့်မားပုံကို ဖော်ပြနေသည့် အိမ်ခြေ တိုက်တာ အဆောက်အအုံများနှင့် ပြည့်စုံသော အခြေအနေ။

၃။ အခြေခံ စားသောက်ကုန်ပစ္စည်းများ ပေါများကြွယ်ဝ၍ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော အခြေအနေ။

၄။ မိသားစု ကျန်းမာရေးနှင့် လူထုကျန်းမာရေးကို ထိရောက်ကျယ်ပြန့်စွာထောက်ကူပံ့ပိုးပေးနိုင်သော ဆေးရုံ ဆေးခန်းများနှင့် ပြည့်စုံသော အခြေအနေ။

၅။ ကရင်လူမျိုးတို့၏ မျက်စိနားသဖွယ်ဖြစ်၍ တိုးတက်ဖွံ့ဖြိုးရေးကို အစဉ်သဖြင့် ထောက်ကူ ပေးသွားမည့် ပညာရေးကဏ္ဍကို အထူးအာရုံစိုက် မြှင့်တင်ပေးနိုင်သော မူကြိုတန်းကျောင်းမှ တက္ကသိုလ် ကျောင်းတော်ကြီးများ, ဘာသန္တရများစွာကို ပို့ချသင်ကြားပေးနိုင်သော ကမ္ဘာ့အဆင့်မီ တက္ကသိုလ်ကျောင်းတော်ကြီးများ, စက်မှု, လက်မှု, သိပ္ပံတက္ကသိုလ်ကျောင်းတော်ကြီးများနှင့် ပြည့်စုံနေသော အခြေအနေ။

၆။ ကရင်လူမျိုးတို့၏ ရိုးသားမှု, သစ္စာရှိမှု, တည်ကြည်မှုကို အထောက်အကူပေးသည့် အပြင် စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်စေသည့် ကိုးကွယ်ရာ ဘာသာအလိုက် ရှိသင့်ရှိထိုက်သော ကျက်သရေဆောင် ဘုရားကျောင်းတော်ကြီးများ, ကျမ်းစာသင်ကျောင်းများ, ပရိယတ္တိစာသင်တိုက်ကမ္မဋ္ဌာန်းတိုက်များ, လူအိုရုံ ဘိုးဘွားရိပ်သာများ, ပရဟိတဌာနများ, စေတီ, ပုထိုး, ဇရပ်, တန်ဆောင်း, ကျောင်းကန်တို့နှင့် ပြည့်စုံနေသော အခြေအနေ။

၇။ တရားဥပဒေ စိုးမိုးရေးနှင့် အမျိုးသား အခွင့်အရေး၊ အမျိုးသား ကာကွယ်ရေးကိစ္စများကို မျက်ခြေမပြတ် စောင့်ကြပ်ဖြေရှင်း ပေးနိုင်စွမ်းရှိသော တရားရုံးတို့နှင့် ပြည့်စုံနေသော အခြေအနေ။

၈။ အထက်ပါ အခြေအနေကောင်းများနှင့်ပြည့်စုံ၍ တိုးတက်ဖွံ့ဖြိုးနေသော မြို့ပြပြည်နယ် ရပ်ရွာဒေသ အသီးသီးတို့၌ ကရင်လူမျိုးတို့သည် မိမိတို့၏ ကောင်းမွန်သော ပစ္စက္ခ အခြေအနေကို အနာဂတ် သားစဉ်မြေးဆက် တိုင်အောင် ပေါင်းစပ်ဖန်တီးပေးနိုင်သော ကာယ၊ ဉာဏစွမ်းအားသတ္တိ အပြည့်အဝ ရှိသည့် လူမျိုးတစ်မျိုးအဖြစ် အခိုင်အမာ ရပ်တည်သွားနိုင်ခြင်းရှိသော အခြေအနေမျိုးကို ကရင်လူမျိုးတို့၏ တိုးတက်ကြီးပွားပုံ မြင်ကွင်းအဖြစ် ဖွင့်ဖော်သတ်မှတ်ကြရမည် ဖြစ်ပါသည်။

၉။ ဖော်ပြခဲ့သော တိုးတက်ကြီးပွားပုံ မြင်ကွင်းများကို စတင်အကောင်အထည် ဖော်နိုင်ရေး အတွက် ကိုယ်ကျိုးမဖက် အနစ်နာခံ စွန့်စား ဆောင်ရွက်ကြမည့် ကရင်အမျိုးသားများကို

မျက်မှောက်ကရင်အမျိုးသာထု တစ်ရပ်လုံး
က အထူးမျှော်လင့်လျက် ရှိနေကြပြီ ဖြစ်ပါ
သည်။

ကရင်လူမျိုးတို့၏ အတိတ်ကာလနှင့် ယခုပစ္စုပ္ပန် အခြေအနေကို သုံးသပ်လျှင် အမျိုးသားတိုးတက်ရေးကိစ္စ မှန်သမျှ၌ ဘာသာရေးကိစ္စသည် နေရာယူမြဲ ဖြစ်နေသောကြောင့် လုပ်ငန်းကိစ္စများသည် ခရီးမရောက်ဘဲ ပျောက်ပျယ်သွားကြသည်က များလေသည်။ ကရင်လူမျိုးနှင့် ဘာသာရေးကို မှတ်ထိတ် ဖထိတ် ကဏ္ဍ၌ တင်ပြခဲ့သည့်အတိုင်း ဘာသာရေးသည် အမျိုးသားရေး တိုးတက်မှု လုပ်ငန်းများ၌ အယူသည်းလွှမ်းမိုးမှု မရှိအောင် အခြေခံလမ်းညွှန်ချက် အတိုင်း ရပ်တည်ဖို့ အထူးလိုအပ်နေပါသည်။

ဘာသာတရားသည် ကရင်ကို မွေးဖွားပေးသော မိဘ မဟုတ်၊ ကရင်ကသာ အမျိုးအတွက် ကောင်းကျိုးချမ်းသာ ဖြစ်စေရန် လက်ခံယုံကြည်ထားဆဲ ဖြစ်သည်။ ကရင်လူမျိုး အကျိုးအတွက် ဘာသာတရားတိုင်းက အထောက်အကူ ပေးသည်၊ ပံ့ပိုးပေးသည်ဟု ယုံကြည်လျှင် ဘာသာရေးသည် အမျိုးသားတိုးတက်ရေးကိစ္စကို လွှမ်းမိုးသွားစရာ အကြောင်း မရှိနိုင်တော့ပါ။

အမျိုးသားရေးနှင့် ဘာသာရေးကို ရောထွေးယှက်တင်

ရှုမြင်သော ကရင်အချို့သည် မိမိတို့၏ မွတ်ထိတ် ဖထိတ် အခြေခံ ဥပဒေကို သွေဖည်ရာမှ ပေါ်ပေါက်လာသော အတွေး အမြင်ဖြစ်သည်ကို ပြန်လည်ဆန်းစစ်ဖို့ လိုပါသည်။ ကရင် လူမျိုးသည် ''မိမိယုံကြည်သော ဘာသာတရားကို ကရင် လူမျိုးတို့၏ ကိုယ်ပိုင်ပစ္စည်းဥစ္စာကဲ့သို့'' ထင်မှားနေကြသည်။ ထိုအမြင်မှား အထင်မှားမှုသည် ကရင်လူမျိုးစုအတွင်း ဖြေရှင်းမရသော ဘာသာရေးပြဿနာ မြောက်မြားစွာကို ဖြစ်ပေါ်စေခဲ့သည်။ ယခုတိုင်လည်း ဖြစ်နေဆဲပင် ဖြစ်သည်။ ဘာသာရေး ပြဿနာဖြစ်နေသူများသည် ကရင်များသာ ဖြစ်သောကြောင့် ကရင်တွေသာ ဆုံးရှုံးနစ်နာကြသည်။ အမျိုးသားရေးအမြင်နှင့် တစ်မျိုးသားလုံး ကာကွယ်စောင့် ရှောက်ရေး အသိအမြင်မှ ဆိတ်သုဉ်းနေကြလျှင် တစ်မျိုး သားလုံး တိုးတက်ရန်ဟူသော မျှော်မှန်းချက်လည်း ဆိတ်သုဉ်း ပျောက်ကွယ်သွားနိုင်ပါသည်။ ဤအချက်ကို အထူး သတိပြုဖို့ လိုပါသည်။

ကရင်လူမျိုးအချင်းချင်း မည်သည့်အကြောင်းကြောင့် ဖြစ်စေ ပြဿနာကြီးငယ် ဖြစ်ရခြင်းသည်ပင် ကရင်လူမျိုး တို့၏ ပျော့ကွက် ဟာကွက် အားနည်းချက်ကို လူတကာ မြင်သိသွားအောင် အကျည်းတန် အရုပ်ဆိုး၍ တန်ဘိုးမဲ့စွာ ဖော်ပြလိုက်ရာ ရောက်ပါသည်။ ကရင်လူမျိုးတိုင်း မိမိ အမျိုးကို ချစ်ခင်မြတ်နိုးဖို့ လိုအပ်ပါသည်။ အန္တရာယ်

ကင်းအောင် ဦးဆောင်လမ်းပြဖို့ လိုနေပါသည်။

အမျိုးသားတိုးတက်ကြီးပွားရေးကို ဆောင်ရွက်လိုသူ ကရင်များသည် ဘာသာရေးပြဿနာ ဖြစ်လာမည်ကို အထူး စိုးရိမ်ကြောက်ရွံ့ကြသည်။ အမျိုးသားတိုးတက်ရေးလုပ်ငန်း၌ ဘာသာတရား၏ အခန်းကဏ္ဍကို သေချာကွဲပြားစွာ နားလည်ခြင်း မရှိသောကြောင့် မည်သို့ရပ်တည် ဆောင်ရွက် ရမည်မှာ မသေမချာ ဇဝေဇဝါ ဖြစ်နေကြသည်။ ထို့ကြောင့် ကရင်လူမျိုးကို တစ်ဘာသာထဲဖြစ်အောင် လုပ်သင့်သည် ဟူ၍ လည်းကောင်း၊ မည်သည့်ဘာသာကိုမျှ မယုံကြည်သင့် ဟူ၍လည်းကောင်း၊ ကရင်အတွက် ဘာသာအသစ် တည်ထောင်မည်ဟူ၍ လည်းကောင်း၊ အမျိုးမျိုး စီမံအားထုတ် ခဲ့ကြသည်။ အဆိုပါ စီမံအားထုတ်မှုများသည် ကရင်လူမျိုး အတွင်း ဘာသာရေးပြဿနာကို မရှောင်ကွင်းနိုင်သည် သာမက ကရင်တစ်မျိုးသားလုံးကို ဝါးအစည်းပြေသလို ဖရိုဖရဲ ပြိုကွဲစေခဲ့သောကြောင့် တိုးတက် ကြီးပွားရေးအတွက် အနှောက်အယှက်သာ ဖြစ်ခဲ့ရပါသည်။

ကရင်လူမျိုးများ ယုံကြည်ကိုးကွယ်သော ဘာသာ တရားများသည် ကရင်လူမျိုးတည်းဟူသော သက်တမ်းရှည် လှေကြီးကို လိုရာပန်းတိုင်ရောက်အောင် လှော်ခတ်ပေးနေ သော လှော်တက်များကဲ့သို့ နားလည်ထားကြရမည်။ ထို့ပြင် ဘာသာတရားများသည် ကရင်လူမျိုးတို့၏ စိတ်ဓာတ်

အင်အား အသိဉာဏ်များကို မြင့်မားတိုးတက်အောင် လုပ်ဆောင်ပေးနိုင်သော အကြောင်းတရားများဖြစ်သည်ဟူ၍လည်းကောင်း၊ ကရင်လူမျိုးကို ချစ်ခင်မြတ်နိုးသူသည် ကရင်လူမျိုးတို့၏ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားများအပေါ် တူညီသော လူမျိုးရေးစိတ်ဓာတ်ဖြင့် ရင်းနှီးချစ်ခင်စွာ ပူးပေါင်းနေထိုင်သွားရမည်ကိုလည်းကောင်း၊ ရှေးရှေးဘိုးဘွား မိဘများ လက်ခံယုံကြည်လာခဲ့သောကြောင့် မပျောက်မပျက် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် အမွေအနှစ်များအဖြစ် လည်းကောင်း၊ လူမျိုး၏ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်စေ၍ လူမျိုး၏ ဂုဏ်သိက္ခာကို ပေါ်လွင်ထင်ရှားစေသော အကြောင်းတရားများအဖြစ်လည်းကောင်း သဘောပေါက် နားလည်ထားကြရမည် ဖြစ်ပါသည်။ ဘာသာတရား၏ အခန်းကဏ္ဍကို ဖော်ပြပါအတိုင်း နားလည်လက်ခံထားလျှင် ကရင်လူမျိုးအတွင်း ဘာသာရေးပြဿနာ အနိဋ္ဌာရုံမြင်ကွင်းသည် လုံးဝချုပ်ငြိမ်းကွယ်ပျောက်သွားမည် ဖြစ်သည်။ အမျိုးသားတိုးတက်ရေးအတွက် ဆောင်ရွက်မည့်သူများလည်း ဘာသာရေးပြဿနာအတွက် စိုးရိမ်ကြောက်ရွံ့စရာ လုံးဝလိုတော့မည် မဟုတ်ပေ။



## ဘာသာတရား အင်အားအစစ်

အမျိုးသား တိုးတက်ရေး လုပ်ငန်းစဉ်များသည် တိုးတက်လာသော ခေတ်စနစ်နှင့်အညီ အမြဲမပြတ် တိုးတက် များပြားလာကြမည်မှ ယုံမှားစရာ မရှိပေ။ ထိုလုပ်ငန်း မှန်သမျှကို လုပ်ဆောင်ကြသူများသည် ဘာသာအသိ ဘာသာ အတွေးကို ဘေးဖယ်၍ သီးခြားရပ်တည်နိုင်မည် မဟုတ်ပါ။

အမျိုးသားတိုးတက်ရေးလုပ်ငန်းနှင့် ဘာသာရေး အခန်းကဏ္ဍကို မရှုပ်မထွေးစေဘဲ ရပ်တည်သွားနိုင်ရေးသည် ကရင်လူမျိုးများအတွက် အရေးပါသော အချက်ဖြစ်သည်။ ***လူမျိုး၊ လူမျိုးချစ်စိတ်၊(သို့မဟုတ် ဝံသာနုရက္ခိတစိတ်) ဘာသာတရားဟူသော အခြေခံအချက်ကြီး သုံးချက်ရှိရာ ဝံသာနုရက္ခိတစိတ် ခေါ်သော မျိုးချစ်စိတ်ကို ဗဟိုပြု၍ အခိုင် အမာဆုံးဖြစ်အောင် တည်ဆောက်ထားကြရမည်။ လူမျိုး တစ်မျိုး၏ အသက်သွေးကြောသည် လူမျိုးကိုချစ်သော ဝံသာနု ရက္ခိတ မျိုးချစ်စိတ် အပေါ်၌သာ သက်ဝင်လှုပ်ရှား နိုင်သည်။*** လူမျိုးရှိသော်လည်း လူမျိုးချစ်စိတ် မရှိလျှင် ဝံသာနု အမြင် ရှင်သန်ခြင်းမရှိလျှင် ထိုလူမျိုးအတွက် တိုးတက် ကြီးပွားရေးဟူသော မျှော်လင့်ချက်မျိုး လုံးဝမထားနိုင်၊

ဝံသာနုအမြင် ကင်းမဲ့သောလူမျိုး၏ ဘာသာတရားကိုးကွယ်မှုသည် ဘာသာရေးပြဿနာ ဖြစ်ပေါ်လာရေးကိုသာ တွန်းအားပေးနေမည် ဖြစ်ပါသည်။

ဝံသာနုရက္ခိတခေါ် မျိုးချစ်စိတ်ကို အခိုင်အမာရှင်သန်မြင့်မားအောင် တည်ဆောက်ထားလျှင် အမျိုးလည်းမြင့်မား၍ ဘာသာတရားလည်း ထွန်းကားမည်။ ဤမူလသော့ချက်ကို အမိအရ ဆုပ်ကိုင်ထားနိုင်လျှင် ဘာသာတရားနှင့် ပတ်သက်၍ စိုးရိမ်ကြောက်ရွံ့စရာ လုံးဝမရှိကြောင်းကို တွေ့မြင်ရမည်ဖြစ်သည်။ ဘာသာတရားသည် လူမျိုးကိုမှီ၍ တည်နေရသည်။ လူမျိုးသည် လူမျိုးချစ်စိတ်ကို မှီ၍နေရသည်။ ဗဟိုချက်မ နေရာ၌ တည်နေသော မျိုးချစ်စိတ်သည် အမျိုးသားရေးကိစ္စကိုရော၊ ဘာသာရေးကိစ္စကိုပါ ဆိုင်းထမ်းနည်းပမာ ထမ်းဆောင်ထားသည်ကို ကရင်အားလုံး စူးစူးစိုက်စိုက် ရှုမြင်ကြပါ။

ဗဟိုချက်မ၌ တည်နေသော ဝံသာနု မျိုးချစ်စိတ် ရှင်သန်ခိုင်မာ၍ အားကောင်းနေသမျှ ကာလပတ်လုံး လူမျိုးချင်း ပဋိပက္ခ ဘာသာရေး ပဋိပက္ခများ ချုပ်ငြိမ်းပြီးသားဖြစ်နေမည်။ သို့ရာတွင် အဆိုပါ မျိုးချစ်စိတ်သည် အမျိုးတစ်ဖက်ထဲသို့ ယိမ်းယိုင်ကိုယ်စားပြုသွားလျှင် မျိုးချစ်မျက်ကန်း ဖြစ်သွားနိုင်သလို ဘာသာတစ်ဖက်ထဲသို့ ယိမ်းယိုင်ကိုယ်စားပြုသွားလျှင်လည်း ဘာသာရေး မျက်ကန်း

သမား ဖြစ်သွားတတ်သည်ကို အထူးသတိပြုဖို့ လိုပါသည်။ ထို့ကြောင့် ဝံသာနုမျိုးချစ်စိတ်သည် အမျိုးနှင့်ဘာသာကို မျှတစွာ အချင်းချင်းအမှီပြု၍ တည့်မတ်ခိုင်မာစွာ ရပ်တည်ထားရမည်ဖြစ်သည်။

ကရင်လူမျိုးသည် ဝံသာနုမျိုးချစ်စိတ်ကို အခိုင်အမာ ကိုယ်စားပြု ဆုပ်ကိုင်၍ ဘာသာရေးကိစ္စကို အချင်းချင်း နားလည်မှု ရရှိသည်အထိ ပူးပေါင်းဖြေရှင်းကြရမည်။ ဘာသာ အချင်းချင်း ရင်းနှီးခင်မင်စွာ ပူးပေါင်း၍ တစ်မျိုးသားလုံး တိုးတက်ရေးကိစ္စကို အင်တိုက်အားတိုက် လုပ်ဆောင်ကြရမည်။ နိုင်ငံလူမျိုးနှင့် မူဝါဒမတူသော နိုင်ငံရေးသမားတို့သည်ပင် အချင်းချင်း မဟာမိတ်ဖွဲ့၍ ပူးပေါင်းနိုင်ကြသေးလျှင် လူမျိုးချင်းတူနေသော ကရင်များသည် ဘာသာတရားမတူရုံမျှဖြင့် အဘယ့်ကြောင့် မပူးပေါင်းနိုင်ဘဲ ရှိရပါမည်နည်း။ တစ်မျိုးသားလုံး တိုးတက်ရေးကို ရှေးရှု၍ ဝံသာနုကို အမှန်တကယ် လက်ကိုင်ပြုသူသည် ဘာသာရေးကဏ္ဍကို ချန်လှပ်ထားရန် မလိုအပ်ကြောင်း ထင်ရှားပါသည်။ ဘာသာရေးကဏ္ဍမပါ မရှိသော တိုးတက်ရေးလုပ်ငန်းစဉ်သည် ကရင်လူမျိုးတို့၏ တိုးတက်ကြီးပွားပုံမြင်ကွင်းကို မျှတစွာ အကျိုးသက်ရောက်စေနိုင်မည် မဟုတ်ပါ။ မျှတမှုမရှိသော လုပ်ငန်းစဉ်သည် မွတ်ထိတ် ဖထိတ်တို့၏ အခြေခံဥပဒေကို သွေဖည်သွားပြီဖြစ်၍ တာရှည်ခိုင်မြဲနိုင်မည်

မဟုတ်ပါ။ ထိုအဖြစ်မျိုးနှင့် ကြုံရခြင်းမျိုးကို ဘာသာရေးကြောင့်ဟု ဆိုမည်လော၊ ဘာသာရေးကဏ္ဍမပါသောကြောင့်ဟု ဆိုမည်လော အလေးအနက် ဆင်ခြင်ပါ။

အခိုင်အမာ ကိုယ်စားပြု ဆုပ်ကိုင်ထားရမည့် ဝံသာနုစိတ်ဓာတ်ကို အခိုင်အမာ ဆုပ်ကိုင်နိုင်ခြင်းမရှိဘဲ ဘာသာရေးကို လွဲချအပြစ်ဖို့ ဘေးဖယ်ထားလျှင် တာဝန်မဲ့လွန်းရာ၊ မိုက်မဲလွန်းရာ ရောက်ပါသည်။ ကရင်လူမျိုးတို့၏ ဘာသာရေးကဏ္ဍကို အမျိုးသားတိုးတက်ရေးလုပ်ငန်းစဉ်၌ ထည့်သွင်းသတ်မှတ်၍ စနစ်တကျ လုပ်ဆောင်ကြရမည်။ ယိုကဲ့သို့လုပ်ဆောင်ရန် ဝန်လေးနေကြလျှင် သို့မဟုတ် မလုပ်ရဲကြဘူးဆိုလျှင် ကရင်လူမျိုးတို့၏ အားနည်းချက် "သတ်ကွင်း"ကို တာဝန်မဲ့စွာ ဖော်ပြလိုက်ခြင်းသာ ဖြစ်ပါလိမ့်မည်။ အဆိုပါ အားနည်းချက် သတ်ကွင်းသည် တစ်မျိုးသားလုံး ဆုံးရှုံးနစ်နာအောင် လုပ်ဆောင်လိုသူတို့အတွက် ဟင်းလင်းပွင့်နေသော တံခါးပေါက်ကြီးအဖြစ် တည်ရှိနေလိမ့်မည်။

ကရင်လူမျိုးတို့သည် မိမိတို့၏ လူမျိုးစုအတွင်း ဘာသာရေးနှင့် ပတ်သက်သော အခန်းကဏ္ဍကို ရှင်းလင်းတိကျစွာ ရပ်တည် ပုံဖော်နိုင်ရေးအတွက် လိုအပ်သော အစီအမံများ စည်းကမ်းသတ်မှတ်ချက်များကို အခိုင်အမာ ချမှတ်ပြဋ္ဌာန်းရန် အလျင်အမြင် လိုအပ်နေသည်။ "ကရင်လူမျိုး အချင်းချင်း ဘာသာရေးပြဿနာ ဖြစ်လာနိုင်သည်"

ဟူသော အတွေးအမြင်သည်ပင် ကရင်တို့၏ အားနည်းချက်၊ ဟာကွက်၊ ပျော့ကွက် တစ်ခုဖြစ်နေပါသည်။ အမျိုးဘာသာ တိုးတက်ရေးကိစ္စများကို ဆောင်ရွက်ရာ၌ ဘာသာရေးနှင့် ပတ်သက်သော ရပ်တည်ချက်များ မရှင်းလင်းသောကြောင့် ကရင်လူမျိုးအတွင်း အစောဆုံးပေါ်ပေါက်ခဲ့သော "ဒေါ့ကလူ"ကရင်အမျိုးသား အသင်းကြီးကိုပင် ယနေ့ ကရင်လူငယ်များ မသိကြတော့ပေ။

သို့ဖြစ်၍ ကရင်လူမျိုးတို့သည် အမျိုးသားတိုးတက် ကြီးပွားပုံမြင်ကွင်းများကို လေ့လာပါ။ နှိုင်းယှဉ်ပါ။ ပုံဖော်ပါ။ တစ်မျိုးသားလုံး ခြုံငုံမိအောင် ကြည့်ရှုကြပါ။ တစ်မျိုးသား လုံး လက်ခံကျေနပ်၍ တစ်မျိုးသားလုံးအတွက် အကျိုး သက်ရောက်စေမည့် အခြေခံမှုများကို ချမှတ်ပါ။ ကရင်လူမျိုး တိုင်း၏ နှလုံးသားတွင် ကိန်းတည်နေသော ဘာသာရေး အခန်းကဏ္ဍကို ရဲဝံ့ပြတ်သားစွာ အကောင်အထည်ဖော်ပါ။ ဘာသာရေးခေါင်းဆောင်အချင်းချင်း ပူးပေါင်း၍ လိုအပ်သော ဘာသာရေးဆိုင်ရာ ရပ်တည်ချက်များ ရေးဆွဲပါ။ ဤကဲ့သို့ ဘာသာရေးအခန်းကဏ္ဍကို ပွင့်ပွင့်လင်းလင်း ထည့်သွင်းလိုက် ခြင်း၊ အကောင်အထည်ဖော်လိုက်ခြင်းသည်ပင် ကရင်လူမျိုး တို့၏ အာမခံချက်ရှိသော တိုးတက်ကြီးပွားမှုကို ကိုယ်စား ပြုရာ ရောက်ပါလိမ့်မည်။ အမျိုးသားတိုးတက်ရေးကိစ္စ၌ ဘာသာရေးကို ထည့်သွင်းရန် မဝံ့မရဲ ဖြစ်သူများသည်

ဘာသာရေးနှင့် ပတ်သက်၍ မည်သို့ရပ်တည်ရမည်ကို မသိသူများသာ ဖြစ်သည်။ လုပ်ငန်းစဉ်၌ ဘာသာရေးကို ဘေးဖယ်ချန်လှပ်ထားရုံမျှဖြင့် ဘာသာရေးကိစ္စသည် ပြီးပြတ်သွားနိုင်သော ကိစ္စမျိုး မဟုတ်သည်ကို နားလည်ဖို့ လိုပါသည်။

ထို့ကြောင့် ဘာသာရေးကို အမျိုးသားတိုးတက်ရေး လုပ်ငန်းစဉ်၌ တစ်ခန်းတစ်ကဏ္ဍ သတ်မှတ်လုပ်ဆောင်ခြင်း သည်သာ ရှင်းလင်းသော လုပ်ဆောင်မှုမျိုး ဖြစ်ပါလိမ့်မည်။ အမျိုးသား တိုးတက်ရေးလုပ်ငန်း၌ ဘာသာရေး အခန်းကဏ္ဍ ကို သီးသန့်ထည့်သွင်း မထားလျှင် ဘာသာရေးသည် ကဏ္ဍအားလုံး၌ ရောနှောပါဝင်သလို ဖြစ်နေမည်။ ဘာသာ ရေးကိစ္စသည် အခြားလူမျိုးများအတွက် အလေးအနက်ထား စဉ်းစားဝေဖန်ရမည့် ကိစ္စမျိုး မဟုတ်သော်လည်း ကရင်လူမျိုး အတွက်ကား အထူးအလေးအနက်ထား၍ စဉ်းစားဝေဖန်ရမည့် ကိစ္စဖြစ်သည်။ ကရင်လူမျိုးအတွင်း ဘာသာရေးကိစ္စ, ဘာသာရေးကဏ္ဍ, ဘာသာရေး ရပ်တည်ချက်, ဘာသာရေး လုပ်ငန်းစဉ်များကို ယနေ့ကရင်များက ရှင်းရှင်းလင်းလင်း သတ်မှတ်ပြဌာန်းပေးနိုင်ခြင်း မရှိလျှင် ဘာသာရေး ပြဿနာ များ ရှင်းလင်းသွားပြီဟု စိတ်ချလက်ချ အသိအမှတ်ပြုနိုင် ကြမည် မဟုတ်ပါ။

တစ်ချိန်ချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ကရင်

လူမျိုးအတွင်း ဘာသာရေးပြဿနာများ ဖြစ်ပေါ်လာခဲ့လျှင် ''မိမိလူမျိုးတို့၏ အနာဂတ်အရေးကို မိမိတို့ကိုယ်တိုင် အန္တရာယ်ကင်းအောင်၊ ပြေလည်ညီညွတ်အောင် ဖြေရှင်း လုပ်ဆောင်တတ်သော စွမ်းအားသတ္တိ အသိပညာ မရှိသူတွေ သာဖြစ်သည်''ဟု အသိဉာဏ်ရှိသူ နောင်လာနောက်သား များနှင့် အခြားလူမျိုးတို့၏ အပြစ်ဖို့မှုကို မလွဲမုချ ခံယူသွားကြ ရမည်ဖြစ်ပါသည်။ ထို့ပြင် ကရင်လူမျိုးတို့၏ သမိုင်းရာဇဝင် ကို လေ့လာကြမည့် သုတေသီများသည် ကရင်လူမျိုးအတွင်း ဘာသာရေးပြဿနာများ ဖြစ်ပွားခဲ့သော အနိဋ္ဌာရုံမြင်ကွင်းကို ဧကန်မုချ တွေ့ရှိကြမည်သာဖြစ်သည်။ ထိုအခါ အတိတ်တွင် ကျန်ရစ်ခဲ့ကြသော ကျွန်ုပ်တို့ကို ''အမျိုးအတွက် တာဝန်မဲ့ သော သမိုင်းတရားခံများအဖြစ်'' ရှုမြင်သွားကြမည်သာ ဖြစ်ပါသည်။

အထက်ပါ အကြောင်းများကြောင့် သမိုင်းတရားခံ အဖြစ်မှ လွတ်မြောက်၍ တစ်မျိုးသားလုံး တစ်ပြေးညီ တိုးတက်ရေးဆီသို့ ချီတက်ကြမည့် ကရင်မျိုးချစ်များသည် လူမျိုးစုအတွင်း ရှင်သန်နိုးကြားလျက်ရှိသော ဘာသာရေး အခန်းကဏ္ဍကို တိုးတက်ရေးလုပ်ငန်းများ၌ အခိုင်အမာ ထည့်သွင်းစီစဉ်ကြရမည်မှာ ယုံမှားစရာ မရှိတော့ပါ။ ဘာသာ တရားများသည် ကရင်လူမျိုးတို့၏ အင်အားအစစ်အမှန် ဖြစ်သည်။ ကရင်လူမျိုးတို့၏ ဂုဏ်သိက္ခာကို ဖော်ညွှန်းလျက်

ရှိသော ရိုးသားမှု, သစ္စာရှိမှု, စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ဖွံ့ဖြိုးမှု များကို ဘာသာတရားများက ကျားကန်ပေးထားသည်ဟု ဆိုလျှင် မည်သည့် ကရင်ကမျှ ငြင်းနိုင်ကြမည် မဟုတ်ပါ။



## ဘာသာတရားနှင့် ယဉ်ကျေးမှု

လူ့ယဉ်ကျေးမှုသည် ဘာသာတရားကို အမှီပြု၍ တိုးတက်ထွန်းကားလာသည်။ ဘာသာတရားကို အမှီမပြုသော ယဉ်ကျေးမှုမျိုး ဤကမ္ဘာ၌ မရှိနိုင်ပါ။ ဘာသာတရားများ မထွန်းကားမီက ယဉ်ကျေးမှုတွေ မရှိဘူးလား? ဟု မေးစရာ ရှိလာပါသည်။ ထိုအမေးကို ဖြေရလျှင် ယနေ့ကမ္ဘာက အသိအမှတ်ပြုထားသော ဘာသာတရားများသည် ကျောက်ခေတ်လူသားများ၌ ရှိကြမည် မဟုတ်သေးပါ။ ကျောက်ခေတ်လူသားတို့သည် ယာဇ်နတ်ပူဇော်ပသခြင်း, တောပိုင်တောင်ပိုင် တင်မြှောက်ခြင်း စသော အလေ့အထများ ရှိကြပါသည်။ ထိုအလေ့အထ ပူဇော်ပသခြင်းတို့သည်ပင် ကျောက်ခေတ်လူသားတို့၏ ဘာသာရေး ယဉ်ကျေးမှု ဖြစ်ပါသည်ဟု ဖြေဆိုရပါလိမ့်မည်။

လူသည် တစ်စုံတစ်ခုကို ယုံကြည်မြဲ ဖြစ်သည်။ ယုံကြည်မှုကို ကိုယ်နှုတ်ဖြင့် လုပ်ဆောင်ပြောဆိုလာလျှင် ထိုအရာကို ယဉ်ကျေးမှုတစ်ရပ်ဟု သတ်မှတ်ကြသည်။ ကမ္ဘာ့လူမျိုးစု အသီးသီးတို့သည် မိမိတို့၏ ယဉ်ကျေးမှု တိုးတက်မြင့်မားအောင် လုပ်ဆောင်ရာ၌ ယုံကြည်ရာ ဘာသာတရားမှ

ရရှိသော အတွေးအကြံ အသိဉာဏ်များနှင့် မွမ်းမံပေါင်းစပ်၍ လုပ်ဆောင်ရသော အစဉ်အလာရှိပါသည်။ ဥပမာ- ယဉ်ကျေးမှု ကဏ္ဍတွင် အကျုံးဝင်သော ဓမ္မသီချင်း၊ ဓမ္မစာပေများ၊ ဘာသာရေး၌ လာရှိသော အကြောင်းအရာများကို ယဉ်ကျေးမှု အနုလက်ရာတို့ဖြင့် မွမ်းမံတည်ဆောက်ထားသော ကျောင်းတော်ကြီးများနှင့် ဘာသာရေးနှင့်မကင်းသော သာရေးနာရေး၊ လူမှုရေး စသည်တို့ဖြစ်သည်။

ဖော်ပြပါ အရေးအရာများသည် ဘာသာရေးနှင့် မကင်းသော၊ ဘာသာရေးမှ ဆင်းသက် ပေါက်ဖွားလာသော ယဉ်ကျေးမှု အစဉ်အလာများ ဖြစ်သည်။ ဘာသာအသိကို မှီငြမ်းကိုးကားခြင်းမရှိ၊ အခြေခံခြင်း မရှိသော ယဉ်ကျေးမှုသည် ရင့်ကျက်သူတို့၏ဥစ္စာ အစဉ်အလာယဉ်ကျေးမှု အဆင့်သို့ ရောက်ရှိနိုင်မည် မဟုတ်ပါ။ ဘာသာတရား အထိန်းအကွပ် မရှိသော ယဉ်ကျေးမှုကို ကရင်လူမျိုးတို့၏ ယဉ်ကျေးမှုဖြစ်ရမည်ဟု ဘာသာရေးနှင့် ယဉ်ကျေးမှုကဏ္ဍကို တစ်သီးတစ်ခြား ခွဲထုတ်ရန် ကြိုးစားသူသည် တစ်မျိုးသားလုံး၏ ဂုဏ်တန်ခိုးကို ညှိုးနွမ်းအောင် လုပ်ဆောင်သူသာ ဖြစ်လိမ့်မည်။ ယဉ်ကျေးမှုကဏ္ဍကို ထောက်ဆ၍ ဘာသာရေးကဏ္ဍသည် အမျိုးသားတိုးတက်ရေးလုပ်ငန်း၌ မဖြစ်မနေ ပါဝင်စေရမည့် အခန်းကဏ္ဍဖြစ်သည်မှာ ပို၍ထင်ရှားလာပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အလယ်ဗဟို၌ အခိုင်

အမှာ တည်ဆောက်ရမည့် ဝံသာနုရက္ခိတ မျိုးချစ်စိတ်ဓာတ်ကို ပူးပေါင်းတည်ဆောက်ရင်း အမျိုးအတွက် လိုအပ်သမျှ တိုးတက်ကြီးပွားရေးကိစ္စများကို ညီညွတ်စွာ လုပ်ဆောင်ကြရန်သာ လိုပါတော့သည်။

## ပညာအရေး အားပေးကြ

"ပညာမရှိ သူ့ဩဝန်ထမ်း" သူတစ်ပါး၏ အမှုကိစ္စ ကြီးငယ်ကို သူတစ်ပါးက ခိုင်းစေသမျှ ပြုလုပ်ပေးရသူများကို အစေအပါး, အစေခံ, ကျွန် ဟုခေါ်သည်။ ကျွန်ခံခြင်း အလုပ်ကို ပညာမရှိသူများ လုပ်ကြရသည်။ မျက်မှောက်ကမ္ဘာတွင် စက်ရုံ အလုပ်ရုံများစွာတို့၌ လုပ်ကိုင်နေကြသူများကို ကျွန်,ဟုမခေါ်ကြတော့ပါ။ ယုတ်စွအဆုံး အိမ်၌ ခိုင်းစေထားသူတွေကိုပင် ကျွန်-ဟု မခေါ်ကြတော့ဘဲ အိမ်ဖော်-ဟု ခေါ်လာကြသည်။ ဝေါဟာရ အသုံးအနှုန်းကို မည်သို့ပင် ပြောင်းလွဲခေါ်ဝေါ်ကြစေကာမူ အိမ်ဖော်အလုပ်သည် အိမ်ကျွန်-အခိုင်းအစေ အလုပ်သာ ဖြစ်ပါသည်။

နိုင်ငံအသီးသီးရှိ စက်ရုံ အလုပ်ရုံများ၌ အလုပ်လုပ်နေသူများသည် အလုပ်သမားတို့၏ အခွင့်အရေး, ရပိုင်ခွင့်နစ်နာကြေး, အာမခံချက် သဘောတူချက်များဖြင့် လုပ်ကိုင်ခွင့်ရသောကြောင့် ကျွန်-ဟု သုံးနှုန်းခြင်း မပြုသည်မှာ သဘာဝကျပါသည်။ အလုပ်သမားထု၏ အခွင့်အရေးကို ရယူတောင်းဆိုနိုင်သော အဆင့်အတန်းသည်ပင် အလုပ်သမားလူတန်းစားတစ်ရပ်အနေဖြင့် ဂုဏ်သရေရှိစွာ ရပ်တည်နိုင်ကြ

ပါသည်။ မည်သို့ပင် ဂုဏ်တင်၍ ပြောဆိုစေကာမူ ပညာ မရှိသူသည် ပညာရှိသူတို့၏ အခိုင်းအစေ နေရာ၌သာ နေရာ ရကြမည် ဖြစ်ပါသည်။ ထို့ကြောင့် သူတစ်ပါး၏ ကျွန်, မဖြစ်ရေးအတွက် ပညာရေးကို အားပေးကြရမည်။

"ပညာမြင့်မှ လူမျိုးမြင့်မည်" ကရင်လူမျိုး တိုးတက် ကြီးပွားလာရေးသည် ပညာရေး၌ အဖြေတည်ပါသည်။ ကရင် လူမျိုးများ၏ လူမှုဘဝ အခြေအနေ အရပ်ရပ်ကို ပညာရေးက အဖြေပေး ဖော်ပြလျက် ရှိပါသည်။ "တစ်မျိုးသားလုံး ပညာရေး တိုးတက်မြင့်မားရမည်"ဟူသော ရည်မှန်းချက်မျိုး သည် ကရင်လူမျိုးတို့၏ အမြင့်ဆုံး ရည်မှန်းချက်ဖြစ်ရမည်။ ထိုရည်မှန်းချက် အောင်မြင်မှု, မအောင်မြင်မှုသည် ကရင် လူမျိုးတို့၏ဘဝ ဘဝအဖြေ ဖြစ်ပါလိမ့်မည်။ အစဉ်အလာ လုပ်ကိုင်လာခဲ့သော လယ်ယာ, ချောင်း, မြောင်းများ၌သာ ပျော်မွေ့နေကြသည်။ ဘိုးဘွားမိဘများ၏ လက်ငုတ် လက်ရာ ဖြစ်သည်ဆိုပြီး ထိုလုပ်ငန်းများမှ ရုန်းမထွက်လိုကြပေ။ ပညာကြောင့် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မြင့်မားလာသော ခေတ်ကို အမီမလိုက်နိုင်ကြပေ။ ကရင်အများစု အားလုံး လိုလိုပင် လယ်ယာလုပ်ငန်း တောင်ယာလုပ်ငန်းများ၌သာ ကျင်လည်နစ်မြုပ်နေကြသည်။

ဤသို့ ဖြစ်ရသည်မှာ ပညာရေးအားနည်းမှုကြောင့်ပင် ဖြစ်သည်။ ကရင်လူမျိုးအတွင်း ကျွမ်းကျင်တတ်သိပညာရှင်

များ အားနည်းနေခြင်း၊ စာပေပညာရှင်များ အားနည်းနေခြင်း၊ မြို့ပြနေသူ အရေအတွက် နည်းနေခြင်း၊ ဘာသာရေး၊ ပညာရေး ဗဟုသုတ နည်းပါးခြင်း၊ ပညာရေးနှင့် ပတ်သက်၍ အားပေးကူညီသူ နည်းပါးခြင်း၊ အားပေးလျှင်လည်း အနှောင် အဖွဲ့မကင်းသော အားပေးမှုတွေ ဖြစ်နေခြင်းတို့ကြောင့် ကရင် လူမျိုးအတွင်း ပညာရေးတိုးတက်မှု မရှိဘဲ ဖြစ်နေရသည်။ ပညာအသိ တိုးတက်မြင့်မားခြင်း မရှိသော လူမျိုးကို တိုးတက်ကြီးပွားအောင် စည်းရုံးလုပ်ဆောင်ရသည်မှာ ရည်မှန်းသလောက် ခရီးမပေါက်နိုင်ဘဲ ဖြစ်နေရသည်။ ပညာရေးအားနည်းမှု၏ အကျိုးဆက်သည် ကရင်လူမျိုး အတွင်း ဖြေရှင်းမဆုံးနိုင်သော လူမှုဘဝကို ဖြစ်ပေါ်စေ ပါသည်။

ကရင်လူမျိုးသည် မိမိတို့၏ အခြေအနေကို ပညာရေး နှင့် နှိုင်းယှဉ်သုံးသပ်မှု မရှိပေ။ ပညာရေးသည် ကရင်လူမျိုး တို့၏ အင်အားအစစ်အမှန် ဖြစ်သည်ကို ကရင်လူမျိုးတိုင်း နားလည်သဘောပေါက်ရန် လိုနေသည်။ ကရင်လူမျိုးသည် ပညာရေး ပညာရပ်တွင် အကျုံးဝင်သော ရှရှိ၊ တတ်သိ ပြီးသား ဘာသာစကားပညာရပ်များကိုပင် ထိန်းထားနိုင်စွမ်း မရှိကြပေ။ မိမိတို့၏ဘာသာစကား ဘာသာဗေဒ ပညာရပ်ကို အသိအမှတ်မပြုဘဲ ကရင်ဖြစ်လျက် ကရင်စကားကို မှန်ကန်စွာ သုံးစွဲပြောဆိုသူများပင် နည်းပါးလာကြသည်။

မိမိတို့၏ ဘာသာစကားကို မိမိတို့က အလေးထားရမှန်း မသိသော်လည်း အင်္ဂလိပ်တို့သည် ကရင်ဘာသာ, ကရင်စကားကို သဒ္ဒဗေဒနည်းလမ်းတကျ တတ်မြောက်အောင် သင်ယူပြီး ကရင်လူမျိုးကို နှစ်တရာကျော်မျှ အသုံးချနိုင်ခဲ့သည်ကို သတိထားဖို့ လိုပါသည်။ ကရင်ဘာသာ, ကရင်စကားကို ကရင်များက အလေးမထားကြသော်လည်း အင်္ဂလိပ်များက အလေးထားကြသည်မှာ သဘောပေါက်ဖို့ လိုပါသည်။ ကရင်ကို ကရင်လို မစည်းရုံးနိုင် မသိမ်းသွင်းနိုင်လျှင် ကရင်များ၏ယုံကြည်မှုကို အခိုင်အမာ ရယူဖို့ရာ မလွယ်ကူပါ။

ပညာအသိ မရှိသော, ဖွံ့ဖြိုးမှု မရှိသော ကရင်ရွာ အများအပြားမှ အမျိုးသမီး အမျိုးသားများသည် မြို့ကြီးပြကြီးရှိ လူမျိုးခြားအိမ်များ၌ အိမ်ဖော်, အစေအပါးဘဝဖြင့် ကျွန်ခံနေကြရသည်။ ရွာက မိဘတွေ ပြန်ခေါ်သည့်တိုင် ပြန်ခွင့်မရဘဲ ဖြစ်နေကြသည်။ မိဘ ဆွေမျိုးများ သေဆုံးသွားသော်လည်း ပြန်ခွင့်မရရှာကြပေ။ အဆိုပါ အိမ်အချို့သည် မိသားစုလိုက် ခရီးထွက်သောအခါ အိမ်ဖော်, အိမ်စေ ကရင်မတွေကို အိမ်ထဲမှာပင် သော့ခတ်၍ ထားခဲ့ကြသည်။

၁၉၄၈-ခု၊ ဇန်နဝါရီ ၄-ရက်နေ့ကပင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့သော်လည်း အဆိုပါ ကရင်ပညာမဲ့ လူတန်းစားများသည် ယနေ့အထိ လူမျိုးခြားအိမ် အချုပ်

ထောင်များမှ လွတ်မြောက်နိုင်ခြင်း မရှိကြသေးပါ။ အဆိုပါ ကရင်ပညာမဲ့များသည် လူဖြစ်လျက် လူ့ဘဝ အခွင့်အရေး အားလုံးကို အဆုံးရှုံးခံကာ နေကြရသည်။ တန်းတူညီမျှ ဆက်ဆံခြင်း မခံရ၊ လူစာရင်း အသွင်းမခံရဘဲ လူဖြစ်ရှုံး နေကြသည်။ အတိတ်သမိုင်း တစ်လျှောက်လုံးတွင် အင်္ဂလိပ် တို့၏ သစ္စာခံ ကျွန်ဘဝဖြင့် နေခဲ့ကြရသည်။ ယခုလည်း ပညာရှိ လူတန်းစား ဥစ္စာခနေ ကြွယ်ဝသူများ၏ ကျွန်ပြုခြင်းကို မရှုမလှခံနေကြရပြန်သည်။ ဤသို့ ကရင်အများအပြား ခံစား ကြုံတွေ့နေရသော အဖြစ်အပျက်များကို ကရင်မျိုးချစ်များ မျက်စိမှိတ်ထားရန် မသင့်ပါ။ တစ်မျိုးသားလုံး ပညာရေး တိုးတက်လာရန် အလျင်အမြန် ပူးပေါင်းလုပ်ဆောင်ကြရမည်။

သတိထားရမည့် အချက်ကို ပြောလိုပါသည်။ ကရင် လူမျိုးအချင်းချင်း စည်းရုံးသိမ်းသွင်း၍ ကျွန်ဇာတ်ခင်းနေသော ကရင်လူမျိုး ကျွန်ပွဲစားတွေ ရှိနေသည်။ ထိုကျွန်ပွဲစားများ သည် စီးပွားရေး, ပညာရေး ချွတ်ခြုံကျနေသော ကရင်ရွာ များသို့ တစ်ရွာဝင် တစ်ရွာထွက် ကျွန်သက်ရှည်ရေးအတွက် စည်းရုံးရေး ဆင်းနေကြသည်။ အသိဉာဏ်နည်းပါး၍ အယုံလွယ်သော ကရင်များသည် မိမိတို့၏သားသမီးများကို ကျွန်ပွဲစားများထံ ယုံကြည်အားကိုးစွာ အပ်နှံထည့်ပေး ကြသည်။ ကျွန်ပွဲစားများထံမှ ရရှိသော ကရင်တွေကို လူမျိုးခြားများက ကျွန်အဖြစ်သာ သတ်မှတ်ထားကြသည်။

ကရင်ကိုမြင်လျှင် အိမ်တွင် ကျွန်ခံနေသော ကရင်မနှင့် အတူပြု နှိုင်းယှဉ်ခံခဲ့ရသော အကြိမ်ရေ မနည်းတော့ပါ။ ပညာရေး, စီးပွားရေးပြည့်စုံသော ကရင်များသည် ဤကိစ္စကို အလေးအနက်ထား စဉ်းစားပြုပြင်မှုမပြုလျှင် ကျွန်ခံရသော အကျိုးဆက်များမှ ရှောင်ရှားနိုင်ကြမည် မဟုတ်ပါ။

ကရင်အမျိုးသား အမျိုးသမီးငယ်များ အိမ်တကာမှာ အိမ်စေ, အိမ်ကျွန်တွေ ဖြစ်နေရခြင်း၏ အကြောင်းရင်းကို ရှာလျှင် ပညာအသိမရှိခြင်း, ဓနအင်အားနည်းပါးခြင်း, သက်မွေးပညာ မရှိခြင်း ဟူသော အားနည်းချက်များကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်နိုင်ပါသည်။ ထို့ပြင် ဘာသာရေး အမည်ခံ အမျိုးသား ကယ်တင်ရေးအသွင် ဆောင်နေသူအချို့၏ ကျွန်ပွဲစားလုပ်ငန်းများ ကျွန်လုပ်အားခကို ထက်ဝက်ဖြတ်တောက်၍ စားသောက်နေကြသူ အမျိုးသား သစ္စာဖောက်များကြောင့်လည်း ကရင်မတွေ အိမ်စေ အိမ်ဖော် ဖြစ်နေကြရသည်။ ကရင်ကို ကျွန်ဈေးတွင်းသွင်း၍ ကျွန် လုပ်အားခကို ထက်ဝက်ဖြတ်တောက်စားသောက်နေသော လုပ်ငန်းကို ကရင်တစ်မျိုးသားလုံးက အမြစ်ပါမကျန် ပယ်လှန်ရှုတ်ချကြရမည်။ တစ်မျိုးသားလုံး၏ ဂုဏ်သိက္ခာကို ကျေမွပျက်စီးစေသော လုပ်ငန်းအပေါ် “ကရင်လူမျိုးကို ချစ်ပါသည်ဆိုသော ကရင်များ, ကရင့်ဘဝကို မြှင့်တင် လိုသော ကရင်များ”သည် အဘယ်ကြောင့် ရေငုံနှုတ်ပိတ်

လျက် ငြိမ်သက်နေကြပါသနည်း? အမျိုးသားစိတ်ဓာတ်ဖြင့် အဆိုပါ ကျွန်ဘဝသို့ ရောက်ရှိနေကြသော မိမိတို့၏ အမျိုးသားအရေးကိစ္စအတွက် အသိပညာ၊ သက်မွေးပညာများ ရရှိရန် အထူးလိုအပ်နေပြီ မဟုတ်လော၊ အသိပညာမြင့်မား လာရေးနှင့် ဘဝရပ်တည်ရေး သက်မွေးပညာတည်းဟူသော လွတ်မြောက်ရေး ထွက်ပေါက်တစ်ခုကို ရှေ့တန်းရောက် ကရင်အမျိုးသားများ အစီအစဉ်တစ်ရပ် ချမှတ်ရန် လိုအပ် နေပါပြီ။

ဖော်ပြခဲ့သော ဖြစ်စဉ်များသည် ပညာမဲ့မှု၏ အကျိုး ဆက်များ ဖြစ်ပါသည်။ ကရင်လူမျိုးအတွင်း အဆိုပါ ပညာမဲ့ အကျိုးဆက်များ ကွယ်ပျောက်ရေးအတွက် လိုအပ်သော ပညာရေးအားပေးမှု အစီအစဉ်များ ရေးဆွဲအကောင်အထည် ဖော်ရန် အလျင်အမြန်လိုအပ်နေပါသည်။ ''ပညာရှိ သတိ ဖြစ်ခဲ'' အဆိုတစ်ရပ် ရှိပါသည်။ မိမိကိုယ်တိုင်က ပညာရှိ၊ ပညာတတ်၊ ဗဟုသုတ၊ ဥစ္စာဓနပြည့်စုံကြွယ်ဝနေသော် လည်း ပညာမဲ့မှု၏ အကျိုးဆက်ပြဿနာများကို ထိရောက်စွာ ဖြေရှင်းတာဝန်ယူရန် မေ့နေတတ်ပါသည်။ ထို့ထက်ပိုဆိုး သည်မှာ သတိပေး အဆိုပြုလာသူများအပေါ် ''ဆရာကြီး လာလုပ်သည်''ဟု စွပ်စွဲပြီး တာဝန်မဲ့စွာ ပယ်ချလိုက်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ အဆက်အစပ် မမိဘဲ ချွတ်ချော်ရသော အခြေအနေမျိုးသည် ''အထင်အရှား တစ်မျိုးသားလုံးကို

ကိုယ်စားပြုနိုင်စွမ်းရှိသော ''အမျိုးသားအကျိုးပြု အဖွဲ့အစည်းများ အခိုင်အမာ မရှိသောကြောင့် ဖြစ်ပါသည်။

ပညာရေးကို အားပေးထောက်ပံ့သော အဖွဲ့အစည်းများ ကရင်လူမျိုးစုအတွင်း အရေးတကြီး လိုအပ်နေပါသည်။ ပညာရေးသည် ကရင်လူမျိုးများ တိုးတက်ကြီးပွားရန် အရေးပေါ်ထွက်ပေါက် ဖြစ်ပါသည်။ အမျိုးသားတိုးတက်ကြီးပွားရေးကို ဆောင်ရွက်ကြမည်ဆိုလျှင် ပညာရေး အားပေးမြှင့်တင်မှုကို အဓိကထား စဉ်းစားဆောင်ရွက်ရမည်။ ကရင်လူမျိုးအတွင်း အားပေးမြှင့်တင်မည့် ပညာရေးသည် နယ်ပယ်ကန့်သတ်မှု မရှိသော ကျယ်ပြန့်မှုမျိုး ရှိရပါလိမ့်မည်။



# ဝိဇ္ဇာ နှင့် သိပ္ပံ

ဤကမ္ဘာ၌ ပညာရပ်အမျိုးမျိုး ရှိသော်လည်း အချုပ်အားဖြင့် ဝိဇ္ဇာပညာနှင့် သိပ္ပံပညာ နှစ်မျိုးသာ ရှိပါသည်။ ထိုနှစ်မျိုးတို့တွင် ဝိဇ္ဇာပညာသည် ရှေးကျ၍ သိပ္ပံပညာကို မွေးဖွားဖြစ်ပေါ်စေခဲ့သည်။ ဝိဇ္ဇာပညာသည် သိမ်မွေ့နက်နဲ၍ စိတ်ထဲကသာ သိရှိနားလည်နိုင်သော အခြေအနေများနှင့် ထိတွေ့စမ်းသပ်၍ မရနိုင်သော အခြေအနေများ ပါဝင်သည်။ သိပ္ပံပညာသည် ဝိဇ္ဇာပညာရပ်၏ အကျိုးဆက်သာဖြစ်သည်။ အကျိုးသက်ရောက်ပုံ ထင်ရှားပေါ်လွင်မှု အနည်းအများကို ထောက်ဆ၍ ဝိဇ္ဇာသိပ္ပံခွဲသော်လည်း အမှန်စင်စစ် ဝိဇ္ဇာပညာချည်းသာ ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် သိပ္ပံက ဝိဇ္ဇာကို လွှမ်းမိုးထားသည် ထင်ရသော်လည်း ဝိဇ္ဇာပညာကသာ သိပ္ပံပညာကို ထိန်းသိမ်းကွပ်ကဲနေရသည်။ ဝိဇ္ဇာပညာ၏ ထိန်းသိမ်းကွပ်ကဲမှုအောက်မှ လွတ်ထွက်သွားသော သိပ္ပံပညာသည် လောကကောင်းကျိုးထက် ဆိုးကျိုးဘက်သို့သာ ဦးတည်သွားမည်ဖြစ်သည်။ လောကကောင်းကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို သည်ပိုးရာ၌ ပညာရပ်နှစ်မျိုးလုံးသည် အချိုးကျစွာ

ပူးပေါင်းပါဝင်နေကြသည်မှာ ထင်ရှားလှပါသည်။

**ကရင်လူမျိုးများအနေဖြင့် ဝိဇ္ဇာသိပ္ပံ ပညာရပ်နှစ်မျိုးလုံးကို ကျွမ်းကျင်တတ်မြောက်၍ အမျိုးသားအကျိုးကို ထိရောက်အောင်မြင်စွာ သည်ပိုးနိုင်ရေးသည် အမျိုးသားပညာရေးပန်းတိုင် ဖြစ်ရပေမည်။** အမျိုးသားတိုးတက်ကြီးပွားရေးအတွက် အကျိုးသက်ရောက်စေနိုင်သော ပညာရပ်အားလုံး သင်္ခန်းစာအားလုံးကို ကရင်လူမျိုးတို့၏ ပညာရေးအဖြစ် အသိအမှတ်ပြု လက်ခံထားကြရမည်။ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ စာပေယဉ်ကျေးမှုစသော အရေးများစွာကဏ္ဍအားလုံးတို့သည် အမျိုးသားတိုးတက်ရေး၌ အချိုးကျစွာပေါင်းစပ်ပါဝင်ရသည်ကို အကြွင်းမဲ့ ယုံကြည်ပြီးသားဖြစ်နေရမည်။

ဖော်ပြပါ အရေးအားလုံးတို့သည် ပညာရေး၌ အကျုံးဝင် အခြေပြုထားသော အရေးများပင် ဖြစ်သည်။ ဤအရေးကဏ္ဍများ၌ ကျွမ်းကျင်တတ်မြောက်ရန် သက်ဆိုင်ရာဌာန အသီးသီး၌ လေ့လာသင်ကြားနေကြ (ပို့ချပေးနေကြ)သော ကရင်အမျိုးသား အမျိုးသမီးများကို ကရင်တစ်မျိုးသားလုံး ကိုယ်စားပြုထားသော အဖွဲ့အစည်းများက အားပေးထောက်ပံ့ သွားကြရမည် ဖြစ်ပါသည်။

ဤနေရာ၌ အထူးပြု ရှင်းချက်ပေးရမည့် အရေးကိစ္စမှာ ဘာသာရေးကိစ္စပင်ဖြစ်သည်။ ဘာသာရေးသည် ကရင်တစ်မျိုးသားလုံး သင်ကြားတတ်မြောက်ထားရမည့် ပညာရပ်ဖြစ်သည်။ ထိုအချက်ကို ကရင်လူထုကြီးက သိရှိလက်ခံရမည့်အချိန်သို့ ရောက်နေပါပြီ။ သို့ပါလျက် ကရင်လူမျိုးသည် ဘာသာရေးကို ပညာရပ်တစ်ခုအဖြစ် လည်းကောင်း၊ သိပ္ပံနည်းစာတစ်ရပ်အဖြစ် လည်းကောင်း အသိအမှတ်ပြုရန် ဝန်လေးနေကြသည်။ တွေဝေနေကြသည်။ ဝေဝါးနေကြသည်။ ဤသို့ဖြစ်နေခြင်းသည်ပင် ဘာသာရေးအပေါ် ကရင်တို့၏ အတွေးအမြင် ကြည်လင်ပြတ်သားမှုမရှိဘဲ ရှုတ်ထွေးဝေဝါးနေဆဲရှိသည်ကို ဖော်ပြနေပါသည်။ တိုးတက်နေသော ခေတ်နှင့်အညီ တစ်မျိုးသားလုံး တိုးတက်ကြီးပွားရန် လုပ်ဆောင်ရမည်ဟု ကြွေးကြော်နေသော်လည်း ဘာသာရေးကို ပညာရပ်တစ်ခုအဖြစ် သိမြင်တတ်သော အဆင့်အတန်း မရှိသေးသည်မှာ ကရင်လူမျိုးတို့၏ ကြီးမားသော အားနည်းချက်ကြီး တစ်ခုဖြစ်နေပါသည်။ ထိုအားနည်းချက်ကို အမျိုးသား အကျိုးပြုရေး အမြင်ဖြင့် အလျင်အမြန် ဖြည့်စွက်ပြုပြင်ရပေမည်။ ကျွန်ုပ်တို့သည် ကရင်လူမျိုးတို့ ပညာရေး၌ ဘာသာရေး ပညာရပ် အခန်းကဏ္ဍကို ချန်လှပ်ထားခဲ့လျှင် သမိုင်းနောက်ခံ ဖြစ်ရပ်မှန်များကို သိက္ခာမဲ့စွာ ဖုံးကွယ်ထားသူများ ဖြစ်သွားကြပါလိမ့်မည်။

ကရင်လူမျိုးတို့၏ ပညာရေး၌ ဘာသာရေးဆိုင်ရာ ပညာရပ်များကို ဘေးဖယ်ချောင်ထိုးထားခဲ့လျှင် ကရင်တို့၏ ဘဝသည် ထွက်ပေါက်မရှိ ချောင်ပိတ်မိနေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကရင်လူမျိုးတို့၏ ပညာရေး၌ ဝိဇ္ဇာသိပ္ပံပညာရပ်များကို မူကြိုမှ တက္ကသိုလ်အထိ ဟူ၍လည်းကောင်း, ဘာသာရေးဆိုင်ရာပညာရပ်များသည် ဘာသာရေးကိစ္စသာ ဖြစ်၍ ပညာရေး၌ အကျုံးမဝင်စေရ ဟူ၍လည်းကောင်း အလွန်ကျဉ်းမြောင်းတိုတောင်းစွာ ကန့်သတ်မထားသင့်ပေ။ ကရင်လူမျိုးတို့၏ ပညာရေးနယ်နိမိတ်ကို ထိုအတိုင်း ဘောင်ခတ်ထားလျှင် ကရင်လူမျိုးတို့၏ အသိဉာဏ်ဦးနှောက်ကို ထောင်သွင်း အကျဉ်းချထားသည်နှင့် ဘာမှ ထူးခြားမည် မဟုတ်တော့ပေ။

ကရင်တစ်မျိုးသားလုံး ပညာရည်တိုးတက်မြင့်မားရေးကို တစ်မျိုးသားလုံးက ပူးပေါင်းပါဝင်ပေးရမည်။ သို့မဟုတ် တစ်မျိုးသားလုံးကို ကိုယ်စားပြုထားသော အဖွဲ့အစည်းက လုပ်ဆောင်သွားရမည် ဖြစ်သည်။ ပညာရေးကဏ္ဍ၌ အားပေးမြှင့်တင်သွားရမည့် "အမျိုးသား ပညာရေးနယ်မြေ" ကို--

၁။ မူကြိုမှ တက္ကသိုလ်ဘွဲ့ တစ်ခုခု ရရှိသည် အထိ ပညာသင်ကြားနေသူများ။

၂။ ဗုဒ္ဓဘာသာ, ဗရင်ဂျီဘာသာ, ခရစ်ယန် ဘာသာဝင်တို့၏ ကျောင်းတိုက်အသီးသီးရှိ

ဘာသာရေးဆိုင်ရာပညာရပ်များ သင်ကြား လေ့လာ နေသူများ။

၃။ အမျိုးသားတိုးတက်မှုကို အကျိုးပြုနိုင်သော (စက်မှုလက်မှုစသော)ပညာရပ် တစ်မျိုးမျိုး ကို လေ့လာသင်ကြားနေသူများ။

ဟူ၍ ယေဘုယျအားဖြင့် သတ်မှတ်နိုင်ပါသည်။ အမှတ်(၂) ထောက်ပံ့ခံနယ်မြေသည် ကရင်အမျိုးသားတို့၏ အကျိုးကို ဦးဆောင်သည်ပိုးရာ၌ ထင်ရှားသော ပညာနယ်မြေတစ်ခု ဖြစ်သည်ကို မည်သူမျှ မငြင်းနိုင်ကြပါ။ ကရင့် အကျိုးကို သည်ပိုးနေသော အဆိုပါ အမှတ်(၂)အမျိုးသား ပညာရေး နယ်မြေရှိ ဘာသာရေးပညာရှင်, ဘာသာရေး ပညာသင်တို့၏ ပညာရေးကိစ္စကို ကရင်အမျိုးသားတို့သည် အထူး အလေးထား၍ အားပေးထောက်ပံ့သွားကြရမည် ဖြစ်ပါသည်။

အမျိုးသားပညာရေး တိုးတက်ရန် ပူးပေါင်းလုပ် ဆောင်ကြရာ၌ ကရင်လူမျိုးအတွင်း ဘာသာမတူသော အချက် ကို "အမျိုးသားအကျိုးအောင်မြင်စွာ သည်ပိုးနိုင်ရေး" ဟူသော ပညာရေးရည်မှန်းချက်ဖြင့် မျှတစွာ လက်ခံ ကျေနပ်ကြရမည် ဖြစ်ပါသည်။ အမှတ်(၁)အမျိုးသား ပညာရေးနယ်မြေမှ အများဆုံး ပေါ်ထွက်လာမည့် လူမှုရေး, စီးပွားရေး, ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ အမှတ်(၂)

အမျိုးသားပညာရေးနယ်မြေမှ ပေါ်ထွက်လာမည့် ဘာသာရေးဆိုင်ရာ ပညာရှင်များနှင့် အမှတ်(၃)အမျိုးသား ပညာရေးနယ်မြေမှ ပေါ်ထွက်လာမည့် လုပ်ငန်းကျွမ်းကျင် ပညာရှင်များသည် နို့နှင့်ရေ ရောထားသကဲ့သို့ အတူတကွ ပူးပေါင်းကြ၍ အမျိုးသားတိုးတက်ကြီးပွားရေးကိစ္စကို လုပ်ဆောင်နိုင်ကြပြီဆိုလျှင် ကရင်လူမျိုးတို့၏ အနာဂတ် ရွှေခေတ်ကားမဝေးတော့ပါဟု တင်ပြရင်း ကရင်အမျိုးသားများနှင့် ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို ဤမျှဖြင့် နိဂုံးချုပ်လိုက်ရပါသည်။

# ညီညွတ်ရေးကို ရှေးရှုသော ဘာသာရေး သုံးသပ် ရပ်တည်ချက်များ

ငါတို့အား မွေးဖွားပေးခဲ့သော မိခင်များသည် ဘာသာတရား တစ်မျိုးမျိုးကို ယုံကြည်လက်ခံထားပြီး ဖြစ်သည်။ ဘာသာတရားများသည် ငါတို့ထက်အလွန် ရှေးကျစွာကပင် ဘိုးဘွားမိဘတို့၏ အားထားယုံကြည်ရာ ဖြစ်ခဲ့သည်။

ငါတို့အား မွေးဖွားပေးခဲ့သော မိခင်များသည် ခရစ်ယန်ဘာသာဝင်ဖြစ်ခဲ့လျှင် ငါတို့လည်း ခရစ်ယန် ဘာသာဝင် ဖြစ်ကြမည်။ ဗုဒ္ဓဘာသာ, ဗရင်ဂျီဘာသာ, မွတ်စလင်ဘာသာ ဖြစ်ခဲ့လျှင်လည်း မိခင်ယုံကြည်ပြီးသား ဘာသာတရားကိုပင် ငါတို့ယုံကြည်လက်ခံကြလိမ့်မည်။

ငါတို့၏ မိခင်များသည် ငါတို့အား ချစ်ခင်မြတ်နိုး သကဲ့သို့ ငါတို့သည်လည်း မိခင်များကို ချစ်ခင်မြတ်နိုး ပါသည်။ ထို့ပြင် ငါတို့၏ မိခင်များက လေးစားယုံကြည်စွာ လက်ခံလာသော ဘာသာတရားကိုပါ စဉ်ဆက်မပြတ် ယုံကြည် လက်ခံသွားရန် ငါတို့မှာ တာဝန်အပြည့်အဝ

ရှိပါသည်။ ထိုကဲ့သို့ တာဝန်အပြည့်အဝ ရှိနေသည်ကို ငါတို့ ကိုယ်တိုင် သိရှိလက်ခံပြီးသား ဖြစ်ရပါမည်။

ငါတို့သည် မိခင်တစ်ဦးက မွေးဖွားထားသော သားသမီးတွေ မဟုတ်ကြပါ။ ယုံကြည်ရာ ဘာသာမတူကြသော မိခင်အသီးသီးက မွေးဖွားပေးလာကြသူများဖြစ်၍ ဘာသာတရားများလည်း အသီးသီးကွဲပြားနေကြမည်သာ ဖြစ်ပါသည် ဤဘာသာ ကွဲပြားရခြင်းသည် မွေးဖွားလာကြသော ငါတို့နှင့် လုံးဝမသက်ဆိုင်သကဲ့သို့ ငါတို့၏ အစီအမံများလည်း လုံးဝပါဝင်ခြင်း မရှိသည်ကို ငါတို့ကိုယ်တိုင် သိမြင်နားလည်ပြီးသား ဖြစ်ရပါမည်။

ငါတို့၌ ကွဲပြားနေသော ယုံကြည်သက်ဝင်မှုများကို ထပ်တူဖြစ်အောင် တစ်မျိုးတည်းဖြစ်သွားအောင် လုပ်ဆောင်ဖို့ဆိုသည်မှာ ဖြစ်နိုင်စရာအကြောင်း လုံးဝမရှိသော အလုပ်မျိုးသာ ဖြစ်သည်။ လုံးလုံး မဖြစ်နိုင်သော အလုပ်မျိုးကို လုံးဝမလုပ်ဘဲ ယုံကြည်လက်ခံဆဲဖြစ်သော ဘာသာထဲ၌သာ အခိုင်အမာ ရပ်တည်နေကြရမည် ဖြစ်ပါသည်။

ငါတို့ယုံကြည် လက်ခံထားသော ဘာသာတရားနှင့် ဘာသာဝင်တို့၏ အကျိုးစီးပွားများကို သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များက နည်းညွှန်လမ်းပြ ပံ့ပိုးသွားကြရန် တာဝန်ရှိပါသည်။ ထိုတာဝန်ကို သည်ပိုးရာ၌

"မိမိယုံကြည်ရပ်တည်ထားသော ဘာသာတရားထဲသို့ တစ်ခြား ဘာသာဝင်များ ကူးပြောင်းဝင်ရောက်လာစေရေး" ဟူသော အတွေးအမြင်သည် ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသည့်အပြင် မလိုလားအပ်သော အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်ဟု သိမြင်နားလည်ထားသူများ ဖြစ်ရပါမည်။

စည်းလုံးညီညွတ်မှုကို တည်ဆောက်ရာ၌ အိမ်တွင်းမိသားစုမှ စတင်ရပါသည်။ ထိုမှတစ်ဆင့် အိမ်နီးချင်းများ၊ မိမိရပ်ရွာ မိမိပတ်ဝန်းကျင်များသို့ ဆင့်ပွားလုပ်ဆောင်သွားရမြဲ ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာ၌ အဖေက ဗုဒ္ဓဘာသာ၊ အမေက ခရစ်ယာန် တနင်္ဂနွေ၊ သားက စနေ၊ သမီးက မူဆလင် ဖြစ်နေလျှင် အိမ်တွင်းစည်းလုံးညီညွတ်မှုကိုပင် တည်ဆောက်နိုင်မည် မဟုတ်ပါ။ ဤအခြေအနေမျိုးသည် ကရင်လူထု မိသားစုများအတွင်း၌ အများဆုံးမြင်တွေ့နေရသော အခြေအနေဖြစ်ပါသည်။ မိသားစု တစ်စုတည်းဖြစ်ပါလျက် ခေါင်းဆောင်မိဘများ၏ ဘာသာတရားအရိပ်အာဝါသမှ ထွက်ခွာလိုက်ခြင်းသည် ကရင်လူမျိုးများအတွက် ကောင်းမွန်သော လက္ခဏာ မဟုတ်ကြောင်း ဓမ္မဒိဋ္ဌာန်ကျစွာ လက်ခံကြရပါမည်။

ငါတို့ ယုံကြည်လက်ခံထားသော ဘာသာတရားများသည် ငါတို့အထံသို့ အလိုအလျောက် ရောက်ရှိလာကြသည်

မဟုတ်ပါ။ ငါတို့၏ ဘိုးဘွားမိဘ အစဉ်အဆက်က ယုံကြည် လက်ခံ၍ ယူဆောင်လာခဲ့သောကြောင့်သာ ငါတို့အထံသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ဘိုးဘွားမိဘများ ယုံကြည် လက်ခံလာသော ဘာသာတရားများ၌ ငါတို့ဘိုးဘွားများ၏ အရှိန်အဝါ ဂုဏ်သတ္တိများ ပူးပေါင်းပါဝင်လျက် ရှိသည်ကို အလေးအနက် အသိအမှတ်ပြုရမည်။ တလေးတစား တန်ဖိုး ထားကြရမည် ဖြစ်ပါသည်။

ဘာသာဝင်တစ်ဦးတစ်ယောက်ကို ယုံကြည်လက်ခံဆဲ ဘာသာထဲက ဆွဲထုတ်၍ ဘာသာသစ်တစ်ခုဆီသို့ တွန်းပို့ သော လုပ်ငန်းမျိုးသည် တွန်းပို့ခံရသူ ကာယကံရှင်အား ၄င်း၏ ဘိုးဘွားမိဘအဆက်ဆက်က ပါလာခဲ့သော ဘာသာရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ဘိုးဘွားမိဘတို့၏ အရှိန်အဝါ ဂုဏ်သတ္တိများစွာမှ ဖယ်ရှားပစ်ပယ်စေခြင်းပင် ဖြစ်သည်။ ထို့ပြင် အဆိုပါ ကာယကံရှင်အား ၄င်း၏ ပတ်ဝန်းကျင် အသိုက်အဝန်းကို ကျောခိုင်းစေရာ ရောက်သော ကြောင့် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ရာ၌ ကြီးစွာသော အနှောက်အယှက် ဖြစ်သည်ကို လက်ခံရပ်တည် ကြရမည် ဖြစ်ပါသည်။

ဖော်ပြခဲ့သော သုံးသပ်ရပ်တည်ချက်များကို မူတည်၍ "ကရင်တစ်မျိုးသားလုံး လိုက်နာကျင့်သုံးရန် စည်းကမ်းချက် များ"ကို ထုတ်ပြန်အပ်ပါသည်။ ဤစည်းကမ်းချက်များသည်

အမျိုးသားတိုးတက်ရေးဆီ ဦးတည်ရာ၌ အကျိုးသက်ရောက်မှု ရှိသည်ဟု အခိုင်အမာ ယုံကြည်၍ ထုတ်ပြန်ခြင်း ဖြစ်ပါသည်။ ဤစည်းကမ်းနှင့် ပတ်သက်၍ မည်သူမဆို ဝေဖန်ဖြည့်စွက်နိုင်သည်။ ညှိနှိုင်းဆွေးနွေးနိုင်သည်။ သို့ဖြစ်၍ တရားသေချမှတ်သော စည်းကမ်းမဟုတ်ကြောင်း သိစေအပ်ပါသည်။

## ကရင်တစ်မျိုးသားလုံး လိုက် နာကျင့်သုံးရန် စည်းကမ်း

၁။ အစဉ်အဆက် ယုံကြည်လက်ခံပြီးသား ဘာသာတရားများကို အစဉ်အလာမပျက် လွတ်လပ်စွာ ယုံကြည်လက်ခံသွားကြရန်။

၂။ ဝံသာနုရက္ခိတ မျိုးချစ်စိတ်ကို အခိုင်အမာ တည်ဆောက်၍ ဘာသာရေးအရ မတူညီသော အချက်များကို ကရင်လူမျိုးအချင်းချင်း အပြန်အလှန် နားလည်မှု ရယူပြီး နှစ်ဦးနှစ်ဖက် အလေးအနက် အသိအမှတ် ပြုကြရန်။

၃။ ကရင်လူမျိုးတိုင်း ကရင်လူမျိုးတို့၏ ယုံကြည်ကိုးကွယ်ရာ ဘာသာတရားကို လေးလေးစားစား အသိအမှတ် ပြုထားကြရန်။

၄။ အမျိုးသား တိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုသော မည်သည့် လုပ်ငန်းကိစ္စမျိုးမှာမဆို ဘာသာဝင်အားလုံး ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်သွားကြရန်။

၅။ ဘာသာမတူသော ကရင်လူမျိုးစု၏ တိုးတက်ဖွံ့ဖြိုး


မှုကို ကရင်တစ်မျိုးသားလုံး၏ တိုးတက်ဖွံ့ဖြိုးမှုအဖြစ် ရှုမြင်၍ အပြန်အလှန် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်။

၆။ ဘာသာတူ၊ မတူ ကရင်အားလုံး စည်းလုံးညီညွတ်စေရေးအတွက် လိုအပ်သော အဖွဲ့အစည်းများ တည်ထောင်သွားကြရန်။

၇။ ဘာသာကူးပြောင်းမှုနှင့် ပတ်သက်၍ နောက်ဆက်တွဲပြဿနာဖြစ်ရခြင်းများကို ရှောင်ရှားနိုင်ကြရန်အတွက် မိဘအုပ်ထိန်းသူတို့၏ သဘောတူခွင့်ပြုချက်ကို ရယူပြီးမှသာ ဘာသာကူးပြောင်းခွင့်ပြုပေးကြရန်။

၈။ ဘာသာကူးပြောင်းရေး၌ အရေးပါသော ဘာသာရေးခေါင်းဆောင်များက လိုအပ်သော စည်းကမ်းချက်များ ထုတ်ပြန်ထားကြရန်။

၉။ ဘာသာမတူသော ကရင်လူမျိုးများသည် အချင်းချင်းပေါင်းသင်းဆက်ဆံကြရာ၌ မတူညီသော ထုံးတမ်းစဉ်လာများကို နှစ်ဦးနှစ်ဖက် အပြန်အလှန် နားလည်မှုပေးကာ စည်းလုံးညီညွတ်သွားကြရန် ဖြစ်ပါသည်။



- ဤစာတမ်းငယ်သည် ကရင်လူမျိုးအတွင်းဖြစ်ပျက်နေသောအခြေအနေမှန်များကို အရှိတိုင်းဖော်ပြထားသည်။
- အဂတိ၊ ဘက်လိုက်ခြင်းမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျရေးကိုဦးတည်သည်။
- အထူးသဖြင့် ဘာသာရေးပဋိပက္ခကင်းရှင်း၍ ငြိမ်းချမ်းတိုးတက်ရေးဆီ ဦးတည်ထားသည်။
- သို့ဖြစ်၍ ကရင်လူမျိုးများအနေဖြင့် ဤစာတန်းပါအကြောင်းအရာများအပေါ်လေ့လာသုံးသပ်၍ ပြုပြင်သင့်သည်ကို ပြုပြင်နိုင်ကြမည်ဆိုလျှင် အမျိုးသားအကျိုးကို သယ်ပိုးခွင့်ရသည်ဟုခံယူပါသည်။

Desing : Kler Htoo